www.burmeseclassic.com

တက်စွမ်းတိုင်
စာအုပ်တိုက်

ညွန့်ထားထား
(ဆေးတက္ကသိုလ်)

ချစ်ရင်းနှီးမှာ
ပြင်ဆင်ခင်းကျိုးများသော

# ညာဘက်ကွေ့ရင်ကွဲ

တစ်ခေါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

“တားမြစ်ထားတဲ့ သစ်သီးဟာ

ပိုပြီးချိုမြိန်တတ်သလား...

အဲ့ဒါဆိုရင်

တားမြစ်ထားတဲ့ အချစ်ကရော

ပိုပြီး ချိုမြိန်တတ်သလား...”



# လှိုင်ဝါထားထား

ဆေးစာကူညီ

# ချိုကန်းမှု
# ပြင်ဆင်ခင်းကျင်းထားသော
# ဝါကျရင်ခွဲ
# တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၀၂၉၂၀၄၁၂
စာမူခွင့်ပြုအမှတ်
၅၀၀၁၃၄၀၂၁၂
မျက်နှာဖုံးဒီဇိုင်း
နေမျိုးဆေး
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
မေလ၊ ၂၀၁၂-ပထမအကြိမ်

**ဒို့အရေး အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်... ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြ... များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေ...

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ...
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆော...
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်... တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှု... ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုး... တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား... ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ... တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး... လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်...
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

လွှမ်းထားထား (ဆေးတက္ကသိုလ်) ခမ်းနားစွာပြင်ဆင်ခင်းကျင်းထားသောဝတ်ကျင်ရဲ့တစ်နေရာ
လွှမ်းထားထား၊ ဆေးတက္ကသိုလ်၊ - ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၁
၂၄ ... ၁၂ . ၀၀ × ၁၈ ၈ ခင်တီ
(၁) ခမ်းနားစွာပြင်ဆင်ခင်းကျင်းထားသောဝတ်ကျင်ရဲ့တစ်နေရာ



# ပြည့်လင်း ဗီဇင်ထျာစေသည်....

**တံခွန်တိုင်** စာအုပ်တိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၈၂၂

www.burmeseclassic.com

www.burmeseclassic.com

**အမှတ်တရမှတ်တမ်း**

ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်းအရှိဆုံးသော
အဖေနဲ့ အမေ...၊
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေး
အမှတ်တရ မှတ်တမ်းတင်လျှက်.

လွှန်းထားထား (ဆေးတက္ကသို

BURMESE CLASSIC .com

# ခမ်းနားစွာ
# ပြင်ဆင်ခင်းကျင်းထားသော
# ဝဲဘက်ရင်ရဲ့ တစ်နေရာ

**လွှန်းထားထား**

(ဆေးတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# ပြင်းပြင်းရှရှ…ခံစားမှု

## အချစ်လုံးချင်း ဝတ္ထုသစ်





www.burmeseclassic.com

www.burmeseclassic.com

"တားမြစ်ထားတဲ့

သစ်သီးဟာ

ပိုပြီးရှိုမြိန်တတ်သလား

အဲဒါဆိုရင်

တားမြစ်ထားတဲ့

အချစ်ကရော

ပိုပြီးဖြားယောင်းတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း — ၁



www.burmeseclassic.com

www.burmeseclassic.com

"တားမြစ်ထားတဲ့

သစ်သီးဟာ

ပိုပြီးချိုမြိန်တတ်သလား

အဲဒါဆိုရင်

တားမြစ်ထားတဲ့

အချစ်ကရော

ပိုပြီးဖြားယောင်းတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . ၁

လူတစ်ယောက်ကို အမှတ်တမဲ့ တစ်ကြိမ်တစ်ခါ ဆုံစည်းမိခြင်းသည် ဘာမှမထူးဆန်းပါ။ ဘယ်လိုပုံစံမျိုးနဲ့ပဲ ဆုံတွေ့ဆုံတွေ့ ခဏအကြာမှာ အာရုံမှတ်ဉာဏ်ထဲကနေ အလိုအလျောက် ပျောက်ကွယ်မေ့လျော့သွားမြဲ။ ထိုသူနှင့် ပတ်သက်ပြီး ဘာမှ ကျန်ရစ်ခဲ့စရာ အကြောင်းမရှိ . . .။ အဲ . . . ဒါပေမယ့် ဒီလူတစ်ယောက်ကိုပဲ တစ်လအတွင်းမှာ သုံးကြိမ်တိတိ ထူးခြားသော၊ ပြောစမှတ်ပြုစရာ . . . အဖြစ်အပျက်တွေနှင့်ချည်း ဆုံတွေ့မိလာသောအခါ ဒါကို တိုက်ဆိုင်မှု . . . ဟု အမည်တပ်ရပါတော့မည်။ ပြီးတော့ ထိုသူနှင့် ပတ်သက်ပြီး တစ်စုံကစ်ရာတော့ ကျန်ရစ်ခဲ့ရမည်။ မှတ်ဉာဏ်ထဲမှာ . . . အလွယ်တကူ . . . မမေ့တော့ဘဲ စွဲထင်ကျန်ရစ်ခဲ့ခြင်းသည် ထူးဆန်းမှု တစ်ခု ဖြစ်ပါလိမ့်မည်။

ဏဏဏဏဏ



ဟံသာဝတီ ... တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



# ပထမဆုံစည်းမှု

မိုးရွာထားပြီးစ ဖြစ်သောကြောင့် ချိုင့်ခွက်တွေများသော လမ်းမပေါ်မှာ ဖျူဆွတ်ဖွေးလျှနေအောင် ကိုယ်တိုင်တိုက်ချွတ်ဆေးကြောထားခဲ့သော ကားကလေးကို ရွှံ့မစင်အောင် မောင်းဖို့ဆိုတာ တကယ်မလွယ်ပါ။ မယ်ရှား တစ်ယောက် သတိကြီးစွာ ကားမောင်းနေသည့်ကြားမှ ရောမချိုင့်ခွက်တစ်ခုကို ရှောင်ရင်းကနေ တခြားတစ်ဖက်ရှိ ရွှံ့ဗွက်အိုင်ထဲဖြတ်နင်းမိကာ ရွှံ့ဗွက်တွေ ဖွားခနဲ မြောက်တက်သွားသည်။

"အား . . . သွားပါပြီကွာ"

ဟု ရှုံ့မဲ့စွာအော်ရင်း . . . ကားလမ်းဘေးမှာ ခုန်လည်းမရှောင်ဘဲ ကျောက်ရုပ်ကြီးတစ်ရုပ်လို ရွှံ့ဗွက်စင်တာကို ဒီအတိုင်း ငြိမ်ခံပြီး ရပ်ကျန်ခဲ့သော လူတစ်ယောက်ကို နောက်ကြည့်မှန်ကနေတဆင့် . . . မယ်ရှား မြင်လိုက်ရပါ၏။ ကားက တော်တော်လေး ကျော်လာခဲ့ပြီ။ မဖြစ်ပါဘူးလေ . . .။ နောက်ဆုတ်ပြီးတော့ ပြန်တောင်းပန်မှပါ။ ကားမောင်းပြီး မယဉ်ကျေးသူတစ်ယောက် မယ်ရှားမဖြစ်ချင်ပါ။ ထို့ကြောင့် ကားကို နောက်ပြန် ဆုတ်လာခဲ့သည်။ အဲဒီတော့ ခုနက နင်းခဲ့မိပြီးသား ရွှံ့ဗွက်အိုင်ကိုပဲ နောက်တစ်ကြိမ် ပြန်ဖြတ်နင်းမိပြန်ကာ ပထမနေရာကနေ ရှောင်ဖယ်မသွားသေးဘဲ ဒီအတိုင်း ထုံပေပေကြီးရပ်နေခဲ့သော ထိုလူကိုပဲ ဒုတိယအကြိမ် ဗွက်စင်ပြန်လေသည်။ အဲဒါကိုလည်း ပထမအကြိမ်တုန်းကလိုပဲ သူက ခုန်ရှောင်တိမ်းယိမ်းခြင်းမရှိဘဲ . . . ဒီအတိုင်းကြီးပဲ ခံယူပြန်ပါသည်။ ဩော် . . . ဒီလူနဲ့တော့ ခက်နေပါပြီ။

သူ့ရှေ့တည့်တည့်မှာ ကားကို ရပ်လိုက်ပြီး သူ့ကို တောင်းပန်ဖို့ ကားမှန်ကို ချလိုက်သည်။ မယ်ရှား မျှော်လင့်ထားသည်က အဲဒီလူ ဒေါသတကြီး ရန်လိုစောင်းမြောင်းမည်ဟု။ တကယ်တမ်း ရင်ဆိုင်ရသည်က လက်ဝှေ့ယမ်းပြမှုနှင့်အတူ မထုံတက်သေး အပြုံးတစ်ခု . . .။ အိုး . . ဘယ့်နှာပါလိမ့်။ ခေါင်း











www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာရော . . . မျက်နှာထိပါ . . . တက်စင်ထားသော ရွှံ့နီနီရည်တွေကိုလည်း လက်နှင့်သိမ်းသပ် ဖယ်ရှားခြင်းလည်းမရှိ။ လူပုံစံက တကယ့်ကို တုံကျိဘာဝေ။

"ဟိုဒင်း . . . ၊ ဆောရီးပဲနော်၊ ကျွန်မ ကားမောင်းတာ နည်းနည်းကြမ်းသွားတယ်၊ ရှင့်ကို ရွှံ့ဗွက်တွေ စင်ကုန်တာလေ"

"ရပါတယ်၊ ဒါမျိုးက ဖြစ်လေ့ဖြစ်ထ ရှိတတ်ပါတယ်၊ ခုလို တကူးတက ကားနောက်ပြန်ဆုတ်ပြီး တောင်းပန်ဖော်ရတာ ကျေးဇူးပါဗျ"

မသိလျှင် အရွဲ့တိုက်ပြီး ပြောသလား ထင်ရလောက်အောင် သူ့စကားက ကိုးလို့ကန့်လန့်ပါ။ မယ်ရှားက တော့ ဒါရိုက်တာတစ်ယောက်ပီပီ လူတွေရဲ့ စရိုက်တွေလည်း စိတ်ဝင်တစား လေ့လာနှံ့စပ်သူမို့ . . . သူ့ကို စိတ်ဝင်တစား ပင် ဖြစ်သွားခဲ့ပါ၏။

"ရှင် . . . တကယ်ပြောတာလား၊ ရွဲ့ပြောတာလား ဟင်"

"တကယ်ပြောတာပါ၊ ကျွန်တော် မရွဲ့တတ်ဘူးဗျ၊ ဒီအတိုင်း ခပ်ပျားဆက်မောင်းသွားလည်း ရတာပဲ၊ ကျွန်တော်





ကလည်း ဗွေမယူပါဘူး၊ ကားပေါ်ကလူနဲ့ လမ်းဘေးကလူ ဖြစ်တတ်တဲ့ သဘာဝပဲလေ၊ ခုလို တကူးတက ကားပြန်ဆုတ်ပြီး လာတောင်းပန်တာ ကျေးဇူး တင်စရာပေါ့"

သူ ပြောနေဟန်က ရိုးရိုးသားသားပါ။

"အိုကေ . . . ၊ ရှင် ကျေနပ်ရင် ပြီးရောလေ၊ ရှင့်ကို အကြံပေးပါရစေ၊ အဲဒီနေရာမှာ ဆက်ရပ်နေရင် နောက်ကားတွေလက်ချက်နဲ့ ရှင့်ကို ရွှံ့ထပ်စင်ဦးမှာပဲ၊ ရှင် . . . နေရာရွှေ့လိုက်ပါလား"

အဲဒီတော့မှ သူက ပြုံးပြီးပြောလိုက်သော စကားတစ်ခွန်းကြောင့် မယ်ရှား ပြုံးမိတာထက်ပင် ပိုသွားရပါသည်။

"ဟုတ်သားပဲ၊ ကျွန်တော် မေ့နေတာ"

တဲ့ . . . ။ ဖြစ်မှဖြစ်ရလေ။ အလိုအလျောက် တုံ့ပြန်ရမည့် ဒီကိစ္စကို မေ့နေတာဆိုတော့ တမင်ပဲ ခွကျနေတာလား . . . ထုံအ, လွန်းတာလား . . . ဦးနှောက်မှာ တစ်ခုခု ချွတ်ယွင်းနေတာလား . . . မယ်ရှား မတွေးတတ်တော့ပါ။ ခေါင်းတစ်ချက်ခါယမ်းပြီး မယ်ရှားထွက်လာခဲ့ပါ၏။ ရိုက်ကွင်းရောက်တဲ့အထိ ထိုအူတူတူ အတတ ကာရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ပြန်တွေးမိတိုင်း ပြုံးမိမြဲ။ အဲဒီလို အူကြောင်ကြောင် ဇာတ်ကောင်ထုစ်ကောင်အကြောင်း ကိုယ်တိုင် ဇာတ်လမ်းဇာတ်ညွှန်းခွဲပြီး တစ်ကားလောက်တော့ ရိုက်ဖို့ တေးထားမိသည်အထိ . . .။

ဏဏဏဏဏ





# ဒုတိယ ဆုံစည်းမှု

ကန်တော်ကြီးပန်းခြံထဲမှာ ရိုက်ကွင်းတည်ထားသောကြောင့် . . . မင်းသား . . . မင်းသမီးနှင့် ဇာတ်ပို့ဇာတ်ရံတွေကို ကိုယ်လိုချင်တဲ့ ပုံစံဝင်အောင် စီစဉ်ညွှန်ကြားနေချိန်မှာ ရုတ်ရုတ်သဲသဲ အခြေအနေတစ်ခုနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်လိုက်ရပါ၏။ အရှေ့ကနေ လူတစ်ယောက် ဒရောသောပါး ပြေးလာနေပြီး သူ့နောက်ကနေ လူသုံးယောက် အပြေးလိုက်လာနေခြင်း ဖြစ်သည်။ ဟိုး နောက်မှာ မိန်းမတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင် . . . အလစ်သမား . . . အလစ်သမား ဖမ်းထားလိုက် . . . ဖမ်းထားလိုက်"

ဟု လူသုံးယောက်က အော်ဟစ်၏။ ရှုတင်အဖွဲ့ ထဲမှ လူကြမ်းတွေနှင့် မီးထိုးမှန်ထိုးသမားတွေပါ ဝိုင်းဖမ်းချုပ်ထားလိုက်သဖြင့် ထိုသူကိုမိပါသည်။ တစ်ယောက်တစ်ချက် ဝိုင်းသမနေတာမို့ လက်လွန်ခြေလွန်တွေ ဖြစ်ကုန်မှာစိုးသဖြင့် မယ်ရှား လူအုပ်ကို ဖြဲခွဲပြီး ဝင်ရောက်သွားခဲ့ပါသည်။

"တော်ကြပါတော့ . . . လက်လွန်သွားမယ်နော်၊ ရဲလက်သာအပ်လိုက်ပါ"

ဟု အော်ရင်း . . . ကတ္တရာလမ်းမပေါ်မှာ လဲပြိုကျနေသူဆီ အမှတ်တမဲ့ လှမ်းကြည့်မိပါသည်။ သူ့ကို ချက်ချင်း မမှတ်မိပါ။ ဝိုင်းထိုးထားသဖြင့် နှာခေါင်းနှင့် နှုတ်ခမ်းထောင့်စွန်းမှာ သွေးယိုစီးလျက်ရှိသည်။

"ကျွန်တော် အလစ်သမား မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ဘာသာ ဟိုးဘက်ကန်စပ်ကလေးမှာ ထိုင်နေတာပါ၊ လူတစ်ယောက်ပြေးလာပြီး ကျွန်တော့်လက်ထဲ ဒီအိတ် ထိုးပေးပြီး . . . ပြေးပြေး . . . ဆိုလို့ ကျွန်တော်လည်း ရောယောင်ပြီး ထွက်ပြေးလာခဲ့တာပါ၊ ခင်ဗျားတို့က နောက်ကနေ တအားပြေးလိုက်လာတော့ ကျွန်တော် ဘာမှ ရှင်းပြလို့မရဘဲ ဆက်ပြေးနေရတာပေါ့၊ ဒီအိတ် ကလေးပိုင်ရှင်ကို တကယ် ပြန်ပေးမှာပါဗျာ၊ ကျွန်တော် မယူပါဘူး . . . သူများပစ္စည်း ဘာလို့ယူရမှာလဲ"

"ဟော့ကောင် . . . မင်း မညာနဲ့နော် . . . ဒါဆို ဟိုကောင် ဘယ်ရောက်သွားလဲ"

"သူ ကျွန်တော်ထိုင်နေတဲ့ သစ်မြစ်ဆုံကလေးပေါ်မှာ ထိုင်နေခဲ့တယ်ထင်တာပဲ"

"ခုလောက်ဆို လစ်သွားရောပေါ့၊ ဟုတ်တယ် . . . ငါတို့ သူ့ကို စ,လိုက်တော့ ဒီကောင် သစ်ပင်အကွယ်ကလေးကနေ ထွက်ပြေးလာတာ၊ သစ်ပင်အကွယ်မှာ တစ်ယောက်ကျန်ခဲ့မှန်း ငါတို့ သတိမထားမိဘူး"

"ပိုက်ဆံအိတ် ပိုင်ရှင်ကတော့ လူကိုမြင်ရင် မှတ်မိမှာပဲ၊ ဟိုမှာလာပြီ . . . သူ့ကိုမေး"

မယ်ရှားကတော့ ဒီအဖြစ်အပျက်ကို ပွဲကြည့်ပရိသတ်ပမာပဲ ဘေးကနေ ခါးထောက်ရပ်ကြည့်နေခဲ့ပါ၏။







www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအိတ်ပိုင်ရှင်ကောင်မလေး အနားရောက်လာမှပဲ ပြဿနာက ရှင်းလင်းသွားခဲ့ပါသည်။

"ဟုတ်တယ်ရှင့် . . . ကျွန်မပိုက်ဆံအိတ်ကို လုပြေးတာ သူ မဟုတ်ဘူး၊ ဟိုတစ်ကောင်က တီရှပ် အမည်းနဲ့ ဆံပင်လည်းကောင်းတယ်"

"ကဲ . . . ဒါဆိုပြီးပြီပေါ့ရှင်၊ သူ့ခမျာ လူမှားပြီး အထိုးခံရတာ မစားသာပါလား၊ ကိုမိုးရေ . . . သူ့ကို ဆေးလေးဘာလေး ထည့်ပေးလိုက်ပါ၊ ရှင်ကလည်းလေ၊ သူများက ပိုက်ဆံအိတ်ထိုးထည့်ပြီး ပြေး ပြေး ဆိုတာနဲ့ ပြေးစရာလား"

"ဟိုဒင်း . . . ၊ ကျွန်တော့်မှာ ယောင်တတ်တဲ့ အကျင့်ဆိုး ရှိလို့ပါ၊ ခုလိုကူညီတာ ကျေးဇူးပါဗျ"

အဲဒီတော့မှ မယ်ရှား သူ့ကို မှတ်မိသွားခြင်း ဖြစ်သည်။ ကျေးဇူးပါဗျဆိုသော အသံကို မှတ်မိသွားတာပါ။

"အဲ . . . ရှင့်ကို ကျွန်မ တစ်နေရာမှာ မြင်ဖူးပါတယ် မှတ်တာ၊ ဟိုတစ်ခါက ရွှံ့ဗွက်အစင်ခံရတဲ့သူ မှလား"

သူက မယ်ရှားကို တစ်ချက်မော့ကြည့်ပြီး ပြုံးပြ ပါ၏။ မှတ်မိလိုက်ပြန်ပါပြီ . . . မထုံတက်သေး အပြုံး။



တံခွန်တိုင်စာပေ



"အဲ . . . ၊ ဟုတ်တယ်ဗျ၊ ကားအဖြူလေးနဲ့ ခင်ဗျားပဲ"

"အင်း . . . မအံ့သြတော့ပါဘူး . . . ရှင့်ကို၊ ကဲ ကဲ ရှုတင်ပြန်စမယ်၊ လူတွေအားလုံး ကိုယ့်နေရာ ကိုယ်ပြန်နေပါ၊ ကျွန်မအချိန်တွေ တော်တော်ကုန်သွားပြီ . . . စမယ်"

မယ်ရှား သူ့ရှေ့ကနေခွာပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ပါသည်။ သူ့ကို ရှုတင်မန်နေဂျာက မယ်ရှားကားနားထိ ခေါ်သွားခဲ့ပြီး . . . ဒဏ်ရာကို ဆေးထည့်ပေးနေတာကို တစ်ချက်လှမ်းကြည့်မိသည်။ ရလိုက်ပြန်ပြီ . . . ကာရိုက်တာ တစ်ခု။ သူ့မှာ ယောင်တတ်တဲ့ အကျင့်ဆိုးတစ်ခုရှိတယ်ဆိုပါလား။ မယ်ရှားက မှတ်စုစာအုပ်ကလေးထဲမှာ မေ့မသွားအောင် တေးမှတ်ထားခဲ့မိသေး၏။ ဆေးထည့်ပေးပြီးသွားလျှင် သူ ပြန်ထွက်သွားခဲ့လိမ့်မည်ဟု ထင်ခဲ့သည်။ ပန်းခြံထဲမှာ ရိုက်စရာကဒ်တွေကို တစ်ကဒ်ပြီးတစ်ကဒ် ဆက်တိုက် ရိုက်သွားသည်မို့ သူ့ကို မေ့သွားခဲ့၏။ မယ်ရှား၏ အကျင့်စရိုက်ကိုက အလုပ်လုပ်ပြီဆိုလျှင် သည်းကြီးမည်းကြီး အာရုံစူးစိုက် ဈာန်ဝင်စားစွာ လုပ်တတ်လွန်းသူမို့ အရာအားလုံးကိုရော ပတ်ဝန်းကျင်တစ်ခုလုံးကိုပါ မေ့ထားနိုင်ပါ၏။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒီတစ်ကဒ်ပြီးရင် . . . ကန်တော်ကြီး ဆဲင်းန်တွေကုန်ပြီနော် . . . ထမင်းစားကြစို့"

ပန်းခြံထဲမှာပဲ ပျော်ပွဲစားတစ်ခုလို ရှုတင်ထမင်း ဟင်းစားဖို့ ခင်းကျင်းပြင်ဆင်ကြသည်။ မယ်ရှားက ကားဘေး မှာ မယ်ရှားအတွက် ချခင်းပေးထားသော . . . ခေါက်ထိုင်ခုံ ကလေးမှာ စိတ်ဖြေလျော့စွာ ထိုင်ချလိုက်မိသည်။ အဲဒီတော့ မှ အနားကပ်လာသော သူ့ကို သတိထားမိပါ၏။

"ခင်ဗျားက နာမည်ကြီးဒါရိုက်တာ မယ်ခေတ်ရှားကိုး၊ တွေ့ရတာ အရမ်းလေးစားတယ်ဗျ၊ မိန်းကလေးတစ်ယောက် . . . အသက်ငယ်ငယ်လေးနဲ့ အောင်မြင်ထင်ရှားတဲ့ ဒါရိုက်တာ အဖြစ် ရပ်တည်နေနိုင်တာကိုလေ"

"ဩော်၊ ရှင် မပြန်သေးဘူးလား"

"ကျွန်တော် စိတ်ဝင်စားလို့ လိုက်ကြည့်နေတာပါ၊ ကျွန် တော့်ကို အမှတ်တရ လက်မှတ်ကလေးထိုးပေးနိုင်မ လားဟင်"

"အင်း . . . ရပါတယ်၊ ပေး . . . ဘယ်မှာ ထိုးပေးရ မလဲ"





သူ့လက်ထဲမှာ ဘာမှ မပါ။ ဘောင်းဘီအိတ်ထဲ ဟိုရှာဒီရှာနှင့် ဘာမှလည်း ထွက်မလာ၊ ဝတ်ထားတာက အဖြူညစ်ညစ် ကပ်(ပ်)ဦးထုပ်တစ်လုံးရယ် . . . ဖလန်နယ် ရှပ်အကွက် ပွယောင်းယောင်း ဖရိုဖရဲရယ် . . . စုတ်ပြတ်နေ သော ဂျင်းန်ဘောင်းဘီရယ်။ သူက ရုတ်တရက် သတိရသွား သလို မျက်နှာဝင်းခနဲတစ်ချက်လက်ပြီး ဦးထုပ်ကလေးကို ခေါင်းကနေ ချွတ်လိုက်ကာ . . .

"ကျွန်တော့်ဦးထုပ်ကလေးမှာ ထိုးပေးပါဗျ၊ ကျွန်တော့် ကိုယ်နဲ့မကွာ အမြဲဆောင်းတာ ဒီဦးထုပ်ပဲရှိတယ်"

အနံ့အသက်ကလေးတွေ ထွက်နေသော ချွေးနံ့ ဖုန်နံ့ တသင်းသင်း ဦးထုပ်ကလေးမှာ မယ်ရှား လက်မှတ်မည်း မည်း ထင်းထင်းကလေး ထိုးပေးလိုက်ပါ၏။ သူ့မျက်နှာ ပြုံး ရွှင်သွားပုံက . . . ကလေးတစ်ယောက် မုန့်ဖိုးရသွားလို့ ပျော် ရွှင်ဝမ်းမြောက်သွားဟန်မျိုး။

"ကျေးဇူးပါဗျ၊ ဒီဦးထုပ်ကလေးက ကျွန်တော့်အတွက် တော်တော်တန်ဖိုးရှိသွားပြီ၊ သွားဦးမယ်ဗျ"

သူ နှုတ်ဆက်ပြီးထွက်သွားချိန်မှာ မယ်ရှား၏



www.burmeseclassic.com

www.burmeseclassic.com



assistant ကလေးက ထမင်းစားပွဲ လာပို့ပေးတာမို့ ထမင်းစားရင်း နောက်ရိုက်မယ့် အခန်းတွေအတွက် ကြိုတင်ပြင်ဆင်နေခဲ့လိုက်ပါ၏။

ထထထထထ





# တဝါယဆုံစည်းမှု . . .

စိမ်းလန်းစိုပြေထဲရှိ Zephyr ဆိုင်ကလေး၏ ရေကန်စပ်ရှိ ခုံတစ်ခုံမှာ အေးအေးဆေးဆေး နေရာယူ . . . ကော်ဖီတစ်ခွက်နှင့် ဇာတ်ညွှန်းထိုင်ရေးရခြင်းသည် မယ်ရှားအတွက်တော့ စိတ်ချမ်းသာစရာအကောင်းဆုံး အနုပညာ ဖန်တီးမှုတစ်ခု ဖြစ်သည်။ အင်းလျားကန် ရေပြင်ကျယ်ကြီးကို ငေးရင်း သဘာဝလေအေးအေးကလေးကို ခံယူရင်း နှလုံးသားကို ဖွင့်ထားကာ စိတ်ကူးဉာဏ် ကွန့်မြူးရခြင်းကို မယ်ရှား နှစ်သက်ပါ၏။ စာရေးလို့ ကောင်းဆဲ . . . မယ်ရှား၏ နောက်ကျောဘက်စားပွဲမှာ စုံတွဲတစ်တွဲလာထိုင်သည်ကို လှုပ်ရှားသံများနှင့် စကားသံများအရ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုံ့လတို့ ခြံနဲ့အိမ်ကို ရောင်းလိုက်ရပြီဆို၊ ခု ဘယ်မှာ နေကြလဲ"

"တိုက်ခန်းတစ်ခန်း ပြောင်းနေတယ် မေ၊ မေမေလည်း ဆုံးပြီးတာနဲ့ . . . ပေးစရာအကြွေးတွေ အကုန်ဆပ်လိုက်ရတယ်၊ လက်ထဲမှာ ဘာမှ မကျန်တော့ဘူး"

"အဲဒီတော့ လုံ့လ ဘာလုပ်မယ်စိတ်ကူးထားလဲ၊ ဒီအတိုင်း ဆက်နေလို့တော့ မရဘူးလေ၊ အလုပ်တစ်ခုခုတော့ ရှာမှပေါ့၊ ဘွဲ့တစ်ခုလည်း ရထားပြီးသားဥစ္စာ"

"ကိုယ် ရှာနေပါတယ် မေရယ်"

"လုံ့လကို ကြည့်ရတာ မေ လုံးဝ အားမရဘူး သိလား၊ အေးတိအေးစက်နဲ့ . . . တက်တက်ကြွကြွလည်းမရှိဘူး၊ ရည်မှန်းချက်လည်း မရှိဘူး၊ ဘဝကို ဒီအတိုင်း ရေစုန်မျောနေလို့ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူးနော်၊ ရှင်းရှင်းပဲပြောတော့မယ်ကွာ၊ မေ လုံ့လကို စိတ်ပျက်လာပြီ . . . သိလား၊ မေလိုချင်ခဲ့တဲ့ ချစ်သူတစ်ယောက်ရဲ့ အရည်အချင်း လုံ့လမှာ ဘာမှမရှိဘူး၊ နာမည်ကသာ လုံ့လတဲ့၊ ဘာ လုံ့လမှလည်းမရှိဘူး"







အသံတွေကို အတိုင်းသားကြားနေရပြီး မိန်းကလေးအသံက စိတ်ပျက်ငြီးငွေ့သံ စွက်လွှမ်းနေတာမို့ မယ်ရှားရေးလက်စဇာတ်ညွှန်းကို ခဏရပ်ကာ စိတ်ဝင်တစားနားထောင်မိသည်။ သူတို့ ဘာဆက်ဖြစ်ကြမှာလဲ . . .။ ကောင်မလေးက ကောင်လေးကို အပြစ်တွေရှာပြီး အဆက်ဖြတ်တော့မှာလား။ ကောင်လေးက ဘယ်လိုတောင်းပန်မှာလဲ . . .။

"အဲဒီတော့ မေ ဘာဖြစ်စေချင်တာလဲ မေရယ်၊ မေကြိုက်သလိုသာ ဆုံးဖြတ်ပါ"

"ဘာဖြစ်ချင်ရမှာလဲ . . . လမ်းခွဲကြရုံပဲ ရှိတော့တာပေါ့၊ ကိုယ်ဘာဖြစ်ချင်မှန်း . . . ဘာလိုချင်မှန်းလည်းမသိ၊ မထုံတက်သေးနဲ့၊ တုံးလွှန်းအ,လွန်းတဲ့ လူတစ်ယောက်နဲ့ ဆက်ပြီး ပေါင်းနေရင် . . . မေလည်း ဘာမှ ဖြစ်လာ တော့မှာ မဟုတ်ဘူး၊ အတုံးခေတ်တွေပဲ ကူးစက်လာမှာပဲ၊ လုံ့လနဲ့ ရှေ့ဆက်လက်တွဲဖို့ ဘယ်လိုမှကို မဖြစ်နိုင်တော့လို့ပါ၊ မေ့ကို နားလည်ပေးစရာလည်း မလိုဘူး၊ မကျေနပ်လည်း ဂရုမစိုက်ဘူး၊ မေ့ဘဝမှာ ခဏဆုံခဲ့ရတဲ့ ခလုတ်ကန်သင်းတစ်ခုလိုပဲ သဘောထားတယ်၊ မေ့ကို ဘယ်မှာမှ လာမရှာပါနဲ့ . . . ချစ်သူ





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ဖူးတယ်လို့လည်း လျှောက်မပြောပါနဲ့၊ လုံ့လလည်း ကိုယ့်ဘဝနဲ့ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ပါ၊ မေလည်း ကိုယ့်တက်လမ်းအတွက် ကိုယ့်ဘာသာကိုယ် ကြိုးစားတော့မယ်၊ သူစိမ်းတွေလိုပဲ နေရအောင်"

"ရပါတယ် မေ၊ သဘောပါ၊ မေ စိတ်ချမ်းသာရင် ရပြီ၊ ကိုယ်ကတော့ ဒီပုံစံပဲ နေတတ်တယ်၊ ကိုယ်တို့ ရေစက်ပါသလောက်ထိ လက်တွဲခဲ့ကြတယ်၊ ရေစက်ကုန်လို့ လမ်းခွဲကြတယ် . . . ဒါ မဆန်းပါဘူး၊ မေ့ကို ကျေးဇူးပါ"

"ဘာအတွက်လဲ . . .၊ မေ့ကို ရွဲ့တာလား၊ ဘာကျေးဇူးတင်စရာမှ မရှိတာကို လာပြီးကျေးဇူးပါ ပြောနေရတာလဲ"

မယ်ရှားကတော့ ဒီဘက်ကနေ ပြုံးမိသည်။ ဟုတ်ပါရဲ့။ ကိုယ့်ကို အဆက်ဖြတ်နေတဲ့ ချစ်သူကို ကျေးဇူးပါ ပြောတာကတော့ ဒီကောင်လေး အကောင်းမြင်လွန်းတာတော့ မဖြစ်နိုင်။ အရွဲ့တိုက်နေတာပေါ့။

"သြော် . . . အရင်တုန်းက . . . ချစ်သူတွေ ဖြစ်ခဲ့တုန်းက မေ ကိုယ့်အပေါ် ကောင်းခဲ့တာတွေ ရှိခဲ့တယ်လေ၊ ကိုယ်တို့ အတူတူပျော်ခဲ့ဖူးတယ်၊ ချစ်သူဆိုတဲ့ အခိပ္ပါယ်တစ်ခုကို





မေ့ကြောင့် ကိုယ် သိခွင့်ရခဲ့တာပါ၊ အဲဒါကို ကျေးဇူးတင်တာပါ"

"မလိုပါဘူး . . .၊ မေ့ကို ကျေးဇူးမတင်နဲ့၊ ကိုယ့်ဘဝကိုယ်ပဲ တိုးတက်ရှင်သန်အောင်လုပ် . . . ဒါပဲ၊ မေ သွားတော့မယ်"

"ကောင်းပြီ မေ၊ တာ့တာ . . ."

မိန်းကလေးက ခပ်ဆောင့်ဆောင့် ထွက်ခွာသွားခဲ့ပြီ . . .။ ကျန်ရစ်ခဲ့သော ကောင်လေးထံမှ သက်ပြင်းရှိုက်သံတစ်ခုသာကြားရပြီး ဘာသံမှ ထပ်ထွက်မလာတော့အောင် တိတ်ဆိတ်လွန်းနေသည်။ မယ်ရှား နည်းနည်းတော့ ပိုစပ်စုချင်လာခဲ့မိသည်။ ရည်းစားနဲ့ လမ်းခွဲပြတ်စဲရာမှာ မထိခိုက် မခံစားရသူရယ်လို့တော့ ဘယ်သူမှ ရှိမှာမဟုတ်ပါ။ အနည်းဆုံးစပြီးတော့ လမ်းခွဲခဲ့သော ကောင်မလေးပင် နာကျင်ကြေကွဲရရှာမှာပါ။ တွယ်တာမှုသံယောဇဉ်ရှိခဲ့လို့ပဲ ချစ်သူတွေဖြစ်ခဲ့ကြတာ မဟုတ်လား။ မဖြစ်နိုင်လွန်းလို့သာ လမ်းခွဲလိုက်ရတာဖြစ်မှာပါ။ ဒီကောင်လေးဟာ ဘယ်လို ကောင်လေးလဲ . . . လူငယ်တစ်ယောက်ဖြစ်ပြီး . . . ရည်မှန်းချက် . . . တိုးတက်လိုစိတ်မရှိသူဆိုတာ ရှိကိုမရှိပါဘူး။ သူ့ရင်ထဲမှာလည်း အပြင်း



www.burmeseclassic.com

www.burmeseclassic.com



ပြအထက်သန်ဆုံး အိပ်မက်တစ်ခုတော့ ရှိနေမှာပါ။ ဒါကို ထုတ်ဖော်ပြောပြဖို့ . . . သူ ဘာကြောင့်လျှို့ဝှက်တိတ်ဆိတ်ရ တာလဲ။ ချစ်သူရဲ့ လမ်းခွဲထားရစ်ခဲ့ခြင်းခံရတဲ့ ယောကျ်ားတစ် ယောက်အနေနဲ့ သူ့ရဲ့ မာန ဂုဏ်သိက္ခာကိုတော့ အနည်းဆုံး ထိပါးမိမှာပဲ။ အဲဒီအတွက် သူ့ရဲ့တုံ့ပြန်မှုက အေးစက်ပျော့ ညံ့လွန်းလိုက်တာ။ မယ်ရှားက အတွေးမဆုံးခင်မှာပဲ ထိုင်နေသူ ကောင်လေးဆီ သမင်လည်ပြန်ကလေး လှည့်ကြည့်မိပါ၏။ သူက မယ်ရှားနှင့် ကျောချင်းကပ်မဟုတ်သောကြောင့် လှည့် ကြည့်လိုက်တာနှင့် သူ့မျက်နှာကို တွေ့ရပါသည်။ ဒီတစ်ခါ တော့ မြင်မြင်ချင်းပဲ သူ့ကို မှတ်မိသွားကာ မယ်ရှားမျက်ခုံးတွေ ပင့်တက်သွားပါ၏။ ဩော် . . . သူဆိုရင်တော့ အံ့ဩစရာမရှိ ပါဘူး . . . ဆိုသောအတွေးသည် မယ်ရှား ခေါင်းထဲ ဖျတ်ခနဲ ရောက်လို့လာသည်။ သူကလည်း မယ်ရှား လှည့်ကြည့်တာကို မြင်တော့ မျက်လုံးပြန်လှန်ကြည့်ရင်း မယ်ရှားကို မြင်သွားပါ သည်။ သူ့ခေါင်းမှာ မယ်ရှားလက်မှတ်ကလေးနှင့် ဦးထုပ် အဖြူမွဲကလေးရှိနေဆဲ။ မယ်ရှားကိုမြင်တော့ သူ့ မျက်လုံးတွေ လက်ခနဲ အရောင်တောက်သွားကာ မှတ်မိနေပြီဖြစ်သော





မထုံတက်သေးအပြုံးဖြင့် လက်ဖဝါးတစ်ချက် ဝှေ့ယမ်းကာ နှုတ်ဆက်၏။ မယ်ရှား သူ့ကို အားမလိုအားမရ အပြုံးတစ်ချက် ပြုံးပြကာ ခေါင်းတစ်ချက်ဆတ်ပြလိုက်ပါ၏။

"ဆောရီးဗျ . . . ကျွန်တော် မယ်ခေတ်ရှားကို မမြင် လိုက်မိဘူး၊ အခုမှပဲ တွေ့တယ်၊ ဒီမှာ ဗီဒီယိုလာရိုက်မလို့ လားဟင်၊ အတော်ပဲ . . . ကျွန်တော် ကြည့်ရှုတော့မယ်"

"ရုပ်ရှင်လာရိုက်တာမဟုတ်ပါဘူး၊ နောက်တစ်ကား အတွက် ဇာတ်ညွှန်းလာရေးတာပါ၊ နောက်တစ်ပတ်ဆို စ ရိုက်တော့မှာ၊ လူငယ်ဇာတ်ကလေးပဲဆိုတော့ ဒီ နေရာတဝိုက်ပဲ လာရိုက်ဖြစ်မှာ . . . ရှင် ကြည့်ချင်ရင် လာခဲ့ပေါ့၊ နေပါဦး . . . ရှင်က ဗီဒီယိုရိုက်တာကို စိတ်ဝင်စားတယ်လား"

"ဟုတ်တယ်ဗျ . . . "

"ရှင့်ကို တစ်ခုမေးမလို့၊ ဒီမေးခွန်းက ကျွန်မကိုယ်ကျွန်မ လည်း မေးခဲ့ဖူးတယ်၊ ပြီးတော့ ရွယ်တူပဲဖြစ်ဖြစ် . . . ကိုယ့် ထက်ငယ်တဲ့လူငယ်လေးတွေပဲဖြစ်ဖြစ် ကျွန်မ အမြဲမေးနေကျ ပါ"

"မေးပါဗျ . . . ဘာမေးမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ဘဝမှာ အဖြစ်ချင်ဆုံး . . . အကြီးကျယ်ဆုံး အိပ်မက်က ဘာလဲ"

သူ့မျက်နှာက ပို၍လေးနက်သွားသလို မယ်ရှားကို သေသေချာချာ ပြန်ကြည့်ပါ၏။

"ဘာဖြစ်လို့ မေးတာလဲဗျ"

"ဘာဖြစ်လို့လဲဆိုတော့ . . . လူငယ်လေးတွေကို ကျွန်မ စိတ်ဝင်စားလို့ပေါ့၊ ကျွန်မကိုယ်တိုင်လည်း ကိုယ်ဖြစ်ချင်တဲ့ အိပ်မက်တစ်ခုကို ဖြစ်အောင်လုပ်ခဲ့တယ်၊ အဲဒီ အတွက်တော့ ထိုက်သင့်တဲ့ ပေးဆပ်ရင်းနှီးမှုနဲ့ ကြိုးစားရုန်းကန်ရမှုတွေတော့ ရှိပါတယ်၊ ဒါပေမယ့် ထိုက်တန်ပါတယ်၊ ကျွန်မနဲ့ အနီးအနား က ကျွန်မရဲ့ ပရိသတ်ပဲဖြစ်ဖြစ် ကျွန်မနဲ့ရင်းနှီးတဲ့ လူငယ်တွေကို သူတို့ဘဝမှာ သူတို့ ဘာဖြစ်ချင်တာလဲဆိုတာ သေသေချာချာသိပြီး အဲဒါကို ဖြစ်အောင် ကြိုးစားခွင့် ရစေချင်တယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ကိုယ့်ရဲ့ professional career တစ်ခုအဖြစ် အောင်မြင်အောင် လုပ်နိုင်ခွင့်ရတဲ့ . . . ကျေနပ်မှု ပီတိက ဘာနဲ့မှ နှိုင်းလို့မရအောင် ကြီးကျယ်ခမ်းနားတယ်ဆိုတာ သူတို့ ကို


တံခွန်တိုင်စာပေ



လည်း ခံစားစေချင်လို့ပါ"

"ကျေးဇူးပါဗျာ၊ ကျွန်တော့်ဘဝမှာ ကိုယ်အထင်ကြီး လေး စားရတဲ့ အောင်မြင်နေသူတစ်ယောက်ဆီက ဒီလိုတန်ဖိုးရှိတဲ့ စကားမျိုးကြားခွင့်ရတာ . . . ခုလို စိတ်ဓာတ်ကျနေချိန်မျိုးမှာ သိပ်အဖိုးတန်ပါတယ်"

"ရှင်က ဘာတွေ စိတ်ဓာတ်ကျနေတာလဲ"

"ကျွန်တော်က ကံဆိုးလွန်းလို့ပါ . . . အဆင်မပြေတာတွေ ဆုံးရှုံးမှုတွေ သိပ်များလွန်းတော့လည်း ကျွန်တော် ဘာမှ မလုပ်ချင်တော့ဘူး၊ စိတ်ဓာတ်ကျလာတယ်"

"ကံဆိုးလွန်းတယ် ဆိုပြီး ကံကို ပုံချပစ်လိုက်ပြီး ဖြစ်သလို နေပစ်လိုက်တာကို ကျွန်မကတော့ ဘယ်တော့မှ အား မပေးဘူးရှင့်၊ ကံဆိုတာ အလုပ်ပါ၊ ရှင် ကောင်း ကောင်းမွန်မွန် လုပ်ထားတဲ့ အလုပ်အတိုင်း ကောင်းတဲ့ Result ပဲ ထွက်ရမှာပေါ့၊ အခု ရှင့်ကိုယ်ရှင် ကံဆိုးသေး တယ်လို့ ယူဆရင် ရှင်းရှင်းလေးပဲ အဖြေက . . .၊ ရှင် အလုပ်ကောင်းကောင်း မလုပ်သေးလို့ပေါ့၊ ရှင် ကံကောင်းချင်ရင် အလုပ်ကောင်းကောင်း လုပ်ကြည့်ပေါ့၊ ကျွန်မလောင်းရဲတယ်၊ ရှင် ကံကောင်းလာလိမ့်


တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ကျွန်တော်ကိုက . . . ညံ့ဖျင်းလွန်းတာလား တုံးလွန်းတာလား မသိပါဘူးဗျာ၊ ကျွန်တော် ဘာလုပ်လုပ် အဆင်မှ မပြေတာ"

သူမျက်နှာက တကယ်ပဲ စိတ်ပျက်လက်ပျက် စိတ်ဓာတ်ကျနေသလိုမျိုး . . .။ သူကြည့်ရတာ မယ်ရှားဆီမှာ ဖွင့်ဟဝန်ခံဖို့လည်း သိပ်ဝန်လေးပုံမရ။ သူ့ရင်ထဲရှိတာကို ရင်ဖွင့်တိုင်ပင်ဖို့အတွက် သူ အထင်ကြီးလေးစားသူတစ်ယောက်လည်း ဖြစ်ဦးမှလေ။

"ရှင့်ကိုယ်ရှင် ညံ့ဖျင်းတယ် . . . တုံးတယ်လို့ ဝေဖန်နေမှတော့ ရှင်ကိုယ်တိုင်တောင် ပြန်မလေးစားနိုင်တဲ့ ရှင့်ကို တခြားဘယ်သူတွေက လေးစားတော့မှာလဲ၊ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားမှ လေးစားမှ သူတစ်ပါးကလည်း လေးစားရိုသေမှာပေါ့၊ ကျွန်မ ရှင့်ကို ဆရာမကြီးလုပ်နေတာ မဟုတ်ဘူးနော်၊ ကိုယ့် ကိုယ်ကို မနှိမ့်ချမိဖို့ ပြောနေတာပါ၊ လူတိုင်းမှာ . . . သူ့တန်ဖိုးနဲ့သူ ရှိပြီးသား၊ ဘယ်လောက်ပဲ ညံ့တဲ့သူ ဖြစ်ပါစေ၊ တစ်နေရာရာမှာတော့ သူ့ရဲ့ အကောင်းဆုံး . . . အားအသာဆုံး တန်ဖိုးဆိုတာရှိတယ်၊ အဲဒါကို ကျွန်မကတော့ ယုံကြည်တယ်၊ ရှင် . . . ကျွန်မမေးတာကို ခုထိ မဖြေသေးဘူး၊ ရှင့်ဘဝမှာ အကြီးကျယ်ဆုံး အိပ်မက်က ဘာလဲဆိုတာ ကျွန်မ သိချင်တယ်"

"ကျွန်တော် ပြောပြချင်ပါတယ်၊ ဒါပေမယ့် မပြောရဲဘူး၊ ပြောရမှာ ရှက်နေသလိုပဲ၊ ပါးစပ်က မထွက်ဘူး၊ ခင်ဗျား ရယ်လိုက်မှာ စိုးတယ်"

လူတစ်ယောက်၏ စိတ်ကို အမြဲ စိတ်ဝင်တစား လေ့လာတတ်ခဲ့သူ ပီပီ . . . မယ်ရှားက သူ့စိတ်အတွင်းပိုင်းရှိ သိမ်ငယ်ရှက်ရွံ့မှုတချို့ကို ရှာဖွေခံစားမိပါ၏။ ပထမစ,ပြောနေချိန်တုန်းကတော့ အမှတ်တမဲ့ သာမန်ပါပဲ။ ဒါပေမယ့် ပြောနေရင်းကနေ မယ်ရှား၏ အကျင့်အတိုင်း လူတစ်ယောက်ကို စိတ်ဝင်စားမိပြီဆိုလျှင် အသေးစိတ် နှိုက်နှိုက်ချွတ်ချွတ်ဖြစ်လာတတ်သည်။

"အို . . . ကျွန်မက ရှင်ဖြစ်ချင်တဲ့အိပ်မက်ကို ဘာဖြစ်လို့ ရယ်ရမှာလဲ၊ အဲဒါ ရှင့်ကို စော်ကားတာနဲ့ အတူတူပဲပေါ့၊ ရှင့်ကို မလေးစားရာ . . . အထင်သေးရာ ရောက်တာပေါ့၊







www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို အဲဒီလို မထင်ပါနဲ့၊ ကျွန်မ လူတိုင်းကို လေးစားပြီးသား၊ ရှင့်ကို တစ်ခုပြောမယ်၊ ကမ္ဘာပေါ်မှာ တကယ့် ထင်ရှား ကျော်ကြားတဲ့ အောင်မြင်သူတိုင်းရဲ့ ဘ၀အတ္ထုပ္ပတ္တိတွေကို ကျွန်မ လိုက်ပြီး ရှာဖတ်ကြည့်တယ်၊ အဲဒီမှာ ဘာတွေ့ရသလဲ သိလား၊ တော်တော်များများက အစုတ်ပြတ်ဆုံး . . . အနိမ့်ကျဆုံး . . . မျှော်လင့်ချက် အမဲ့ဆုံး . . . စိတ်ဓာတ်ကျမယ်ဆိုရင် ကျစရာအကောင်းဆုံး . . . အခြေအနေဆိုး တွေကနေ သူတို့ အားကြိုးမာန်တက် ရုန်းကန်ကြိုးစားခဲ့ရ တာတွေချည်းပဲ၊ ရှင့်ဘ၀ကမှ သူတို့ ထက်စာရင် အဆင့်မြင့်သေးတယ်ပြောရမှာ၊ သူတို့က စိတ်ဓာတ်ကျရမယ့် နေရာမှာ စိတ်ဓာတ်ကို စွမ်းအင် အဖြစ် ပြောင်းလဲပြီး ကြိုးစားရင်း အတော်ဆုံး အထူးချွန်ဆုံး လူတွေ အဖြစ် သူတို့ နယ်ပယ်တွေမှာ ထင်ရှားလာတာလေ၊ ကဲ ပြော ရှင် ဘာဖြစ်ချင်တာလဲ"

မယ်ရှားကို သူ စိုက်ကြည့်နေသည်။ သူ့ အကြည့် တွေက ပို၍ စူးရှလေးနက်လာတယ်ဟု မယ်ရှားခံစားမိပါ၏။

"မယ်ခေတ်ရှားက စိတ်ဓာတ် မြှင့်တင်ပေးရာမှာ





ဘကယ် တော်တယ်ဗျာ၊ ကျေးဇူးပါ . . . ကျွန်တော် စောစော က စိတ်ဓာတ် ကျချင်နေတာတွေတောင် ဘယ်ရောက် သွားမှန်းမသိဘူး၊ ဒါကြောင့် မယ်ခေတ်ရှား မိန်းကလေး ငယ် ငယ်လေးတန်မဲ့ ယောက်ျားတွေနဲ့ ရင်ဘောင်တန်းပြီး အရမ်းအောင်မြင်နေတာ . . . မဆန်းပါဘူး၊ ကျွန်တော် ဘယ်သူ့ကိုမှ ပြောမပြရဲခဲ့တဲ့ ကျွန်တော့်ရင်ထဲမှာ အနက် ရှိုင်းဆုံးတစ်နေရာမှာ လျှို့ဝှက်စွာမြှုပ်နှံထားခဲ့တဲ့၊ အပြင်း ပြဆုံး ဆန္ဒတစ်ခု . . . ကျွန်တော့်ရဲ့ အခမ်းနားဆုံး အိပ်မက်ကို မယ်ခေတ်ရှား တစ်ယောက်တည်းကိုပဲ ပထမဆုံး ကျွန်တော် ပြောပြမှာ၊ ကျွန်တော် ဒါရိုက်တာတစ်ယောက် အရမ်း ဖြစ် ချင်ခဲ့တာပါ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး ဆိုတာလည်း ကျွန်တော် သိပြီးသားပါ"

"ဘယ်သူပြောလဲ . . . မဖြစ်နိုင်ဘူးလို့ မဖြစ်သေးတာ ပဲ ရှိတာပါ၊ ဖြစ်ချင်တဲ့စိတ်ရှိရင် ဖြစ်အောင်လုပ်ကြည့်၊ ဖြစ်ကိုဖြစ်ရမယ် . . . ရှင်နဲ့ကျွန်မ လောင်းတောင် လောင်း လိုက်ချင်သေးတယ်၊ တကယ်ပြောတာ၊ နေပါဦး ရှင် ဘာနဲ့ ကျောင်းပြီးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မြန်မာစာနဲ့ပြီးတယ် . . . ပြီးတော့ ဒါရိုက်တာသင်တန်းတက်တယ်၊ သင်တန်းဆင်းပြီးသားပါ"

"ရှင် အခု ဘာလုပ်နေလဲ"

"ဘာမှ မလုပ်ဘူး၊ ကျွန်တော့်ရဲ့ sony video camera ကလေးနဲ့ စိတ်ဝင်စားတဲ့ အဖြစ်အပျက်ကလေးတွေကို documentary သဘောမျိုး လျှောက်ရိုက်တာတွေပဲရှိတယ်"

"ဪ . . . ရှင် မဆိုးဘူးပဲ၊ ရှင့်ရဲ့ အနုပညာလက်ရာကလေးတွေ ကျွန်မ ကြည့်ချင်တယ်၊ ရှင့်မှာ ဘယ်လောက် talent ရှိသလဲဆိုတာ ကျွန်မဆုံးဖြတ်ဖို့ မဟုတ်ဘူးနော်၊ ရှင်ကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာ၊ ရှင် ကျွန်မဆီက သိချင်တာတွေ . . . လိုအပ်တဲ့အကူအညီရှိရင် မေးလို့ တောင်းလို့ရအောင် ကျွန်မရဲ့ လိပ်စာကဒ်ကလေး ပေးထားမယ်၊ ရှင့်စိတ်ကို ကျွန်မ အခု ဖတ်ကြည့်မိတယ်၊ ရှင့်စိတ်ထဲမှာ သိပ်ဖြစ်ချင်နေခဲ့တဲ့ ဆန္ဒတစ်ခုနဲ့ ဖြစ်နိုင်ပါ့မလား . . . ငါ ဖြစ်အောင် လုပ်နိုင်ပါ့မလားဆိုတဲ့ အငံ့စိတ်က လွန်ဆွဲ အားပြိုင်နေကြတယ်၊ ရှင်သိထားရမှာက စွန့်စားရဲတဲ့သူနဲ့ ကြောက်တတ်တဲ့သူမှာ စွန့်စားရဲတဲ့သူက အောင်မြင်ဖို့ အခွင့်အလမ်း ပိုသာတယ် . . .







သိလား"

မယ်ရှားက သူ့ဆီ လိပ်စာကဒ်ကလေး လှမ်းပေးလိုက်ပြီး ဇာတ်ညွှန်းပြန်ဆက်ရေးနေလိုက်၏။ သူ အတော်လေးကြာအောင် ငြိမ်သက်စွာ ဆက်ထိုင်နေပြီးမှ ထိုနေရာကနေ ထ,ထွက်သွားသည်ကို လှည့်မကြည့်သော်လည်း လှုပ်ရှားမှုအရ သိလိုက်ပါသည်။

ဏဏဏဏဏ





www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂



www.burmeseclassic.com

www.burmeseclassic.com

"ပါရမီရှင်ဆိုတာ ဖွေးရာပါ
အရည်အချင်းတစ်ခု မဟုတ်ပါဘူး၊
လူတိုင်း ပါရမီရှင်ဖြစ်ဖို့ ...
အခွင့်အရေးရှိပြီးသားပါ၊
စိတ်ဓာတ်ပြင်းပြထက်သန်မှုနဲ့
မလျှော့တဲ့ ဇွဲလုံ့လဝီရိယနဲ့
ကြိုးစားမှုသာ လိုတာပါ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၂)

ဗီဒီယို ရိုက်ကူးရေးစ,တင်နေပြီမို့ မယ်ရှား အာရုံတစ်ခုလုံး ကားရိုက်ထဲမှာသာ ပုံအောထားခဲ့သည်။ စိမ်းလန်းနှင့် အင်းလျားတဝိုက်မှာသာ လှည့်ပတ်ရိုက်ရသော လူငယ်ဖန်စီအပျော်ဇာတ်ကလေးပဲမို့ ရိုက်ကွင်းရှိ လူအားလုံး ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်။ ဗီဒီယိုရိုက်တာကို လာပြီး ဝိုင်းကြည့်ကြသော ပရိသတ်တွေကြားမှာ မယ်ရှား၏ လက်မှတ်မည်းမည်းကလေး ထင်းနေသော ဦးထုပ်ဆောင်းထားသူ တစ်ယောက်ကို အမြဲလိုလို တွေ့ရတတ်ပါ၏။ သူက တကူးတကလာပြီး နှုတ်ဆက်စကားမဆိုသဖြင့် မယ်ရှားလည်း သူ့ကို မနှုတ်ဆက်ဖြစ်ပါ။



တခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ကားရိုက် နောက်ဆုံးရက် ရှုတင်ပြီးဆုံးချိန်မှာ မယ်ရှားလက်ထဲသို့ စက္ကူအိတ်အညိုတစ်အိတ် လာထည့်ပေး သူကို မော့ကြည့်လိုက်တော့ . . . သူ . . .။

"ဒါ ကျွန်တော်ရိုက်ထားသမျှ documentary အခွေ လေးတွေပါ၊ မယ်ခေတ်ရှားအတွက် DVD ပြန်ကူးထား ပေးပါတယ်၊ ကြိုက်သလို အသုံးပြုနိုင်ပါတယ်ဗျ"

"အိုကေ . . .၊ ကျွန်မ ဒီနေ့ည ကြည့်လိုက်မယ်လေ၊ ကြည့်ပြီးရင် ကျွန်မ ရှင်နဲ့ စကားပြောချင်သေးတယ်၊ ရှင့်ကို ဘယ်လို ဆက်သွယ်ရမလဲ၊ ဖုန်းနံပါတ်ကလေး ဖြစ်ဖြစ် ပေး ထားခဲ့လေ"

"အခွေတွေရဲ့ နောက်ဆုံးမှာ ကျွန်တော့်လိပ်စာရော ဖုန်းနံပါတ်ပါ ထည့်ပေးထားပါတယ်၊ ဒါပေမယ့် ကျွန်တော် မယ်ခေတ်ရှားဆီက ထင်မြင်ချက်တစ်ခုခုကို ကြားချင်ပါတယ်၊ ကျွန်တော် ဖုန်းဆက်လိုက်ရမလား ဟင်"

"ဆက်လိုက်ပါ . . . ရပါတယ် . . . ကျွန်မတို့ တစ်နေရာမှာ ဆုံလို့ရသားပဲ၊ နောက်တစ်ကားတော့ ကျွန်မ ပြင်ဦးလွင်တက်ပြီး ရိုက်မယ်၊ မသွားခင်တော့ Zephyr မှာ







ဇာတ်ညွှန်းလာထိုင်ရေးဖြစ်ဦးမှာပါ၊ ရှင် တစ်ခုခု လိုအပ်ရင် လာခဲ့လေ"

"ကျေးဇူးပါ မယ်ခေတ်ရှား . . . ကျွန်တော် ဒီ ရိုက်ကွင်း တစ်ခုလုံးကို အစအဆုံး ကြည့်ဖြစ်ခဲ့ပါတယ်၊ မယ်ခေတ် ရှား အရမ်းတော်ပါတယ်၊ အစစအရာရာ အသေးစိတ် စနစ်တကျရှိလွန်းတယ်ဗျ၊ မင်းသားမင်းသမီးတွေကို လိုချင်တဲ့ ပုံစံရအောင် သင်ပေးတာလည်း ပညာသား တော်တော်ပါတယ် . . . မိုက်တယ်ဗျ"

သူပြောနေဟန်က အပေါ်ယံဟန်ဆောင်ပန် ဆောင် ပြောနေခြင်းမျိုးမဟုတ်ဘဲ တကယ့်ကို လှိုက်လှိုက်လှဲလှဲ။ ရိုးသားစစ်မှန်သော ချီးကျူးသံကို မနှစ်သက်သူရယ်လို့ မရှိပါ။

"ကျေးဇူးပါရှင်"

"ကျွန်တော် သွားတော့မယ်"

"ဟုတ်ပြီ . . . တာ့တာ"

သူ ခေါင်းငိုက်စိုက်ချပြီး ထွက်သွားဟန်ကို တစ် ချက်လှမ်းကြည့်ပြီး မယ်ရှား ခပ်သွက်သွက် ပြုပြင်ပေးလိုက် ချင်စိတ်ကို မသင့်တော်ပါဘူးလေ . . . ဟု ချုပ်တည်းထား





www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ မယ်ရှားအကျင့်ကိုက မျက်စိထဲမှာ အမြင်မတော်လျှင် မနေနိုင်မထိုင်နိုင် . . . ပြုပြင်ချင်စိတ်က အမြဲရှန်းကြွနိုးကြားတတ်မြဲ။ မယ်ရှား၏ အယူအဆကတော့ ယောကျ်ားဆိုတာ ကိုယ်ဟန်မတ်မတ် ပုခုံးမတ်မတ် ဦးခေါင်းမတ်မတ်ထားပြီး လမ်းလျှောက်တတ်မှ သဘောကျသည်။ ပခုံးကိုင်းတာ . . . ခေါင်းငိုက်ချထားတာမျိုးဟာ . . . စိတ်ဓာတ်ကျသူ . . . ပျင်းရိလေးတွဲ့သူတွေမှာသာတွေ့ရတာမျိုး။ လူတစ်ယောက်ရဲ့ ကိုယ်နေဟန်မူရာကလည်း သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေး Personality ကို ဖော်ညွှန်းသည်မဟုတ်လား။ အင်ဒီလူတော့ မယ်ရှားနံဘေးမှာသာ အမြဲလိုလိုရှိလာရင် ပြုပြင်ပြင်ဆင်စရာတွေ အများကြီးပါ။

ဏ်ဏ်ဏ်ဏ်ဏ်





ရေနွေးနွေးကလေးစိမ်ချိုးပြီး ညစာစားပြီးချိန်မှာ မယ်ရှား ရုပ်ရှင်တစ်ကားတော့ ညစဉ်ကြည့်နေကျ။ home cinema ကလေး ဖန်တီးထားခဲ့သည်မှာ . . . ညတိုင်းရုပ်ရှင်ကြည့်ချင်သောကြောင့် ဖြစ်သည်။ များသောအားဖြင့် ခုနောက်ပိုင်းမှာ blue ray disc တွေပေါ်လာသည်မို့ ကြည့်ရသည့် quality က မယ်ရှားတို့ရိုက်သော DVD အရည်အသွေးနဲ့ဆို ဘာခြားစိ။ ဒါပေမယ့်လည်း အကောင်းဆုံးဖြစ်အောင်တော့ မယ်ရှားတို့ ကြိုးစားနေရဆဲ။ Black Swan ကားကြည့်ဖို့ ပြင်ပြီးကာမှ ဟိုကောင်လေး၏ documentary အခွေတွေကို သတိရသွားကာ သူ့အခွေကို အရင်ဦးစားပေးလိုက်သည်။ အမှန်အတိုင်းဝန်ခံရလျှင် သူ့ဆီက အများကြီး မျှော်လင့်မထားခဲ့မိပါ။ သာမန်အပျော်တမ်းလိုက်ရိုက်ထားတာ . . . ဟုပဲ ထင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်တော့ သူ သေသေချာချာ စနစ်တကျ ရိုက်ကူးထားခြင်းပါလား . . .။ အသက်ရှစ်ဆယ်အရွယ် အဘွားအိုတစ်ယောက်နှင့် အသက်ရှစ်နှစ်အရွယ် ကလေးမလေးတစ်ယောက်၏ နေ့စဉ်လှုပ်ရှားမှုဘဝကလေးတွေကို ရိုက်ထားတာမျိုး . . . မတူညီသော ဆန့်ကျင်ဘက်အရာများကို ပေါင်းစပ်ပေးထားမျိုး . . . အသိမ်မွေ့ဆုံးနဲ့ . . . အကြမ်းတမ်းဆုံးအရာနှစ်ခုကို ယှဉ်ပြထားတာမျိုး . . . စသဖြင့် အတွေး အခေါ် idea ကလေးတွေ ဆန်းသစ်စွာ ကွန့်မြူးထားသည်မှာ သူ ရိုက်ထားတာမှ ဟုတ်ပါလေစ . . . ဟုပင် သံသယ ဝင်ချင်စရာ။ အလင်းအမှောင်နှင့် ကင်မရာ angles တွေကိုလည်း သူ သေသပ်စွာ နားလည်သည်။ ညဘက် ရိုက်ကူးထားသော ရိုက်ချက်တွေ . . အမှောင်ထဲမှာ ဖယောင်းတိုင်မီးကလေးကိုပဲ ရိုက်ပြတာမျိုး စသဖြင့် သူပေးချင်သော message ကို သရုပ်ဖော် နိမိတ်ပုံကလေးတွေပါ ထည့်ထားသည်က စိတ်ဝင်စားစရာ။ ပြီးတော့ နောက်ခံတီးလုံးကလေးတွေကအစ သူ ရိုက်ကူးနေသော subject နှင့် လိုက်ဖက်ညီအောင် တွဲသုံးထားမှန်း မယ်ရှားက အတွေ့အကြုံအရ သိနေခဲ့ပါ၏။ အိုး . . . သူဟာ





အရည်အသွေးတွေ မှန်သမျှကို ကိုယ့်ကိုယ်ကိုယ် အထင်မကြီး စိတ် စိုးရိမ်မှုသံသယတွေနဲ့ မြုပ်နှံထားခဲ့တာပါလား။

ဒါရိုက်တာတစ်ယောက်အနေနှင့် ရိုက်ထားသော ရိုက်ချက်တွေနှင့် သူတင်ပြသော အကြောင်းအရာ တင်ပြပုံ သေသပ်တာတွေကို ကြည့်လိုက်ရုံနှင့် သူ့အဆင့်အတန်းကို ခန့်မှန်းလို့ရပါသည်။ သူဟာ သာမန် ခပ်တုံးတုံး ထုံအအ မထုံတက်သေး လူညံ့ဖျင်းကလေးမဟုတ်။ သူ့မှာ အနုပညာ အတွေးအခေါ် ဖန်တီးနိုင်မှုစွမ်းရည် အရည်အချင်းတွေ ရှိသည်။ အဲဒါကို သူကိုယ်တိုင် သတိမထားမိခြင်းနှင့် သူ့ ပညာကို သူ မလေးစားမိခြင်းသာဖြစ်သည်။

မယ်ရှားသည် စိတ်မြန်လက်မြန်သူပီပီ မနက်ထိ ပင် မစောင့်ဘဲ သူ့အိမ်ဖုန်းဆီ လှမ်းဆက်လိုက်မိသည်။

"မနက်ဖြန် . . . ရှင်နဲ့ကျွန်မ Zephyr မှာ ဆုံရအောင်၊ ဆယ်နာရီအတိနော်"

ဏဏဏဏဏ



www.burmeseclassic.com

www.burmeseclassic.com



သူကိုတွေ့တွေ့ချင်း မယ်ရှား ပထမဆုံးလုပ်မိသော အလုပ်မှာ လက်ဆွဲနှုတ်ဆက်လိုက်မိခြင်း ဖြစ်သည်။

"ကွန်ဂရက်ကျူလေးရှင်းစ် လုံ့လ၊ ရှင့်ဆီမှာ ကျွန်မ မျှော်လင့်ထားတာထက်ပိုတဲ့ အနုပညာတွေရှိတယ်၊ ကျွန်မ ကြိုပြီးဟောကိန်းထုတ်လိုက်မယ်၊ ရှင် တစ်နေ့မှာ အောင်မြင်တဲ့ ဒါရိုက်တာတစ်ယောက် ဖြစ်ကိုဖြစ်မှာ၊ ကျွန်မထင်ရင် လွဲခဲတယ်နော် . . . သိလား၊ ကဲ . . . ရှင် ဘာလုပ်မှာလဲ ပြော . . . အချိန်တွေတော့ ဖြုန်းမနေနဲ့၊ ရှင့်ဆီမှာ . . . ပြင်စရာအချက်ကလေးတွေတော့ နည်းနည်းရှိတယ်၊ အဲဒါ တွေကို ကျွန်မ မြင်နေရတယ်၊ ကျွန်မကလည်း အမြင်မတော်ရင် . . . ကိုယ်နဲ့ မဆိုင်သလိုကို မနေတတ်တာ . . . ကျွန်မဗီဇ





ကဲပြော . . . ကျွန်မ ဘာကူညီပေးရမလဲ"

သူ့မျက်လုံးများက အံ့ဩစရာကောင်းလောက်အောင် ပင် တောက်ပထက်သန်လာခဲ့ပါသည်။

"ကျွန်တော် . . . မယ်ခေတ်ရှားဆီမှာ . . . အလုပ် သင်သဘောမျိုးဖြစ်ဖြစ် ကူညီလို့ ရနိုင်မလားဟင်၊ ကျွန်တော် ဒါရိုက်တာ ဖြစ်ချင်တယ်ဆိုရင် အနည်းဆုံးတော့ ကျွန်တော့်ကို တွဲခေါ်ပေးနိုင်မယ့် အောင်မြင်နေပြီးသား ဒါရိုက်တာ တစ်ယောက်နားမှာနေပြီး ပညာသင်ယူရမယ်လို့ ကျွန်တော် ထင်တယ်"

သူ့ စကားကြောင့် မယ်ရှား ပြုံးမိသည်။ သူ့ဆီက ဒီလိုစကားမျိုးလိုချင်လို့ပဲ မယ်ရှား လမ်းဖွင့်ပေးခဲ့တာပါ။ သူ့ဆီ မှာ နီရဲတောက်ပသော အသွေးအရောင်အစစ်အမှန်တချို့ကို မယ်ရှား တွေ့ခဲ့ရပြီးသား . . . မလိုလားအပ်သော အရာတွေ ကို သွေးထုတ်ဖယ်ရှားပစ်နိုင်လျှင် အထဲက တန်ဖိုးရှိလှတဲ့ အမြုတေရတနာက ထင်းပပေါ်လွင်လာတော့မှာ။

"ရှင်မပြောလည်း . . . ကျွန်မက ကျွန်မနဲ့အတူတူ အလုပ်လုပ်ကြည့်ဖို့ ဖိတ်ခေါ်မလို့ပါ၊ ဒါပေမယ့် under one



www.burmeseclassic.com

www.burmeseclassic.com



condition နော်၊ အဲဒီ အချက်ကတော့ ခုကတည်းက ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသားချမှတ်ထားတဲ့ စည်းကမ်းပါ၊ ကျွန်မ ထုတ်ပြန်ထားတဲ့ ကျွန်မရဲ့ ဥပဒေ ဆိုပါတော့၊ နည်းနည်းတော့ ကြောင်ချင်ကြောင်နေလိမ့်မယ် . . . ဒါပေမယ့် ရှင် ကျွန်မအနားကို လာတော့မယ်လို့ ဆုံးဖြတ်ရင် . . . အဲဒီ ဥပဒေကိုတော့ လိုက်နာရလိမ့်မယ်"

"ပြောပါ မယ်ခေတ်ရှား၊ ဘာဥပဒေပဲဖြစ်ဖြစ် ကျွန်တော် လိုက်နာမှာပါ၊ ကျွန်တော် မယ်ခေတ်ရှားနဲ့အတူတူ အလုပ်လုပ်ခွင့်ရဖို့ဆိုတာ . . . ကျွန်တော် ဘယ်လိုမှ မမျှော်မှန်းရဲတဲ့ဘဝတစ်ခုပါ . . . ပြောပါဗျ"

မယ်ရှားက အပြုံးကို အပြီးသတ် သိမ်းလိုက်ကာ မျက်နှာကို အလေးအနက်တည်လိုက်ပါသည်။ သူက မယ်ရှား ပြောမည့်စကားကို စိတ်ဝင်တစား နားစွင့်ထားဟန်ဖြင့် မယ်ရှားကို စိုက်ကြည့်နေသည်။ မယ်ရှားလည်း သူ့မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ကာ . . .

"ဘယ်လိုအခြေအနေ အချိန်အခါမျိုးမှာပဲ ဖြစ်စေ . . . အရှင်းဆုံးပြောရရင် . . . ရှင် ကျွန်မကို ဘယ်တော့မှ







မချစ်ရဘူး၊ ချစ်တယ်ဆိုတဲ့စကားမျိုး ခပ်ဆင်ဆင်တောင် ပြောခွင့်မရှိဘူး၊ ရှင် . . . ကျွန်မအပေါ် စိတ်ပြောင်းလာတဲ့နေ့ . . . ရှင်ကျွန်မကို ချစ်တယ်လို့ ဖွင့်ပြောမိတဲ့နေ့ဟာ . . . ရှင် ကျွန်မကို ဆုံးရှုံးလိုက်ရတဲ့နေ့ပဲ . . . ကျွန်မနဲ့ အဝေးဆုံးကို ရှင် ထွက်သွားရမယ်ဆိုတာ . . . ခုကတည်းက ရှင့်ရင်ထဲမှာ စွဲနေအောင် မှတ်ထားလိုက်ပါ၊ ရှင် မထွက်သွားရင်လည်း ကျွန်မက ရှင့်ကို နှင်ထုတ်ရမှာပဲ၊ အဲဒါ ကျွန်မရဲ့ ဥပဒေလေ၊ ကဲ . . . ဘယ်လိုလဲ၊ ရှင် လိုက်နာနိုင်ပါ့မလား"

မယ်ရှားကို ကြည့်နေသော သူ့အကြည့်တွေ တစ်မျိုးပြောင်းလဲသွားသည်ဟု မယ်ရှား ခံစားမိပါ၏။

"ကျွန်တော် နားလည်ပါတယ်၊ ခုလိုကြိုပြီး သတိပေးထားတာကို အံ့သြမိပေမယ့် . . . ဒီလို တားမြစ်ထားတဲ့ သစ်သီးဆိုတာ ကြိုသိထားမှ . . . ကျွန်တော့်ဘက်က စည်းစောင့် ချုပ်ထိန်းရမှာပေါ့နော်၊ ကျွန်တော် ဆင်ခြင်ပါ့မယ်ဗျာ၊ မယ်ခေတ်ရှားဆိုတဲ့ မြို့တော်ဆီကို ရောက်ခဲ့ပြီ ဆိုမှတော့ . . . ဒီမြို့တော်ရဲ့ ဥပဒေကိုလည်း ကျွန်တော် လိုက်နာရမှာပေါ့၊ အကယ်၍ ကျွန်တော် ဥပဒေကို ချိုးဖောက်မိရင် မြို့တော်ကနေ





www.burmeseclassic.com

www.burmeseclassic.com



နှင်ထုတ်ခံရမယ်ဆိုတာ နားလည်ရမှာပေါ့"

"အိုကေ . . . ၊ ဒီလောက်ဆိုရပြီ . . . ကဲ ရှင့်ရဲ့ အနုပညာလက်ရာတွေအကြောင်း ပြောရအောင်၊ ရှင်နဲ့ ကျွန်မ အနုပညာတစ်ခုကို ခံစားပုံမျိုး taste ချင်းတူတယ် လို့ပြောရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ . . . ရှင်ပေး ချင်တဲ့ message တိုင်းကို ကျွန်မ အနှစ်သာရရှိရှိ အပြည့်ရတယ်၊ လူတွေရဲ့ စရိုက် . . . ဓလေ့ . . . အကျင့် ကလေးတွေကို ရိုက်ပြတာမျိုး . . . ငှက်ကလေးတွေ ပန်းပွင့်ကလေးတွေ . . . သဘာဝတရားရဲ့အသံတွေ အရုပ်တွေကို ရှင် တင်ပြပုံတွေ အရမ်းလေးနက်ဆန်းသစ်မှုရှိတယ်၊ ရှင့်မှာ အတွေးအခေါ် idea အသစ်တွေရှိ နေတယ်၊ အဲဒါတွေကို ထုတ်နိုင်သမျှထုတ်ဖို့ ကြိုးစားစမ်းပါ၊ ဘယ်တော့မှ မတွေဝေနဲ့၊ အနုပညာနဲ့ ပတ်သက်လာလျှင် ရဲရင့်လေ . . . အနုပညာလက်ရာ မြောက်လေပဲ၊ ရှင့်ဆီက အကြံဉာဏ်တွေ ကျွန်မလိုချင်တယ်၊ နောက်တစ်ကားကို ပြင်ဦးလွင်မှာ သွားရိုက်မှာဆိုတော့ . . . ရှင်လိုက်နိုင်တယ်ဆိုရင် လိုက်ခဲ့ပေါ့ . . . တစ်ကားတည်းတော့ မဟုတ်ပါဘူး၊ ပြင်ဦးလွင်ထွက်ပြီဆိုရင် သုံးလေးကားတော့





ကြိုတင်ပြင်ဆင်ပြီးမှ ရိုက်လေ့ရှိတယ်၊ ခု လောလောဆယ်တော့ ရှင်က ကျွန်မဆီမှာ အလုပ်သင်သက်သက်ပဲ၊ ကျွန်မခိုင်းတာပဲ ရှင်လုပ်ပေးရမယ်၊ ရှင့်ရဲ့တိုးတက်မှုနဲ့ ကျွန်မလက်လွှတ်စိတ်ချရပြီဆိုမှ . . . ကျွန်မရဲ့ တွဲဖက်ဒါရိုက်တာ ဖြစ်လာမယ်၊ ရှင့်အတွက် မနစ်နာစေရအောင် လခတစ်ခုပုံမှန်သတ်မှတ်ထားပြီး ပေးနေမယ်၊ ဘယ်လိုလဲ . . . ရှင်ကျေနပ်ရဲ့လား"

"အား . . . ၊ အရမ်း ကျေနပ်ပါတယ်ဗျာ၊ ကျွန်တော်လေးစားရတဲ့ အနုပညာသမား တစ်ယောက်နဲ့ တွဲပြီး အလုပ်လုပ်ခွင့်ရဖို့ဆိုတာ . . . ကျွန်တော် အိပ်မက်တောင် မက်မထားခဲ့မိတဲ့ အခွင့်အရေးပါ၊ ကျေးဇူးပါဗျ"

"ရှင့်ကို ကျွန်မ ဘာဖြစ်လို့ ဒီအခွင့်အရေးပေးခဲ့ရတာလဲ၊ ရှင် သိလား . . . "

"ဟင့်အင်း . . . မသိဘူးဗျ"

"ပတ္တမြားတစ်လုံးကို နွံထဲမှာ မြင်ရရက်နဲ့ . . . ပြောင်လက်သန့်စင်အောင် သွေးပြီး . . . စင်ပေါ်တင်မပေးနိုင်ခဲ့ရင် အဲဒီနောင်တနဲ့ ကျွန်မ တစ်သက်လုံး ပျော်နိုင်မှာမဟုတ်တော့



www.burmeseclassic.com


တံခွန်တိုင်စာပေ

www.burmeseclassic.com



ဘူး၊ ရှင့်မှာ အစွမ်းအစတွေ ရှိပြီးသား၊ အဲဒါကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ထုတ်သုံးတတ်ဖို့ပဲ လိုတယ်၊ ကျွန်မကို ကျေးဇူးတကယ် တင်တယ်ဆိုရင် . . . ရှင် တကယ် အောင်မြင်အောင် လုပ် . . . ရှင့် အနုပညာကို မချွင်းမချန် ထုတ်သုံးပေးပါ"

"ကျွန်တော် ကြိုးစားပါ့မယ်"

"ရှင့်ကို ကျွန်မ ဘာမှန်း သေချာတောင် မသိသေးဘဲ . . . ကျွန်မနဲ့ အလုပ်အတူတွဲလုပ်ဖို့ ကမ်းလှမ်းခဲ့တယ်ဆိုတာ . . . ရှင့် အနုပညာကို ယုံကြည်မှုတစ်ခုတည်းနဲ့နော်၊ ကျွန်မက တော်တဲ့အနုပညာသမားတိုင်းကို လေးစားပြီးသား . . . အောင်မြင်နေတဲ့လူ စင်ပေါ်ရောက်နေသူကိုမှ ဆိုလိုတာ မဟုတ်ဘူးနော်၊ ဘဝဆိုတာ ရိုလာကိုစတာ စီးရသလိုပါပဲ . . . ဟိုး အမြင့်ကြီးထိ တက်သွားရတဲ့အချိန်ဆိုတာလည်းရှိသလို အဲဒီ အမြင့်ကြီးဆီကနေ မထင်မှတ်တဲ့အချိန်မှာ တဝုန်းဝုန်းတဒိုင်းဒိုင်းနဲ့ အောက်ကို ဝုန်းဒိုင်းကြဲပြုတ်ဆင်းကျရတဲ့အချိန်ဆိုတာလည်း ရှိမှာပဲ . . . ကိုယ် အမြင့်ဆုံးမှာရှိနေချိန်မှာ . . . သူ ဟိုးအောက်ဆုံးမှာ ရှိနေလို့ . . .

:ကြည့်ဖို့ အထင်သေးဖို့ ဘယ်တော့မှ မစဉ်းစားလိုက်နဲ့ . . . နကြီးဖို့ ဘဝင်မြင့်ဖို့ မောက်မာဖို့လည်း စိတ်မကူးနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ချိန်မှာ ကိုယ့်ကိုယ်ကို မြင့်လှပြီဆိုတဲ့သူက အောက်ပြန်ကျ သွားပြီး အောက်ကလူက အမြင့်တစ်နေရာကို ရောက်လာဦးမှာပဲ၊ အဲဒါ ဘဝပဲဆိုတာကို းလည်ထားမှ ခံစားရသက်သာမယ်၊ တရားမရှိရင် လူတွေဟာ သိပ်ခံစားကြရတာပဲ၊ မြင့်ခဲ့တဲ့ အချိန်ကြီးကိုပဲ တသသစွဲလန်းနေပြီး နိမ့်သွားတဲ့အခြေအနေကို မယုံနိုင်လောက်အောင် မခံစားနိုင်အောင် ဖြစ်ကြတယ်၊ why? why me? ဆိုတဲ့ နားမလည်နိုင်တဲ့ မေးခွန်းတွေနဲ့ပဲ . . . စိတ်မာတ်တွေ ပျက်ပြားကုန်ရော၊ ကျွန်မကတော့ ဘဝကို ရိုလာကိုစတာ ဝီးနေသလိုပဲ . . . ခံယူထားပါတယ်၊ ခုမြင့်နေပေမယ့် တစ်ချိန်မှာ ကျွန်မ အနိမ့်ဆီ ပြန်ဆင်းရမှာပဲ၊ မဆင်းချင်လို့ကို မရဘူး၊ ရှင် အခုနိမ့် နေပေမယ့် တစ်ချိန်မှာ ရှင် အမြင့်ဆုံးကို ရောက်ရဦးမှာ ပဲ . . . ရှင့်ဘက်က ကြိုးစားအားထုတ်နေဖို့တော့ လိုတာပေါ့လေ"

မယ်ရှားပြောသမျှကို သူ တလေးတနက် နား





www.burmeseclassic.com

www.burmeseclassic.com



ထောင်လျက်ရှိသည်။ သူ့မျက်နှာဆီမှာ တစ်ခုခု ရရှိသွားသလို အပြုံးထည်သက်သက် မဟုတ်တော့ဘဲ သွေးရောင်လွှမ်းလို့ လာပါ၏။

"လေးစားပါတယ် . . . မယ်ခေတ်ရှားရယ်၊ ကျွန်တော့် စိတ်တွေ အရမ်းတက်ကြွလာတယ်၊ မယ်ခေတ်ရှားက စိတ်ဓာတ်မြင့်တင်တဲ့နေရာမှာ အရမ်းတော်တယ်ဗျ၊ ကျွန်တော် မယ်ခေတ်ရှားနဲ့တွေ့လိုက်ရင် ကြိုးစားချင်စိတ်တွေ အရမ်း ပေါ်လာတယ်"

"အဲဒါဆိုရင် ကြိုးစားပေါ့ရှင်၊ ကဲ . . . ကျွန်မတို့ တွေ့ဆုံ ပွဲကလေး အောင်မြင်ပြီနော်၊ မနက်ဖြန် ကျွန်မ ဇာတ်ညွှန်းစ,ရေးမယ်၊ နာမည်ကြီးစာရေးဆရာမရဲ့ ဝတ္ထုပဲ၊ ရှင့်ကို ဇာတ်ညွှန်းရေးနည်းပါ ကျွန်မ သင်ပေးထားမယ်၊ မနက်ဖြန် ဒီကိုပဲလာခဲ့ . . . ဆယ်နာရီ အတိ နော်"

"အိုကေ . . ."

သူ ထ, ထွက်သွားဟန်ကို မယ်ရှား လိုက်ကြည့်မိသည်။ အင်း . . . ထုံးစံအတိုင်း ခေါင်းငိုက်စိုက်ပါပဲလား။ ဒီတစ်ခါတော့ မယ်ရှား မနေနိုင်တော့ပါ။







"ရွှတ် . . . ရွှတ် . . . ဟိတ် . . . လုံ့လ"

သူ ပြန်လှည့်ကြည့်ပါသည်။ မယ်ရှား သူ့ကို လက်ယပ်လှမ်းခေါ်လိုက်၏။

"ယောကျ်ားတစ်ယောက်ဆိုတာ . . . လမ်းလျှောက်ရင် ကိုယ်ခန္ဓာမတ်မတ် ခေါင်းကိုမတ့်မတ်ထားပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ ပုံမျိုးမှ ကျွန်မ သဘောကျတယ်လို့ ပြောမလို့ . . . အိုကေ"

သူ ချက်ချင်းနားမလည်။ နောက်မှ သဘော ပေါက်သွားဟန်ဖြင့် ကိုယ်ခန္ဓာနှင့် ပခုံးကို ချက်ချင်း မတ်မတ်ပြင်ဆင်ယူလိုက်ပြီး မယ်ရှားကို တစ်ချက်အလေးပြုသလို လုပ်ပြီး . . . ပြန်လှည့်ထွက်သွားတော့၏။ ခပ်မတ်မတ်လျှောက်သွားဟန်ကို မယ်ရှားကျေနပ်စွာ တစ်ချက်ပြုံးလိုက်မိသည်။

ဏဏဏဏဏ





www.burmeseclassic.com

www.burmeseclassic.com





သူ့ကို ဇာတ်ညွှန်းရေးနည်း သင်ပေးပြီးနောက် မယ်ရှားက ဇာတ်အသစ်အတွက် ကိုယ်တိုင် ဇာတ်ညွှန်းထိုင် ရေးနေချိန်တွင် . . . သူ့အတွက် assignment သဘောမျိုး ဝတ္ထုတစ်အုပ်ပေးကာ ဇာတ်ညွှန်းထိုင်ရေးခိုင်းထားလိုက်သည်။ ဇာတ်ညွှန်းရေးနေရင်း မယ်ရှား သတိထားမိသည်မှာ သူ ဇာတ်ညွှန်းရေးရင်း ဒူးကို တဆတ်ဆတ်နှန့်နေခြင်းဖြစ်၏။ ခဏစောင့်ကြည့်ပေမယ့် သူ ငြိမ်မသွား။ ရေးလိုက် . . . ဒူးကလေးနှန့်လိုက် . . . စဉ်းစားလိုက်နှင့် သူ့ဘာသာသူတော့ ဟုတ်နေသည်။ မယ်ရှားကသာ ဘယ်လိုမှ သည်းမခံနိုင်ခြင်း ဖြစ်သည်။





"လုံ့လ . . ."

"ဗျာ . . ."

"ကျွန်မ တစ်ခုပြောမလို့ ကျွန်မ သည်းမခံနိုင်ဆုံး အပြုအမူက ဘာလဲ သိလား"

"ဘာလဲဟင် . . ."

"ဒူးနှန့်တာ . . ."

"ဪ . . ."

သူ့ကို တစ်ချက်ပြုံးပြပြီး . . . မယ်ရှား ဆက်ရေးနေလိုက်သည်။ အံ့ဩစရာကောင်းလောက်အောင် သူ ဒူးနှန့်တာ ငြိမ်ကျသွားခဲ့ပါ၏။ သူ့ကို လှမ်းမကြည့်ဘဲ . . . မယ်ရှား တစ်ချက်ကြိတ်၍ ပြုံးမိသည်။ ဇာတ်ညွှန်းရေးလို့ ပြီးသွားချိန်မှာ . . . မယ်ရှား သူ့ကို ကြည့်မိသည်။ သူ့ရဲ့ ဖလန်နယ်ကွက် ရှပ်အင်္ကျီ ပွယောင်းကြီးဆီက အနံ့တစ်မျိုး ထွက်နေခဲ့သည်။ ဆံပင်ဘုတ်သိုက် . . . လူပုံစံညှင်းသိုးသိုး ကြီးထက်စာရင် . . . သူ့ရဲ့ personality ကို ပြောင်းပစ်လိုက်ရင် . . . ပိုမကောင်းဘူးလား။ မယ်ရှားကိုယ်တိုင်လည်း ဘယ်တော့မှ ဖြစ်ကတတ်ဆန်းမနေတတ်ဘဲ . . . အမြဲ သပ်သပ်





www.burmeseclassic.com

www.burmeseclassic.com

ရပ်ရပ် . . . စမတ်ကျကျ ဝတ်စားဆင်ယင်တတ်သူမို့ သူ့ပုံစံကြီးကို ကြည့်လို့မရ . . .။ ပြင်ဆင်ပေးချင်လာပြန်သည်။

"လုံ့လ . . . ရှင် ပြီးတော့မလား"

"မပြီးသေးဘူးဗျ . . . ဘာဖြစ်လို့လဲ"

"လူတစ်ယောက်မှာ ပထမဆုံး အရေးအကြီးဆုံးက ဘာလဲ သိလား"

"စိတ်ဓာတ် . . ."

"အင်း . . . အဲဒါလည်း ဟုတ်ပါတယ် . . . ဒါပေမယ့် လူတွေနဲ့ ပေါင်းသင်းဆက်ဆံရေးအပိုင်းမှာ . . . ပထမဆုံးက . . . Personality ပဲ . . . ရှင့်ကို မြင်လိုက်တာနဲ့ ပထမဆုံး First Impression က ရှင်ဟာ ဘယ်လို ဝတ်စားဆင်ယင်ထားသလဲ၊ အထင်သေးစရာ ဖြစ်ကတတ်ဆန်းဖိုသီဖတ်သီလား၊ ရှင့်ဆီက ချွေးနံ့ တွေထွက်နေသလား၊ ရှင့်ရဲ့ အပြုအမူ အပြောအဆိုကရော ဘယ်လိုလဲ . . . စမတ်ကျကျ ရှိရဲ့လား၊ အဲဒါတွေ က ရှင့်ကို အရင်တန်ဖိုးဖြတ်ပေးသွားမှာလေ၊ ဒုတိယ အချက်ကမှ ရှင်ပြောတဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာပေါ့ . . . သူက ပိုအရေးကြီးတယ်ဆိုပေမယ့် ပထမဆုံးကတော့


တံခွန်တိုင်စာပေ



လူတွေက အမြင်နဲ့တင် ဒီလူရဲ့ အဆင့်အတန်း စိတ်အခြေအနေကို ခန့်မှန်း သုံးသပ်ရတာကိုး၊ ရုပ်လှဖို့ မလိုဘူး၊ စိတ်လှဖို့ပဲ လိုတယ် . . . ဒါပေမယ့် သပ်သပ်ရပ်ရပ်တော့ ဝတ်စားနေထိုင်တတ်ရမယ်၊ ကျွန်မပြောတာ ရှင် သဘောပေါက်ရဲ့လား၊ ဘယ် အလုပ်မဆို စိတ်စေတနာသန့်သန့် ဖြူဖြူစင်စင်နဲ့ . . . မျှော်လင့်ချက် ကင်းကင်းနဲ့ စိတ်ကောင်းရှိရဲ့လား၊ ဟန်ဆောင်နေတာလား၊ တကယ် သဘောကောင်းရဲ့လား၊ သူတစ်ပါးကို ကူညီလိုစိတ်ရော တကယ်ရှိရဲ့လား . . . ဆိုတာတွေကို ရှင်ကိုယ်တိုင်ပဲ အသိဆုံးဖြစ်မယ်လေ၊ အဲဒါတွေကို ပြန်ဆန်းစစ်ပြီး ရှင့်ကိုယ်ရှင် သတိထားပြီး ဂရုတစိုက်နဲ့ အကောင်းဆုံးဖြစ်အောင်နေကြည့် . . . ရှင် ကံကောင်းလာစေရမယ် . . . မယုံမရှိနဲ့ . . . အဲဒါ ကျွန်မ လက်တွေ့ကျင့်သုံးနေတဲ့ ကံကောင်းခြင်း ရဲ့ လျှို့ဝှက်ချက်ပဲ"

သူက သူ့ကိုယ်သူ ပြန်ငုံ့ကြည့်ကာ မထုံတက် သေးအပြုံးတစ်ချက် ပြုံးပြန်သည်။

"ကျွန်တော့် Personality တော်တော်ညံ့နေသလား မယ်ခေတ်ရှား"


တံခွန်တိုင်စာပေ
www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ ကျွန်မကို မမေးနဲ့လေ၊ ရှင့်ကိုယ်ရှင် မှန်ထဲမှာ ပြန်ကြည့်ပေါ့၊ ယောကျ်ားတစ်ယောက်ဟာ ကိုယ့်ကိုယ် ကိုယ် အရမ်းသ,နေစရာလည်း မလိုပါဘူး၊ ရေမွှေးတွေလည်း ဆွတ်နေဖို့ မလိုဘူး၊ သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ် ရပ်ဆိုရပါပြီ၊ ကဲ . . . ကျွန်မ ထမင်းသွားစားတော့မယ်၊ ရှင်လည်း . . . ရှင့်ဇာတ်ညွှန်းကို ဒီည အပြီးရေးခဲ့နော်၊ မနက်ဖြန် ဒီနေရာမှာ ပြန်ဆုံမယ် . . . အိုကေ"

သူ ပြန်ထွက်သွားတော့ ခေါင်း ငိုက်စိုက်ချမလို ဟန်ပြင်ပြီးမှ . . . သတိထားပြီး မတ်မတ် ပြန်လျှောက်တာကို မယ်ရှား မျက်စိတဆုံး လိုက်ကြည့်မိပါသည်။

ဏဏဏဏဏ





# အခန်း − ၃



www.burmeseclassic.com

www.burmeseclassic.com

အမှိုက်ပုံထဲကနေ

ရတနာရှာသလို ...

အဆိုးပုံတွေထဲကနေ

ကောင်းတာလေးတစ်ကွက်ကို

လိုက်ရှာဖွေရတာ ...

ပင်ပန်းတယ်ဆိုပေမယ့်

စိန်ခေါ်မှုကလေးတော့

ရှိနေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၃)

ခရီးထွက်တော့မယ်ဆိုလျှင် အရေးအကြီးဆုံးက အိမ်မှာကျန်ရစ်ခဲ့မည့် ကြီးတော်အတွက် လိုလေသေးမရှိအောင် ပြင်ဆင်စီမံပေးသွားရခြင်း ဖြစ်သည်။ အသက်ခုနစ်ဆယ်ရှိပြီ ဆိုပေမယ့် ဆယ်နှစ်စာလောက် နုပျိုလန်းဆန်းကာ အရွယ်တင် လွန်းသော ကြီးတော်သည် မယ်ရှား၏ Ideal ... Role Model... Angel တစ်ယောက်ဖြစ်သည်။ ထက်မြက် ရဲရင့်လွန်းသော မိန်းမ တစ်ယောက် . . . စာအလွန်ဖတ်ကာ အရာရာကို သိမြင်နား လည်တတ်ကျွမ်းသော ဗဟုသုတလည်း ကြွယ်လွန်းသော ကြီးတော်၏ အုပ်ထိန်းပြုစုမှုအောက်မှာ မယ်ရှား အံဝင်ခွင်ကျ ကြီးပြင်းလာခဲ့ခြင်းဖြစ်၏။ ဖေဖေနှင့် မေမေထက် ကြီးတော်နှင့် ပို၍ အနေနီးစပ်ရင်းနှီးလွန်းကာ



ပုံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကလေးကတည်းက ကြီးတော်နှင့်ပဲ အနေများခဲ့ကာ ကြီးလာတော့လည်း ကြီးတော်နှင့်ပဲ အတူနေဖြစ်ခဲ့ခြင်း ဖြစ်သည်။ ကြီးတော်က ယောက်ျား ဆိုသည်မှာ သူ လေးစားကိုးကွယ်ထိုက်သူကိုမှ သူ့ရဲ့ ခင်ပွန်း အဖြစ် တစ်သက်လုံး နံဘေးမှာ ကြည်ညိုချစ်ခင်စွာ လက်တွဲသွား လိုသည်ဟု ကြွေးကြော်ခဲ့သူပီပီ အရွယ်ကောင်းစဉ်က လှပချော မောလွန်းကာ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားလွန်းပြီး ချစ်သူ ခင်သူတွေ ဝိုင်းဝိုင်းလည်ခဲ့သလောက် လေးစားကြည်ညိုဖွယ် လူတစ်ယောက် ရှာမတွေ့ခဲ့ဘဲ တစ်ကိုယ်တော် အပျိုကြီးဘဝကို နှစ်သက်ကျေနပ်စွာ ရွေးချယ်ခဲ့သူလည်း ဖြစ်ပါသေး၏။ ကြီးတော်က စကားပြောလည်းကောင်းကာ ဒဿနတွေလည်း ရွှတ်တတ်သူမို့ မယ်ရှား အချိန်ရတိုင်း ကြီးတော်နှင့် စကားပြောရသည်။ ကြီးတော်ပြောသမျှ စကားလုံးတိုင်းကို မယ်ရှားက Angel တစ်ပါး၏စကားလို လေးလေးနက်နက် ယုံယုံကြည်ကြည် လိုက်နာတတ်ခဲ့သည်မှာ အကျင့်တစ်ခုလိုပဲ ဖြစ်ခဲ့ရပါသည်။ မယ်ရှားကို ကံကောင်းစေသော အောင်မြင် စေသော လူချစ် လူခင်များစေသော အောင်မြင်မှုရဲ့ လျှို့





ဝှက်ချက်တွေကို ကြီးတော်ဆီက အမွေရခဲ့ခြင်း ဖြစ်ပါ၏။ ကြီးတော်၏ဒဿနတိုင်း သည် မယ်ရှားအတွက် တသဝေမတိမ်း ယုံကြည်လိုက်နာဖို့ ကောင်းသော ဘဝ၏ ပြဋ္ဌာန်းချက်တွေလည်း ဖြစ်ခဲ့သည်။

"သမီးရဲ့ ချစ်ခြင်းမေတ္တာတွေကို လူတွေအများကြီး အပေါ်မှာပဲ မျှမျှတတ ဖြန့်ဝေထားရမှာ မယ်ရှားလေးရဲ့၊ လူတစ်ဦးတစ်ယောက်တည်းကို စွဲပြီး ချစ်လို့မရဘူး၊ ဘာဒိလို တစ်ယောက်တည်းကို စွဲစွဲလန်းလန်း ချစ်မိတဲ့အခါ အတ္တနဲ့ ငါစွဲတွေ ... တစ်ကိုယ်ကောင်းဆန်မှုတွေ ... စွဲလန်း တပ်မက်ခြင်းဆိုတဲ့ တဏှာတွေ ပါလာတတ်တယ်၊ အဲဒီ အခါကျရင် သမီးရဲ့စိတ်ဟာ အရင်အတိုင်း ပကတိ ဖြူဖွေး သန့်စင် မကြည်လင်နိုင်တော့ဘူးလေ၊ သမီးရဲ့ဘဝမှာ အောင်မြင်ခြင်းရဲ့ အဓိက လျှို့ဝှက်နက်နဲသိမ်မွေ့မှုက စိတ်ကို အဖြူစင်ဆုံး၊ အကြည်လင်ဆုံးနဲ့ အသန့်ရှင်းဆုံးထားဖို့ပဲ၊ ဘာအ ရောင်မှ အစွန်းအထင်းမခံရလေ သမီးဘဝ ပိုပြီး အရောင် တောက်ပ အောင်မြင်လေပဲ"

"ကြီးတော်က အရမ်းလည်းလှတယ် ... ထက်



www.burmeseclassic.com

www.burmeseclassic.com



လည်းထက်မြက်တယ် . . . အတွေးအခေါ်လည်း အရမ်းကောင်းတယ် . . . ကြီးတော်ရဲ့အချစ်ကို ရယူဖို့ ကြီးတော်ရဲ့နှလုံးသားကို သိမ်းပိုက်ဖို့ ချဉ်းကပ်လာခဲ့ တဲ့ ယောကျ်ားများစွာကို ကြီးတော် ဘယ်လို လိမ္မာပါးနပ်မှုမျိုးနဲ့ ရှောင်ရှားခဲ့သလဲဟင်"

ဟု မယ်ရှားမေးခဲ့စဉ် ကြီးတော်ပြုံးခဲ့သော အပြုံး. . . ဖြေခဲ့သောအဖြေကို . . . မယ်ရှား ဘယ်တော့မှ မမေ့နိုင်ပါ။

"ကြီးတော်ဆီ ချဉ်းကပ်လာသမျှ လူတိုင်းအတွက် ကြီးတော်ရဲ့ ကိုယ်ပိုင်ဥပဒေ ထုတ်ထားတာပေါ့ သမီးရဲ့၊ ဘယ်လိုအခြေအနေ အချိန်အခါမျိုးမှာပဲဖြစ်စေ . . . ရှင်ကျွန်မအပေါ် စိတ်ပြောင်းလဲလာတဲ့နေ့ ရှင် ကျွန်မ ကို ချစ်တယ်လို့ ဖွင့်ပြောမိတဲ့နေ့ဟာ . . . ရှင် ကျွန်မ ကို ဆုံးရှုံးလိုက်ရတဲ့နေ့ပဲလို့ ဥပဒေကို ကြိုပြီး ပြောပြထားတယ်၊ လိုက်နာနိုင်မှ ဆက်ပြီး ခင်မင်ခွင့်ပေးတယ်၊ မလိုက်နာနိုင်တဲ့သူ . . . သွားပစေပေါ့"

ထိုဥပဒေကို မယ်ရှား အလွန် သဘောကျသွားခဲ့ကာ အဲဒီဥပဒေကို ကြီးတော်ဆီကနေ အမွေဆက်ခံကျင့်သုံး





ခဲ့သည်မှာ . . . ယခုအချိန်အထိ အောင်မြင်ဆဲဖြစ်ပါသည်။ ကြီးတော်ကို ချစ်ခင်မိသူတိုင်းက လေးလည်းလေးစားကြရပါ၏။ ကြီးတော်ဘဝက ခုချိန်ထိ အေးချမ်းထည်ဝါကာ ခြွေရံသင်းပင်း အပြည့်အစုံနှင့် . . . ဘုရင်မတစ်ယောက်လို. . . လိုလေသေးမရှိ ပြည့်စုံခမ်းနားနေခဲ့ပါသည်။ ပူပန်ကြောင့်ကြလည်း မရှိစေရ . . . သံယောဇဉ် အနှောင်အဖွဲ့ဆိုလို့လည်း မယ်ရှားတစ်ယောက်သာရှိကာ . . . မယ်ရှားကိုလည်း သူ လက်လွှတ် စိတ်ချရလောက်သည်အထိ စိတ်တိုင်းကျ ပုံသွင်းစီရင်ခဲ့ပြီးပြီ။ သူ့ခေတ်သူ့အခါက အကယ်ဒမီတွေ ငါးဆုရခဲ့သည်အထိ လျှမ်းလျှမ်းတောက်အောင်မြင်ကျော်ကြားခဲ့သော ဒါရိုက်တာတစ်ယောက်ဖြစ်ခဲ့သူ ကြီးတော်သည် . . . အခုတော့ အနုပညာနယ်ပယ်ထဲကနေ အေးအေးဆေးဆေး အနားယူကာ တစ်နေ့ကို စာအုပ်တစ်အုပ်ဖတ် . . . ရုပ်ရှင်တစ်ကားကြည့်ကာ . . . တရားထိုင်ခြင်းဖြင့်မွေ့လျော်လျက် ခုချိန်ထိခေတ်မီမီနေထိုင်ဆဲဖြစ်ကာ Internet သုံးဆဲ . . . online မှာ သူငယ်ချင်းတွေနှင့် ဆုံစည်းဆဲ . . . သူငယ်ချင်းအဟောင်းအသစ်တွေနှင့် facebook မှာ ပျော်ရွှင်ဆဲ . . .



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ ရွယ်တူသူငယ်ချင်းတွေနှင့် စုချိန်းကာ ကော်ဖီဆိုင်ထိုင် စားသောက်ဆိုင်ထိုင်ကာ ခေတ်နောက်မှာ မကျန်ခဲ့သော ခေတ်ဆန်သူတစ်ယောက် ဖြစ်ပါသည်။ ကြီးတော်ထံမှ အတုယူလေ့လာသင်ယူစရာတွေ . . . ဘဝနေနည်းတွေ. . . ဘယ်တော့မှ ကုန်နိုင်မည် မထင်ပါ။ ကြီးတော်ကို ကြည့်လိုက်လျှင် အမြဲရယ်ရယ်မောမော . . . ပျော်ပျော်ရွှင်ရွှင် . . . မယ်ရှားနှင့်ပင် သူငယ်ချင်းတစ်ယောက်သဖွယ် အမီလိုက်ပေါင်းနိုင်ပါ၏။

အပြင်ထွက်လျှင် လှလှပပပြင်ဆင်ပြီး နုပျိုနေအောင် ရှာကြံနေထိုင်တတ်သော ကြီးတော်မို့ မယ်ရှား ခရီး ထွက်မယ်ဆိုလည်း စိတ်မချစရာတော့မရှိပါချေ။

"ကြီးတော် . . . သမီး မနက်ဖြန် ခရီးထွက်မယ်နော်၊ အိမ်ကလူတွေကို လိုအပ်တာတွေ အားလုံးစီစဉ်ပေးခဲ့ပါပြီ၊ ကြီးတော် လိုတာရှိရင် ဖုန်းဆက်ရင်ဆက် . . . မက်ဆေ့ချ်ပို့ရင်ပို့ ... F.B ကနေလှမ်းအော်ချင်အော်လိုက်နော်"

"စိတ်ချပါသမီးရယ်၊ သမီးသာလျှင် စိတ်ဖြောင့်လက်ဖြောင့်နဲ့ လုပ်ရမယ့် အနုပညာကို အကောင်းဆုံး အလန်းဆုံး





ဖန်တီးခဲ့ပါ . . . ကြီးတော်ရဲ့သတင်းတွေ facebook ကနေ update လုပ်နေမှာ စိတ်သာချ၊ မနက်ဖြန်တောင် facebook က သူငယ်ချင်းတွေ စုချိန်းထားတယ်၊ ladies day out ပေါ့ . . . အဟေးဟေး၊ ခင်ပြီးသားလူတွေရော . . . အခုမှ စ,ခင်မယ့်သူတွေရော ပေါ့လေ"

ကြီးတော်စကားကို သဘောတွေကျကာ မယ်ရှားအားပါးတရပြုံးမိသေး၏။ မယ်ရှားကိုယ်တိုင်လည်း အခင်မင်အရင်းနှီးဆုံးသော မိတ်ဆွေသူငယ်ချင်းတွေ . . . ရင်ဘတ်ကာလာချင်းတူသော ဘော်ဘော်တွေနှင့် တစ်လတစ်ခါလောက်တော့ ချိန်းပြီး day out ထွက်နေကျမို့ . . . ထိုအရသာကို အလွန်သဘောကျသူပါ။ စားချင်တာတွေ စုံအောင်မှာစားပြီး ကမ္ဘာ့သတင်း ပြည်တွင်းသတင်းတွေ စုံလင်အောင် တစ်ယောက်တစ်ပေါက် သတင်းဖလှယ်ကြသော အလုပ်မို့ မယ်ရှားတို့လို အနုပညာသမားတွေအတွက် အလွန် အသုံးဝင်လှပါသည်။

"အလွန်ကောင်းသော အစီအစဉ်ပါ ကြီးတော်ရေ. . . သမီး သွားခါနီး ကြီးတော်ကို ကန်တော့ပါရစေဦး"


www.burmeseclassic.com

www.burmeseclassic.com



မယ်ရှားက ထုံးစံအတိုင်း ခရီးထွက်ခါနီးတိုင်း ကြီးတော်ကို သေသေချာချာ လေးလေးနက်နက် ဦးခိုက်ကန်တော့ပါ၏။ ကြီးတော်ကလည်း ထုံးစံအတိုင်း ဆုတွေ အရှည်ကြီးပေးပြီးနောက် . . .

"ဘာတွေထူးသေးတုန်း သမီး၊ ကြီးတော်ဆီက အကြံဉာဏ်တွေ ဘာလိုဦးမတုံး"

ဟု ဆိုတာနှင့် လုံ့လနှင့်ပတ်သက်သော စိတ်ကူးတစ်ခုကို ကြီးတော်ကို ပြောမပြရသေးသဖြင့် အတိုချုံး၍ ပြောပြဖြစ်ပါသည်။ ကြီးတော်က သဘောတကျ ခေါင်းတညိတ်ညိတ်ရှိသည်။ ကြီးတော်ကိုယ်တိုင်လည်း တကယ်တော်ပြီး အရည်အချင်းရှိသော ဒါရိုက်တာအသစ်တွေ မင်းသားမင်းသမီးတွေအများကြီးပဲ လက်တွဲဖေးမကာ မြေတောင်မြှောက်ပေးခဲ့ဖူးသည်မှလား . . .။

"သိပ်ကောင်းတယ် သမီး၊ တော်တဲ့လူတွေကို လက်တွဲခေါ်ယူပြီး နေရာပေးတာ . . . မင်္ဂလာသိပ်ရှိတယ် သမီး၊ လက်ဆင့်ကမ်းတွဲခေါ်နည်းပေါ့၊ လူတိုင်းမှာ အကောင်းဆုံး အရည်အသွေး တစ်ခုလောက်တော့ သူ ကိုယ်တိုင်တောင် သတိမထားမိဘဲ ရှိနေတတ်တာမျိုး၊ ကိုယ်ကမြင်ပြီး အရောင်တင်ပေးလိုက်နိုင်ရင် နှစ်ဦး နှစ်ဖက်အတွက်ရော၊ လောကအတွက်ပါ အင်မတန် အကျိုးရှိတယ်၊ လူတွေအများကြီးထဲက စစ်မှန်ပြီး အဖိုးတန်တဲ့လူတစ်ယောက်ကို ရွေးထုတ်နိုင်ဖို့ဆိုတာ အမှိုက်ပုံထဲကနေ ရတနာရှာသလို အဆိုးပုံတွေထဲကနေ ကောင်းတာလေးတစ်ကွက်ကို လိုက်ရှာဖွေရတာ. . . ပင်ပန်းတယ်ဆိုပေမယ့် စိန်ခေါ်မှုကလေးတော့ရှိနေမှာပါ"

"ဟုတ်ပါတယ် . . . ကြီးတော်၊ သမီးလည်း အဲဒီလိုပဲ တွေးထားပါတယ်"

"ကောင်းတယ်သမီး . . . ဘာပဲလုပ်လုပ် စေတနာကိုသာ အကောင်းဆုံးထား . . . ပြင်းပြထက်သန်တဲ့ စိတ်နဲ့လုပ်၊ လေးလေးနက်နက်သာလုပ်၊ သမီး အောင်မြင်မှာ အသေအချာပဲ"

"ကျေးဇူးပါ ကြီးတော်ရယ်၊ ကြီးတော်နဲ့ စကားပြောလိုက်ရရင် လူက အလိုလို အားဆေးသွင်းလိုက်သလို လန်းဆန်းဘက်ကြွသွားတာပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . . ဟုတ်ရဲ့လား သမီးရယ် ကြီးတော်ကို မြှောက်နေတာလား၊ ကြီးတော်ကတော့ အသက်ကြီးလာလေလေ . . . စိတ်ဓာတ်ခွန်အားနဲ့ ပြင်းပြထက်သန်မှုတွေ . . . လန်းဆန်းတက်ကြွမှုတွေကို သမီးတို့ လူငယ်လေးတွေဆီကနေ ပြန်ကူးစက် သင် ယူနေရတာပါအေ၊ အသက်ကြီးလာရင် . . . အထီးကျန် အားငယ်ချင်တဲ့စိတ်၊ ကိုယ် ရွှေထီးဆောင်းခဲ့တဲ့ လျှမ်းလျှမ်း တောက်အောင်မြင်ခဲ့တဲ့ အတိတ်ဆီကနေ ကိုယ့်ကိုယ်ကိုယ် ရုန်းမထွက်နိုင်တဲ့ စိတ်တွေက လူကို ဒုက္ခပေးမှာလေ၊ ကြီးတော်ကတော့ ဘဝကို တစ်နေ့စာစီပဲ ဖြတ်သန်း နေထိုင်တော့တယ်၊ ဒီနေ့ကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်မယ်၊ ကုသိုလ်ရအောင် တရားရအောင်လည်းနေမယ် ကိုယ်တိုင်လည်း ပျော်ရွှင်အောင် နေမယ်၊ သူတစ်ပါးတွေကို လည်း ပျော်အောင်လုပ်ပေးမယ်၊ အတိတ်ထဲမှာလည်း ကိုယ့်ကိုယ်ကိုယ် လှောင်ပိတ်မထားချင်ဘူး၊ မလာသေးတဲ့ မနက်ဖြန်အတွက်လည်း ကြိုတင်ပြီး ရင်မခုန်တော့ဘူး . . . တစ်နေ့စာပဲ အသက်ရှင်တယ်"





ထုံးစံအတိုင်း ကြီးတော်ရဲ့ စကားလေးတွေထဲမှာ မှတ်သားလိုက်နာစရာ အဖိုးတန် ဒဿနကလေးတွေတော့ ပါလာတတ်မြဲပါ။ ကြီးတော်နှင့် စကားပြောပြီးတော့ မနက်ဖြန်အတွက် မယ်ရှားအဆင်သင့်ဖြစ်နေပါပြီ . . .။

ဏဏဏဏဏ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၄



www.burmeseclassic.com

www.burmeseclassic.com

"လူတစ်ယောက်ကို … သူ့ရဲ့မျက်ဝန်း
တွေထဲ လေးလေးနက်နက်စိုက်ကြည့်
ပြီး … သူ့ဆီမှာရှိတဲ့ အကောင်းဆုံး
အရည်အသွေးတစ်ခု ဒါမှမဟုတ် …
သူပြောလိုက်တဲ့ စကားတစ်ခွန်း …သူ
လုပ်လိုက်တဲ့ အပြုအမူကလေးတစ်ခု
ကို စိတ်ပါလက်ပါနဲ့ အရိုးသားဆုံး
ချီးကျူးဖူးခဲ့ပါသလား။ မလုပ်ခဲ့ဖူးသေး
ရင် ခုပဲလုပ်ကြည့်လိုက်ပါ ထူးခြားတဲ့
ရလာဒ် တစ်ခုကို သင်ကိုယ် တိုင်ပဲ
ခံစားမိပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၄)

မယ်ရှားက ကိုယ့်ကားကို ကိုယ်တိုင်မောင်းပြီး အနောက်မှာတော့ ရုပ်ရှင်အဖွဲ့သားတွေနှင့် စက်ပစ္စည်းတွေ အတ်ပို့ဇာတ်ရုံတွေအတွက် mini bus တစ်စင်းစီစဉ်ပေးကာ ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် အတူတူပဲ သွားကြဖို့စီစဉ်ပါ သည်။ ဇာတ်ကားထဲမှာပါဝင်မည့် အဓိက,မင်းသား မင်းသမီး တွေကတော့ သူတို့အစီအစဉ်နှင့်သူတို့ နောက်တစ်ရက်မှ ရောက်လာမည့်သူ . . . ကြိုရောက်နှင့်ပြီး တခြားအဖွဲ့နှင့် ကား ချိတ်နှင့်သူတွေလည်းရှိသည်။ ကားစတင်ထွက်ခွာမည့် စုရပ်နေ ရာမှာ ထုံးစံအတိုင်း လူတွေ တရုန်းရုန်းနှင့် စည်ကား ဆူညံနေ တာကို မယ်ရှားက ကိုယ့်ကားပေါ်ကနေ အသာထိုင်ငေးကြည့် နေစဉ် မယ်ရှား၏မြင်ကွင်းထဲသို့ လူတစ်ယောက်ဝင်လာခဲ့ပါ၏။



ထုံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ချက်ချင်းမမှတ်မိ။ မျက်မှောင်ကလေးကြုတ်ကာ ကြည့်နေရင်း မယ်ရှား မျက်ခုံးတွေ ပင့်တက်သွားကာ . . . မျက်လုံးအဝိုင်းသားနှင့် မပြုံးမိဘဲ မနေနိုင်အောင် ဖြစ်သွားရပါသည်။

လက်စသတ်တော့ လုံ့လပါလား။ မနေ့ကထိ ဇာတ်ညွှန်းအတူလာရေးနေချိန်တိုင်းမှာ အလွန် မျက်စိနောက်ဖွယ်ကောင်းသော ဆံပင်ဖရိုဖရဲနှင့် တစ်ထည်တည်းသော ဖလန်နယ်ရှပ်အင်္ကျီကြီး ဗိုသီဖတ်သီနှင့်သာ သူ့ကို တွေ့ခဲ့ရသည်။ သူ့ရဲ့ personality ကို ပြင်ဆင်ဖို့ . . . မယ်ရှား ပြောခဲ့တာကို သူ့ဘက်က အရေးတယူ တုံ့ပြန်ပြုပြင်ခြင်း မရှိခဲ့တာမို့ မယ်ရှားကတော့ စိတ်ထဲမှာတောင် ဓားမှတ်ထားခဲ့ပြီးသား။ သိပ်အမြင်ကတ်လာရင်တော့ တီရှပ်တစ်ထည်နှင့် ဂျင်းပဲန်တစ်ထည်ဝယ်ပြီး လက်ဆောင်ပေးလိုက်ကာ . . .

"အဲဒါပဲ ဝတ်"

ဟု . . . ပြတ်ပြတ်သားသားပဲ အမိန့်ပေးတော့မလို့ပါ။ ဒီနေ့မှ သူ့ကိုယ်သူ လူသစ်စိတ်သစ်အသွင်သစ် ပုံစံမျိုး သူ့ကိုယ်တိုင် ဖန်တီးထားခဲ့ပုံရသည်။ ဆံပင်ကို ခပ်တိုတိုညှပ်ထားကာ . . . cap ဦးထုပ်ကတော့ ဆောင်းထားဆဲ။ ကော်လာကတုံးရှပ်လက်တိုနှင့် . . . ယောပုဆိုးလို ချည်ပုဆိုးတစ်ထည်နှင့် ဘွဲ့ဖက်ဝတ်ထားကာ ကျောပိုးအိတ်တစ်လုံးသာလွယ်ထားခဲ့သည်။ သူလည်း minibus ပေါ်တက်ဖို့ ပြင်ဆင်နေသည်။ သူ့ကို အဖွဲ့သားတွေနှင့် မိတ်ဆက်မပေးရသေး။ ဘယ်သူမှ သူ့ကို မသိ ။ သူကတော့ သူ့စတိုင်လ်အတိုင်း ထုံနပေပုံစံနှင့် အသာရပ်လို့ . . . အားလုံးကားပေါ်တက်ပြီးမှပဲ သူ နောက်ဆုံးမှ အေးအေးဆေးဆေးတက်မည့်ဟန် . . . ။ တကယ်ဆို သူ မယ်ရှားကို အရင်ဆုံး လာနှုတ်ဆက်ရမှာ မဟုတ်လား။ မယ်ရှား ကားပေါ်မှာ မယ်ရှားရယ် . . . မယ်ရှားရဲ့ assistant မ,ကလေး 'ရွှေပုလဲ'သာ ပါသည်မို့ . . . သူ ကံကောင်းလျှင် မယ်ရှားကားပေါ်မှာ ဇိမ်နှင့်လိုက်ပါစီးဖို့ မျှော်လင့်လို့ရသည်လေ။ အဲဒီလို မျှော်လင့်ထားပုံမရဘဲ . . . စက်အဖွဲ့သားတွေနှင့် တစ်သားတည်းဝင်ရောဖို့ သူ စိတ်ကူးထားပုံရပါသည်။

"ပုလဲ . . . ဟိုတစ်ယောက်ကို သွားခေါ်လိုက်ပါ။ ရှပ် အဖြူ ယောပုဆိုးနဲ့တစ်ယောက်လေ၊ လုံ့လတဲ့ . . . သူ့နာမည်က"





www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . မရှား"

ရွှေပုလဲ ကားပေါ်မှဆင်းကာ သူ့ကို သွားခေါ်လာသည်။

"ရှင် ကျွန်မကိုတောင် လာ မနှုတ်ဆက်ပါလား လို့လရဲ့"

"ဩော် . . . ကျွန်တော် ကျန်ရစ်ခဲ့မှာစိုးလို့ ကားနားမှာ ရပ်စောင့်နေတာပါ"

"ရှင့်ပုံစံ ပြောင်းလိုက်တာ . . . မိုက်သားပဲ၊ ခုမှပဲ အမြင်ရှင်းသွားတယ်၊ ရှင် ဒီကားနဲ့လိုက်လို့လည်း ရပါတယ်"

"ရပါတယ်ဗျ၊ ကျွန်တော် သူတို့နဲ့ပဲ လိုက်ပါ့မယ်"

"ကောင်းပြီလေ၊ ဒါဖြင့်လည်း ကျွန်မ ရှင့်ကို အဲဒီ တစ်ကားလုံးနဲ့ လိုက်ပြီး မိတ်ဆက်ပေးထားမယ်၊ ရှင်တို့ ရင်းနှီးသွားတာပေါ့"

မယ်ရှားကိုယ်တိုင် သူ့ကို ကားပေါ်ထိ လိုက်ပို့ပေးပြီး တစ်ကားလုံးနှင့် မိတ်ဆက်ပေးထားလိုက်သည်။ တချို့လည်း သူ့ကို ကောင်းကောင်းမှတ်မိနေခဲ့ပါသည်။

"သူ့နာမည်က လုံ့လတဲ့၊ ကျွန်မတို့နဲ့ အလုပ်အတူတူ





လုပ်မယ့် အလုပ်သင်ဒါရိုက်တာလက်သစ်လေးတစ် ယောက်ပေါ့။ သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံထားနော်၊ တစ်ချိန်မှာ သူလည်း နာမည်ကြီး' စူပါ ဒါရိုက်တာတစ်ယောက် ဖြစ်လာမှာ၊ သူ မသိနားမလည်တာ ကလေးတွေလည်း ဝိုင်းဝန်းကူညီ သင်ပြပေးလိုက်ကြပါ"

တချို့ကလည်း ပြုံးစိစိ . . . တချို့ကလည်း သူ့ပုံစံ ထုံပေပေကြောင့် စချင်နောက်ချင်ဟန်။ စိတ်ဝင်စားသည့်သူများလည်းရှိပါသည်။ ဇာတ်ပို့ မိန်းကလေးတချို့ ဖြစ်သည်။ သူ့ကိုထားခဲ့ပြီး . . . ခရီးစတင်ကြ၏။

ဏဏဏဏဏ



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို လေ့လာပြီဆိုလျှင် ရေဆုံးရေဖျားထိ သူ့စရိုက်သူ့အထာကို အသေးစိတ်ကျကျလေ့လာတတ်သော မယ်ရှားအတွက် သူသည် စိတ်ဝင်စားစရာ ကောင်းသော ဘာသာဗေဒအသစ်တစ်ခုဖြစ်ခဲ့ပါ၏။ သူ့မှာ ဘယ်လောက်ထိ လေ့လာသင်ယူနိုင်စွမ်း ... အနုပညာကို ဘယ်လောက်အတိုင်းအတာထိ အလေးအနက် ... နက်ရှိုင်းစွာ ရှုးသွပ်နိုင်စွမ်း ... ဘယ်လောက်ထိ ဖန်တီးနိုင်စွမ်းရှိနိုင်သလဲ ... ဘယ်ရွေ့ဘယ်မျှအောက်ခြေကနေ သူ အောက်သက်ကျေနိုင်သလဲ အနုပညာသမားတွေနှင့် သူ ဘယ်လောက်ပေါင်းသင်းဝင်ဆံ့နိုင်စွမ်း ရှိသလဲဆိုတာကို အလုပ်လုပ်ရင်းကနေပဲ ... မယ်ရှား မသိမသာ လေ့လာအကဲခတ်နေခဲ့သည်။





သူ့ကို ဘာလုပ်ဘာလုပ်ဟု တာဝန်ခွဲဝေစေခိုင်းခြင်းမရှိ။ သူ ဘာလုပ်မလဲ ... ဟုသာ စောင့်ကြည့်၏။ သူကတော့ မယုံနိုင်စရာကောင်းလောက်အောင်ပင် တက်ကြွထက်သန်နေခဲ့သည်။

မနက်မိုးလင်း ... ရိုက်ကွင်း စ,ပြီဆိုတာနှင့် ရိုက်ကွင်းထဲမှာ သူ့ကို တွေ့နေရပြီ။ ရိုက်မည့်ဇာတ်ကား၏ ဇာတ်ညွှန်းကော်ပီတစ်ခုကို သူ့ကိုပေးထားခဲ့သည်။ ရိုက်မည့် scene နံပါတ်ကို ပြောပြထားလိုက်သည်။ ထိုအခန်းအတွက် လိုအပ်မည့်အပြင်အဆင် ဇာတ်ကောင်မင်းသားမင်းသမီးတို့၏ ဒိုင်ယာလော့ခ်နှင့် မီးထိုးမှန်ထိုးသမားတွေရဲ့ နေရာ ... ကန်မရာ ရှုထောင့်အဲဒါတွေအားလုံးကို သူ အသေးစိတ် ပါဝင်ကူညီပါသည်။ မလိုအပ်ဘဲ မယ်ရှားနားမှာ လာမနေ။ ရှုတင်မနေဂျာကအစ ကန်မရာမန်းအပါအဝင် မီးထိုးမှန်ထိုးသမားတွေနှင့်အဆုံး သူက အောက်ကျို့ပြီး ပေါင်းသင်းထားသဖြင့် သူ့ကို ခင်မင်နေကြပြီ။

အံ့ဩစရာကောင်းသော သူ့ရဲ့ အပြုအမူတစ်ခု မှာ အနုစ်နာခံတတ်ခြင်းပဲဖြစ်သည်။ ထမင်းစားချိန်ဆိုလျှင်



www.burmeseclassic.com

အားလုံးရဲ့ နောက်ဆုံးမှာမှ သူ တန်းစီလေ့ရှိတာကို သတိထား မိသည်။ ပစ္စည်းတစ်ခုခုရွေးပြီဆိုလျှင် သိပ်မကောင်းတာနှင့် ပိုကောင်းတာမှာ သိပ်မကောင်းတာကိုပဲ သူ့အတွက် ရွေးချယ်ပြီး ပိုကောင်းတာကို သူများအတွက် ချန်ပေးထားတတ်သူ ဖြစ်သည်။ သူ့ရဲ့ စိတ်ဓာတ်ကလေးကိုသိချင်တာနှင့် မယ်ရှား မေးမိတော့ . . .

"သူများ ပိုကောင်းသွားတာလေး ရသွားပါစေဆိုတဲ့ စေတနာလေးထားလိုက်တာပါ၊ ကိုယ်က ကောင်းတာကို အရင်ဆုံး ရွေးယူလိုက်ရမှာ ရှက်စရာကြီးဗျ . . ."

ဟု သူက အရိုးခံပဲ ပြန်ဖြေခဲ့ပါသည်။ မနက်မိုးလင်းကနေ ညမိုးချုပ်တဲ့အထိ တစ်နေကုန်ရိုက်ပြီး . . . ရှုတင်ပြီးချိန်ဆို မယ်ရှားတို့တစ်ဖွဲ့လုံး တည်းခိုကြသော ခြံဝင်းကျယ်ထဲမှာ လမ်းလျှောက်တာမျိုး မြက်ခင်းပြင်မှာ ပက်လက်လှန်ပြီး စိတ်လွတ်ကိုယ်လွတ်လဲလျောင်းကာ အတွေးတွေ ဖြန့်ကျက်နေ လိုက်ခြင်းမျိုးဖြင့် မယ်ရှား အပန်းဖြေလေ့ရှိပါသည်။ တစ်ခါ တစ်ရံမှာ သူ စကားလာပြောတတ်သည်။ များသောအားဖြင့် ကတော့ မနက်ပိုင်းကရိုက်ခဲ့သော ရိုက်ကွင်းထဲက သူသိချင် တာလေးတွေ . . . သူ့အယူအဆကလေးတွေ လာဆွေးနွေး တတ်ခြင်းဖြစ်ရာ . . . မယ်ရှားကလည်း ပွင့်ပွင့်လင်းလင်း... တ်ပါလက်ပါ သူနှင့်အပြန်အလှန် ဆွေးနွေးတတ်ပါသည်။

"ကျွန်တော်ကလေ . . . ခံစားမှုတွေကို နိမိတ်ပုံ ...လေးတွေနဲ့ ယှဉ်ပြီး ပြတာမျိုးလေးကို သဘောကျတယ်ဗျ၊ ...ပမာ ဒေါသထွက်နေတဲ့ လူတစ်ယောက်ကို ရိုက်မပြခင် . . . ...ာန်ဖီနေတဲ့ ကျားတစ်ကောင်ရဲ့ ရုပ်တုကို အရင်ဆွဲရိုက်ပြပြီးမှ . . . သူ့ကို ပြတာမျိုး ပေါ့၊ အဲဒါ ရိုးစင်းသလား မယ်ရှား"

"အင်း . . . အဲဒါမျိုး နိမိတ်ပုံတွေကို အရင်ခေတ်က ...ါရိုက်တာကြီးတွေပဲ သုံးလေ့ရှိတယ်၊ ကျွန်မတို့ခေတ်မှာ ...နိမိတ်ပုံတွေသိပ်မသုံးတော့ဘူး . . . ပိုပြီး မော်ဒန်ဆန် ...သာတယ်ခေါ်မှာပေါ့၊ ရိုက်ညွှန်းတွေလည်း ပြောင်းသွားပြီ၊ ...နက်အိပ်ရာထ . . . ရေမိုးချိုး . . . breakfast စားတာတွေကို ...အသေးစိတ် တစ်ခန်းပြီးတစ်ခန်း စီစဉ်တကျတွေ ရိုက်ပြ ...နေတော့ဘူး၊ မင်းသားနဲ့မင်းသမီး တွေ့ဖို့ချိန်းတာကို message ...ကလေးရိုက်ပြပြီး နောက် တစ်ကဒ်မှာ နှစ်ယောက်ဆုံတာကို ...ခန်းရိုက်ပြတဲ့ခေတ် ဖြစ်သွားပြီ၊ အရင်ကလို အကျီ

www.burmeseclassic.com

ရွေးချယ်တာတွေ . . . မိတ်ကပ်လိမ်း . . . အလှပြင်တာတွေ. . . ရေမွှေး ဆွတ်တာတွေ . . . ကားမောင်းတာတွေကို အသေးစိတ် ရိုက်မပြတော့ဘူးပေါ့ . . . အရာရာဟာ ပွင့်ပွင့်လင်းလင်းနဲ့ ပိုပြီးမြန်ဆန်သွက်လက်လာတယ်၊ love scene လိုမျိုး play black ထည့်ရင်လည်း သီချင်းဆိုပြီး လက်တွဲလျှောက်ပြေးမပြတော့ဘဲ အဲဒီထဲမှာ MTV လို သရုပ်ဖော်ပုံကလေးတွေ ခပ်သွက်သွက် ထည့်ပေးတာကို ပရိသတ်က ပိုသဘောကျတယ်လေ၊ ကျွန်မက ရိုက်ချက်လှလှကလေးတွေဆန်းသစ်ပြီး ထည့်ရတာကို ပိုကြိုက်တယ်၊ ပြီးတော့ ဇာတ်လမ်းကို နောက်ခံ တေးဂီတအဆန်းကလေးတွေ ရှာဖွေထည့်ပြီး ပံ့ပိုးပေးရင် ဇာတ်က ပိုကြွပြီး အသက်ပိုဝင်လာတယ်လို့ ခံစားရတယ်"

သူက ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်တတ်ပါ၏။

"မယ်ရှားက . . . အသက်ငယ်ငယ်လေးနဲ့ အရမ်းတော်တာပဲနော်၊ ရိုက်ကွင်းမှာဆိုရင် အရမ်းစေ့စပ်သေချာပြီး စည်းစနစ်ကျတာကို ကျွန်တော် အရမ်းလေးစားတယ်ဗျ၊





မယ်ရှားဆီကနေ ကျွန်တော် သင်ယူစရာတွေ အများကြီးပဲ"

သူ့ဆီက ရိုးသားသော ချီးမွမ်းစကားကို မယ်ရှား သဘောတကျပင် ခံယူမိပါသည်။

"ကျွန်မ အများကြီး ကြိုးစားရတာပေါ့ လုံ့လရယ်၊ ခုခေတ်မှာ လူငယ်တွေက အရမ်းတော်ပြီး အပြိုင်အဆိုင်လည်း အရမ်းများလာတယ်၊ လူတိုင်းက ကိုယ့်ထက်ပိုတော်အောင် [illegible]းနေတဲ့ သူတွေချည်းပဲ၊ အဲဒီတော့ ကိုယ်ကလည်း ကိုယ့်ကိုယ်ကိုယ် တော်နေအောင်၊ ချွန်မြနေအောင် အမြဲသွေးထားရမှာ၊ ကိုယ်တော်နေရင် လူတွေက ကိုယ့်ဆီ အလိုလိုရောက်လာရမှာပဲ၊ ကိုယ့်ကို ရွေးချယ်ရမှာပဲပေါ့ . . . ဟုတ်တယ်မှုလား၊ ကျွန်မက တော်တဲ့လူတွေ အောင်မြင်တဲ့ လူတိုင်းကို မုဒိတာလည်းပွားသလို စိတ်လည်းဝင်စားတယ်၊ သူ အောင်မြင်တာ သူ တော်လို့ပေါ့၊ သူလိုတော်အောင် ကြိုးစားရင် ကိုယ်လည်း အောင်မြင်မှာပဲ၊ ရိုးရိုးလေးပဲ တွေးလေ၊ သူ ဘယ်နေရာမှာ တော်တာလဲ . . . တော်အောင် သူ ဘာတွေ လုပ်သလဲ၊ ကိုယ်က အတုယူရမှာပေါ့၊ ရှင် ကျွန်မ အနား ရောက်လာတာ၊ ရှင့်အတွက် အခွင့်အရေးတစ်ခုပဲလို့


www.burmeseclassic.com

www.burmeseclassic.com



ပြောရင်များ ကျွန်မကြီးကျယ်ရာများ ကျနေမလားမသိဘူး ဒါပေမယ့် ဒီရိုက်ကွင်း တွေဆီကနေ ရှင့်အတွက် မဆုံးနိုင်တဲ့ လေ့လာသင်ယူစရာတွေ အများကြီးပဲ၊ ဗီဒီယိုတစ်ကား အစ,ကနေ အဆုံးထိ ဘယ်လိုပြီးမြောက်အောင် ရိုက်ရသလဲဆိုတာ ရှင်လေ့လာခွင့်ရမယ်၊ ရှင့်အတွက် ဒီ ရှုတင်ရိုက်ကွင်းတွေဟာ လက်တွေ့ကွင်းဆင်းနေရတဲ့ အနုပညာ သင်တန်းကျောင်းတစ်ခုပဲ၊ ကားတွေ ရိုက်ပြီးတဲ့အခါ E…ting လုပ်တာကအစ အဆုံးထိ . . . ရှင့်ဘာသာ ရှင် ဝ်ေ့လာသင်ယူပါ၊ ကျွန်မက ရှင့်ကို သင်တန်းသား လေးတစ်ယောက်လို spoon feeding မျိုးနဲ့ သင်ပေးမှာ မဟုတ်ဘူး၊ ရှင့်ဘာသာရှင် လေ့လာ၊ လိုအပ်ရင် ရှင့်ကိုယ်ပိုင် camera ကလေးနဲ့ ရိုက်ချင်ရိုက်ထားနိုင် တယ်၊ ဒီအခွင့်အရေးမျိုး တခြားသူတွေကို တော့ ကျွန်မ ပေးမှာမဟုတ်ဘူး၊ ရှင့်ရဲ့ ရိုးသားဖြူစင်မှုကို ယုံကြည်လို့ ပေးတာ၊ ရှင့်စိတ်ကြိုက် idea နဲ့ ရှင့်ဘာသာရှင် ဆန်းသစ်တီထွင်ကြည့်ပါ၊ ရှင်သိချင်တာ ကျွန်မဆီမှာ အကုန်မေးလို့ရတယ်၊ ကျွန်မ ရှင်းပြပေးမယ်"

"ကျေးဇူးပါဗျ . . . မယ်ရှား၊ မယ်ရှား ခုလောက် ရက်ရောလိမ့်မယ်လို့တောင် ကျွန်တော် ထင်မထားမိပါဘူး၊ မိန်းကလေး အနုပညာသမားတစ်ယောက်ဖြစ်ပေမယ့် ကျွန်တော် အရမ်းကိုလေးစားပါတယ်"

"လေးစားရင် ကြိုးစားရှင် . . . လူတစ်ယောက်ကို ရှင် တကယ်လေးစားတယ်ဆိုရင် သူ့ထက်ပိုတော်အောင် ကြိုးစားပြရတယ် . . . သိလား"

သူက မယ်ရှားကို အလေးအနက် မျက်ဝန်းများဖြင့် ခိုက်ငေးကြည့်လို့နေခဲ့ပါ၏။







www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က စောစောစီးစီး ရှုတင်ပြီးသွားခဲ့ပါ၏။ ရိုက်ခဲ့သောကားကလည်း ပျော်ပျော်ရွှင်ရွှင် ဖန်စီအပျော်ကလေး မို့ ရှုတင်တစ်ခုလုံး ပေ့ါပါးပျော်ရွှင်နေခဲ့ကြသည်။ မင်းသား နေရောင်က မယ်ရှားနားကပ်လာကာ . . .

"ကျွန်တော်တို့ night out လေးဘာလေးထွက်ရအောင် တစ်ခုခု သွား စားကြတာပေ့ါ။ မိုးနတ်မေလည်း လိုက်မယ် တဲ့၊ မယ်ရှားရယ်၊ ကဲန်မရာမဲန်းရယ်၊ ဟိုလူပါ ခေါ်သွားရအောင် . . . လုံ့လလေ"





ဟု အစီအစဉ်လာဆွဲသဖြင့် မယ်ရှားလက်ခံလိုက်ရသည်။ ပြင်ဦးလွင်ရောက်ပြီးကတည်းက အလုပ်ချည်းသာဖိလုပ်နေခဲ့သဖြင့် ဘယ်မှမရောက်ရသေး။ မနက်ဖြန်တော့ BE Fall မှာ ကားလည်းရိုက်ရင်း အဖွဲ့သားတွေ တပျော်တပါး ပျော်ပွဲ စားထွက်ဖို့ စီစဉ်ထားပါ၏။

ရှုတင်သိမ်းပြီး ကိုယ့်အခန်းကိုပြန်ကာ ရေမိုးချိုး အဝတ်အစားလဲပြီး နေရောင် ဦးဆောင်ခေါ်သွားသော Restaurant ဆီသို့ ရွေ့ခဲ့ကြသည်။ မယ်ရှားခေါ်ခဲ့သဖြင့် လုံ့လသည်း ပါလာခဲ့သည်။ နေရောင်က နွေရာသီအပူဒဏ်ကို ရှောင်နေကျသူမို့ ပြင်ဦးလွင်မှာ ခြံဝန်းကျယ်ကျယ်နှင့် နွေရာသီစံအိမ်တစ်အိမ်ဝယ်ထားတာမို့ ပြင်ဦးလွင်သားတစ်ယောက်ပမာ ဘယ်နေရာမှာ ဘာရှိသလဲ . . . ဘာကောင်းသလဲဆိုတာ သူ သိပြီးသား။ ခြံဝန်းကျယ်တစ်ခုထဲမှာ ဖွင့်ထားသော အကင်ရော၊ ဟော့ပေ့ါ့ပါ စားလို့ရသော ဆိုင်ကလေးဖြစ်သည်။ အစားအသောက် ဘယ်လောက်ကောင်းသလဲဆိုရင် ခြံကြီးတစ်ဝင်းလုံးရှိ စားပွဲဝိုင်းတွေအပြည့် လူတွေစည်ကားကာ ဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲမှာပဲ စားရအောင်နော်၊ သီးသန့်ခန်းတွေ အကုန်ပြည့်နေပြီတဲ့"

"ရပါတယ် . . . လွတ်လွတ်လပ်လပ်ပေါ့၊ ခြံထဲမှာပဲ စား ရအောင်"

မယ်ရှားတို့အုပ်စုက တော်တော်တောင့်ပါသည်။ အရယ်သန်ပြီး အလွန်အာပြသော လူရွှင်တော်နှစ်ယောက်၊ မိန်းမထဲမှာလည်း ရယ်စရာအလွန်ပြောတတ်ကာ အာကျယ်သော ဟာသမယ်ကလည်း ပါသေးသည်။

"သူတို့ပါမှ ကျွန်တော်တို့ဝိုင်းက စိုပြေတာဗျ၊ ကဲ . . . သယ်ရင်းတို့ မှာချင်တာမှာ၊ စားချင်တာစား၊ ဘီယာ ဝိုင်ကြိုက်တာသောက် . . . ကျွန်တော် ရှင်းမှာ"

နေရောင်က သဗ္ဗါတရားလည်း ထက်သန်ကာ ရက်ရောသူလည်း ဖြစ်သူမို့ သူ့ကို အားလုံးက ချစ်ခင်ကြပါသည်။ ဟော့ပေါ့ . . . အကင် . . . ဘီယာ အစုံမှာပြီး . . . စားချင်တာစား၊ ပြောချင်တာပြောကာ၊ တဝါးဝါးတဟားဟားနှင့် ဆူညံစ,ပြုလာသည်။ အထူးသဖြင့် လူရွှင်တော်နှစ်ယောက် ဘီယာကလေးဝင်လာပြီမို့ အာဝဍ္ဍန်းတွေရွှင်ကာ အသံတွေ



တံခွန်တိုင်စာပေ



ညံ့ ကျယ်လာပြီ။ မယ်ရှားကတော့ သိပ်မစား။ ဟော့ပေါ့ သောက်ကာ ဝိုင်နည်းနည်းသောက်ရင်း သူတို့စကားတွေကို အားထောင်ရင်း ရယ်နေရသည်။ လူရွှင်တော်နှင့် ဟာသမယ်က အရွှန်းဖောက်လိုက်၊ ကျန်တဲ့လူတွေက ဝါးခနဲ ရယ်လိုက်ကြနှင့် ဆူလာသည်မို့ ဘေးဝိုင်းတစ်ဝိုင်းက မျက်စိနောက်လာဟန်ရှိသည်။ မယ်ရှားတို့ဝိုင်းဆီသို့ ထ,လာပြီး . . .

"ခင်ဗျားတို့ volume လျှော့ကြဗျာ၊ တစ်ခြံလုံး ခင်ဗျားတို့ အသံချည်းပဲ . . . ဘေးကလူတွေကိုလည်း အားနာဦးဗျ"

ဟု ပြောပြီး ပြန်ထွက်သွားသည်။ ရုတ်တရက်မို့ သူတို့အားလုံး ငြိမ်ပြီးခဲလိုက်ရသည်။ အဲဒီမှာ လူရွှင်တော်က တစ်စခန်းထ,ပြီး လုံ့လကို ခါးတို့ကာ . . .

"လုံ့လ . . . အဲဒီဝိုင်းမှာ သွားဝင်ထိုင်ပြီး အာခေါင်ခြစ်ပြီး သွားအော်ကွာ"

ဟု ပြောလိုက်ခြင်းဖြစ်သည်။ လုံ့လ ဖျတ်ခနဲ ထ, ထွက်သွားပြီး ဟိုဝိုင်းမှာ သွားထိုင်နေပြီမို့ မယ်ရှား မျက်လုံးပြူးသွားရသည်။



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . သူ တကယ် ယောင်တတ်တာနော်၊ နင် ဘယ်လိုလုပ်လိုက်တာလဲ ချစ်ပွားရဲ့၊ ဟိုမှာ . . . ပြဿနာတက်လိမ့်မယ်"

"စောင့်ကြည့်ပါ . . . မရှားရဲ့၊ အရမ်းရယ်ရတယ်၊ ဒီကောင် ရေရေလည်လည် ယောင်တတ်တာ၊ ပြင်ဦးလွင် အလာတုန်းက ကားပေါ်မှာ သူ့မှာ ယောင်တတ်တဲ့ အကျင့်ရှိတယ်ဆိုတာ သိပြီးကတည်းက တစ်လမ်းလုံး စ,လာတာ ပါးစပ်ကို မပိတ်ရဘူး . . . ရယ်နေရတာ"

မယ်ရှား မျက်မှောင်တွေ အတွန့်ချိုးသွားရပါ၏။ အဲဒီအကြောင်းကို သူ မယ်ရှားကို ပြန်ပြောခြင်း ပြန်တိုင်ခြင်း မရှိခဲ့ပါလား။ နေရောင်အပါအဝင် မယ်ရှားတို့အားလုံး သူ ဘာလုပ်မလဲ ဟု အသာစောင့်ကြည့်နေမိကြသည်။ သူက အဲဒီဝိုင်းမှာ ခပ်တည်တည်သွားဝင်ထိုင်လိုက်ကာ . . . ဟိုလူတွေ ဘာပြောပြော အာခေါင်ခြစ်ကာ အသားကုန်အော်ရယ်နေတော့ခြင်း ဖြစ်သည်။ ပြီးတော့ ဘာမှမဖြစ်သလို ခပ်တည် တည် လာပြန်ထိုင်သည်။ လူရွှင်တော်က ခါးကို ထပ်တို့ပြီး. . .

"လုံ့လ . . . သွားထပ်ရယ်ခဲ့ဦး"





ဟု ထပ်ခိုင်းလိုက်လျှင် သူ တကယ်ပဲ ထသွား ပြန်ကာ သွားထိုင်ပြီး အော်ရယ်ပြန်သည်။ ပြီးတော့ ပြန်လာ။ ဟိုစားပွဲကလူတွေ ဘာပြောလို့ပြောရမှန်းမသိ ကြောင်နေကြကာ ဘာမှထပ်ပြီး လာမပြောတော့။

"တော်ပြီ . . . ချစ်ပွား ထပ်မလုပ်နဲ့တော့၊ လူတစ်ယောက်ရဲ့ ချွတ်ယွင်းချက်ကို အခွင့်ကောင်း မယူသင့်ဘူးနော်"

"ဟိုဝိုင်းက ဘာလိုင်းကြီးလာပြောတာလေ မရှားရဲ့၊ ကျွန်တော်တို့ မခံချင်လို့ တစ်ခုခုပြန်ပြောရင် ရန်ဖြစ်ရုံပဲရှိမယ်၊ လုံ့လကို လွှတ်လိုက်တော့ ဟိုမှာ ငြိမ်သွားရော တွေ့လား . . ."

ချစ်ပွားက အလွန်မျက်နှာပြောင်သူပီပီ . . . ဆင်ခြေကိုမလျှော့။ လုံ့လကတော့ ရယ်လို့သာနေသည်။

"လုံ့လရယ် . . . ရှင့်ကိုယ်ရှင် ဘာသွားလုပ်မိမှန်းရော သိရဲ့လား"

ဟု မယ်ရှား သူ့ကိုကြည့်ကာ မေးမိတော့ သူက ခေါင်းယမ်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဗျ . . . အဲဒီအချိန်မှာ . . . ခိုင်းတာမှန်သမျှ လုပ်မိတာပဲ"

"နောက်ဆို ရှင်မှတ်ထား . . . လုံ့လ၊ ကိုယ့်ရဲ့ အားနည်းချက်၊ ချွတ်ယွင်းချက်ကို လူတိုင်းကို ရိုးသားစွာ ဖွင့်မပြောပြရဘူး . . . နားလည်လား၊ လူတိုင်းက ကိုယ့်ရိုးသားမှုနဲ့ မထိုက်တန်ဘူး"

မယ်ရှားစိတ်ထဲမှာ ဘာကိုမှန်းမသိ နာကျင်သလိုလေး ခံစားလိုက်ရသည်။ သူ့ကို ဒုတိယအကြိမ် ဗိုလ်ချုပ်ပန်းခြံထဲမှာ ဆုံတုန်းက ခါးပိုက်နှိုက်က ခိုင်းတဲ့အတိုင်း ယောင်ပြီး ထွက်ပြေးခဲ့တာကိုလည်း ပြန်အမှတ်ရမိသည်။

"စိတ်မဆိုးပါနဲ့ မရှားရယ် . . . ကျွန်တော်က ပျော်စေပြက်စေ နောက်လိုက်မိတာပါ . . . ဆောရီးပါ"

ချစ်ပွားက မယ်ရှားကို ချက်ချင်းပြန်တောင်းပန်ခဲ့သည်။

"OK ပါ ချစ်ပွားရာ၊ နင်တို့က အစအနောက်သန်လွန်းပြီး သူက အရိုးခံ . . . ယောင်ကလည်း ယောင်တတ်သေးတော့ မဖြစ်သင့်တာတွေ ဖြစ်မှာစိုးလို့ပါ၊ လုံ့လက တို့ဆီကို



BURMESE CLASSIC .com



အခုမှရောက်လာတဲ့ ဧည့်သည်လေ၊ သူ ဘာမှ မပြောတတ်တိုင်း သည်းခံလွန်းတိုင်း အနောက်မလွန်စေနဲ့ပေါ့၊ ဟိုဗိုင်းက မတော်တဆထ,ရိုက်ရင် သူ အရင် ဆုံးခံရမှာ"

"မရှားကလည်း . . . အဲဒီလောက် မပူပါနဲ့၊ မဖြစ်ပါဘူး၊ သူ ရန်သွားစ,တာမှ မဟုတ်တာ၊ သွားရယ်ရုံပဲ ရယ်တဲ့ ဥစ္စာ . . ."

ချစ်ပွားက သူ့ထုံးစံအတိုင်း ဆင်ခြေကလေး တမြမြနှင့်မို့ မယ်ရှား ဘာမှ ဆက်မပြောတော့ပါ။ ဘာမှ ဖြစ်လောက်တဲ့ ပြဿနာလည်း မဟုတ်ဘူးမှလား။ ဟိုဘက်ဝိုင်းက အကဲပိုလွန်းသူတွေလည်း ငြိမ်သွားကြပြီမို့ စကားတွေဆက်ပြောရင်း ဆက်လက်ရယ်မောရင်း ညဆယ်နာရီထိုးမှ တည်းသည့်အိမ်ဆီ ပြန်လာခဲ့ကြသည်။ လုံ့လကို မယ်ရှားကားနှင့် ပြန်ခေါ်လာခဲ့သည်မို့ ကားပေါ်ရောက်မှ မနေနိုင်စွာ သိချင်တာလေးတွေ ဆက်မေးဖြစ်ပါ၏။

"လုံ့လ . . . အဲဒီယောင်တတ်တဲ့အကျင့်ဆိုးကြောင့် ရှင် တော်တော်မှ ဒုက္ခရောက်ခဲ့ရသလားဟင်"

သူက ပြုံးရယ်၍သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရောက်သလားလို့မမေးနဲ့ မယ်ရှားရေ၊ ကျောင်းမှာတုန်းက လူတကာရဲ့ အစအနောက်ကို ခံခဲ့ရတာ"

"ရှင် ဘာလို့ ငြိမ်ခံနေရသလဲ၊ အဲဒါကို မကြိုက်ဘူး၊ မလုပ်ပါနဲ့ မနောက်ပါနဲ့လို့ ကြိုပြောမထားဘူးလား"

"မပြောမိပါဘူး၊ သူတို့က အဲဒါကို ပျော်စရာတစ်ခုလို သဘောထားကြတာဆိုတော့ သူတို့အပျော်ကို မပိတ်ပင်ရက်ဘူး၊ ကျွန်တော့်ကြောင့် သူတို့ ရယ်ရတာကို ကျွန်တော်ကျေနပ်သလိုတောင် ဖြစ်သေးတယ်၊ အနည်းဆုံးတော့ သူတို့ကို ကျွန်တော် ဖျော်ဖြေနိုင်တယ်လို့ ပြောလို့ရတယ်လေ၊ ကျွန်တော်က ဖျော်ဖြေသူတစ်ယောက်ဖြစ်ချင်တာကိုး . . ."

မယ်ရှား ပြုံးမိပါသည်။ သူ့အဖြေနှင့်သူတော့ ဟုတ်နေသည်ကိုး . . .။

"အင်းလေ . . .၊ ရှင်ကျေနပ်ရင် ပြီးတာပါပဲ၊ ဂွတ်ဒ်နိုက်ထ် လုံ့လ၊ မနက်စောစောထ . . ."

"နိုက်ထ် မယ်ရှား"

"သြော် . . . ခဏလေးနေဦး . . . လုံ့လ၊ ရှင့်ကို တစ်ခုပြောမလို့၊ ရှင်က တကယ် ရိုးသားလွန်းတယ်နော် လုံ့လ၊ ယောကျ်ားတစ်ယောက်ဆီမှာ ဒီလောက်အပြစ်ကင်းတဲ့ ရိုးသားလွှန်းပုံမျိုး ကျွန်မ ရှာမတွေ့ဖူးသေးဘူး၊ အဲဒီရိုးသားမှုဟာ ရှင့်ဆီမှာရှိတဲ့ အကောင်းဆုံးအရည် အသွေးတစ်ခုပဲ"

မယ်ရှားသည် သူ့ရဲ့မျက်ဝန်းတွေထဲ လေးလေးနက်နက် စိုက်ကြည့်ပြီး သူ့ဆီမှာရှိတဲ့ အကောင်းဆုံး အရည်အသွေးတစ်ခုကို စိတ်ပါလက်ပါနဲ့ အရိုးသားဆုံး ချီးကျူးလိုက်ပါသည်။ သူ့မျက်နှာပေါ်မှာ ကြယ်တစ်ပွင့်ကြွေကျလာသလိုပဲ လင်းခနဲ ဖြာသွားတာကို မယ်ရှားတွေ့လိုက်ရသလို မယ်ရှားကိုယ်တိုင်လည်း ရင်ထဲမှာ ငြိမ့်ခနဲ သိမ့်ခနဲ ကျေနပ်နှစ်သိမ့်မိသွားသည်။ ဒီခံစားမှုက ဘာနှင့်မှမတူပါ။ လူတိုင်းဟာ ကိုယ့်ကို သူတစ်ပါးက ချီးမွမ်းတာ လေးစားတာကိုပဲ မျှော်လင့်တကြီး ရှိတတ်ကြတာပါ။ အဲဒီ ချီးကျူးသံကို ကိုယ်အရူးအမူး သိပ်လိုချင်မျှော်လင့်သလို တခြားသူတွေလည်း လိုချင်မက်မောမှာပဲ ဆိုတဲ့ စာနာနားလည်မှုနဲ့ . . . သူ့ဆီမှာရှိတဲ့ အကောင်းဆုံး အရည်အသွေးတစ်ခု . . . ဒါမှမဟုတ် . . . သူပြောလိုက်တဲ့ စကားတစ်ခွန်း . . . သူ လုပ်လိုက်တဲ့ အပြုအမူကလေးတစ်ခုကို စိတ်ပါလက်ပါနဲ့ အရိုးသားဆုံးချီးကျူးလိုက်ခြင်းဟာ သူ့ဘဝ





BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သူ့ခံယူချက်နဲ့ သူ့ကိုယ်သူ ယုံကြည်မှုတွေ တိုးသွားစေနိုင်ပါသည်။ ကိုယ်ကိုယ်တိုင်လည်း လူတစ်ယောက်ကို ဆုလာဘ်ချခွင့် ရလိုက်သလို ကြည်နူးနှစ်သိမ့်မှုကို ခံစားမိပါ၏၊ တကယ်တော့ သူ့ကို မြှင့်တင်ပေးလိုက်ခြင်းဟာ ကိုယ်တိုင်လည်း ကြီးမြတ်သွားခဲ့တာပါ။

ဏဏဏဏဏ

BURMESE CLASSIC .com

# အခန်း – ၅



P
တံခွန်တိုင်စာပေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ...

ကိုယ့်ဆီမှာ

ရှာမတွေ့နိုင်တဲ့

အရည်အသွေးကလေးတစ်ခု...

တခြားတစ်ယောက်ဆီမှာ

သင်ရှာတွေ့တဲ့အခါ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၅)

B.E waterfall ရိုက်ကွင်းသည် ထုံးစံအတိုင်း ဆူဆူညံညံ စည်စည်ကားကားနဲ့ ပျော်စရာလည်းကောင်းလှပါသည်။ ပျော်ပွဲမစားခင် အလုပ်ကိုအရင် ပြီးအောင်လုပ်နိုင်ဖို့အတွက် မယ်ရှား ခပ်သွက်သွက် ဦးဆောင်လောဆော်နေရပါ၏။ မိန်းကလေးတန်မဲ့ ရေတံခွန်နားအထိရောက်အောင်သွားပြီး ကိုယ့်စိတ်ကြိုက်နေရာကို ရအောင်ရွေးချယ်သည်။ တီရှပ်နှင့် ဂျင်း(န်)ပန် ဒူးဖုံးရုံကလေးပဲဝတ်ထားသော မယ်ရှားကို မသိတဲ့လူတွေက ဒါရိုက်တာလို့တောင် ယုံကြည်မှာမဟုတ်။ အသံတွေအားလုံးကို ဖုံးလွှမ်းနိုင်အောင် အော်နိုင်ဖို့အတွက် လက်ထဲမှာ အော်လံတစ်ခုကိုင်ထားလို့သာ တော်တော့သည်။



တိုက်ခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ရိုက်မယ်ဟေ့ . . . မင်းသားနဲ့မင်းသမီး အဆင်သင့်ဖြစ်ပြီလား၊ ကဲန်မရာမဲန်း ပြောထားတဲ့အတိုင်းနော်၊ အပေါ်စီးကနေ ယူရိုက်မယ်၊ ပြီးမှ တဖြည်းဖြည်း ဆင်းလာမယ် သတိထားကြနော်၊ ကျောက်တုံးတွေက ရေညှိတွေနဲ့ ချော်နေတယ်၊ အား . . . သွားပြီ"

သူများတွေကို သတိပေးနေရင်း စကားပင်မဆုံးခင်မှာ မယ်ရှား ဘယ်လိုဖြစ်သွားမှန်းမသိ ခြေထောက်ချော်သွားကာ ခွေခေါက်လဲကျသွားခဲ့၏။

"ဟာ . . . မရှား ချော်လဲပြီဟေ့"

"ရတယ် . . . ရတယ်"

မယ်ရှား ဇောနှင့်မို့ ဖွတ်အတင်း ပြန်ကျုံးထ, ရပ်လိုက်သည်။ ကျောက်တုံးတွေက တစ်ခါချော်လဲပြီးရင် ပြန်ထနိုင်ဖို့ အားယူလို့ မလွယ်ကူ။ ညာဘက် ခြေကျင်းဝတ်ဆီမှာ အလွန်နာကျင်နေတာကို ခံစားမိသည်။ ရေတွေကြားမှာ တဝုန်းဝုန်းနှင့် အပြေးအလွှားရောက်လာသူက လုံ့လဖြစ်သည်။

"မယ်ရှား . . . ရရဲ့လားဗျ . . . ကျွန်တော့်ကို တွဲလိုက်"





"ရတယ် . . . ရတယ် ခြေကျင်းဝတ်မှာတော့ တစ်ခုခုဖြစ်သွားပြီထင်တယ်၊ အား . . . နာလိုက်တာ"

"ဖိနှင်းလို့ရရဲ့လား . . . မရရင် . . . ကျွန်တော် ပွေ့ချီ လိုက်မယ်"

"နှစ်ယောက်စလုံး ပြုတ်ကျနေပါ့မယ်ဟယ်၊ ကျွန်မ ရအောင်ဆက်လျှောက်မယ်"

အသည်းခိုက်အောင်နာကျင်တာကို ဇွတ်တင်းပြီး မြေပြင်ဆီအထိရောက်အောင် ပြန်လျှောက်လာခဲ့သည်။ လုံ့လက မယ်ရှားရှေ့မှာ ဒူးထောက်ထိုင်ချကာ ခြေကျင်းဝတ်ကို သူ့လက် နှစ်ဖက်ဖြင့် ပွတ်သပ်နှိပ်နယ်ပေးလိုက်ရှိ၏။ ဒဏ်ရာက ချက်ချင်းကို နီရဲကာ အထိမခံနိုင်လောက်အောင် နာနေသည်။

"မယ်ရှား . . . အဆစ်တွေဘာတွေများ လွဲသွားသလား မသိဘူး၊ နီရဲပြီး တဖြည်းဖြည်းယောင်လာတယ်၊ ဆေးခန်း အရင်ပြေးမှ ထင်တယ်"

"အာ . . . ဒီအထိလာပြီးမှ ရိုက်ကွင်းမဖျက်ချင်ဘူးဟာ၊ ကျွန်မ ဒီမှာထိုင်ပြီး နားနေမယ်၊ လုံ့လ . . . ဒီဆဲင်းန်ကို ရှင် ရိုက်ပေး . . . ရှင့်ကို ကျွန်မ ညွှန်ကြားမယ်၊ ကျွန်မ ပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ရှင်လုပ်ပေး"

ယောက်ျားတစ်ယောက်၏ နူးညံ့သန်မာသော လက်ချောင်းများက မယ်ရှား၏ ခြေကျင်းဝတ်တဝိုက်မှာ ဒဏ်ကြေဆေးဖြင့် ပွတ်သပ်လိမ်းနယ်ပေးခြင်းကို ခံယူရင်း မယ်ရှားရင်ထဲမှာ အဓိပ္ပါယ်မသိသောခံစားချက် ဘာသာရပ်အသစ်အဆန်းတစ်ခုနှင့် စတင်မိတ်ဆက်ခံစားမိလေသည်။

"ဆေးလိမ်းပြီးရင် . . . မယ်ရှား ငြိမ်ငြိမ်လေးထိုင်နေလိုက်၊ မယ်ရှားဖြစ်ချင်တဲ့အတိုင်း ကျွန်တော် ကြိုးစားပြီးစီစဉ်ညွှန်ကြားပေးမယ်၊ ခြေထောက်ကိုဆက်ပြီး လှုပ်ရှားနေရင် . . . မယ်ရှား ဒဏ်ပိုဖြစ်လိမ့်မယ်၊ ရေတံခွန် ဆဲင်း(န်)ပြီးတာနဲ့ ဆေးခန်းပြေးလိုက်ပါ မယ်ရှားရယ်၊ ပိုဆိုးသွားမှာစိုးလို့ပါ"

"အိုကေ . . . အိုကေ . . . ကဲ . . . ကျွန်မ လိုချင်တာကိုပြောမယ် . . . ရှင် သေသေချာချာမှတ်နော် လုံ့လရှင့်ရဲ့ talent ကို ယုံကြည်စိတ်ချလို့ ကျွန်မ ခိုင်းတာ"

သူက မယ်ရှား၏မျက်ဝန်းတွေထဲ ထွင်းဖောက် မတော်စူးစူးနစ်နစ်စိုက်ကြည့်ပြီး မယ်ရှားပြောသမျှစကားကိုလေးလေးနက်နက် သေသေချာချာ နားထောင်ပါ၏။ ရိုက်





ကွင်းစ,တာ . . . သူ အားလုံးကို အသေးစိတ် စီစဉ်ညွှန်ကြားနေတာကို မယ်ရှားထိုင်နေသောနေရာကနေ အတိုင်းသားမြင်နေ ကြားနေရပါ၏။ မယ်ရှားတို့ အနုပညာသမားအုပ်စုကလေး၏စိစရာကောင်းမှုက ရိုက်ကွင်းအပြင်မှာ ဘယ်လောက်ပဲ ပြောချင်သလိုပြော၊ နောက်ချင်သလိုနောက်ကြပေမယ့် ရိုက်ကွင်းမှာ သူ့ကို ဒါရိုက်တာရာထူး ခဏလွှဲပေးလိုက်တာနှင့် သူ့ကိုနေရာပေးကာ ထုံးစံအတိုင်း လိုက်နာပေးကြခြင်းပဲဖြစ်သည်။ မယ်ရှားက မော်နီတာကနေတဆင့် ကြည့်နေကာ စိတ်တိုင်းကျမချင်း အော်လံနှင့် လှမ်းအော်နေတာကြောင့်လည်း ရသည်ပေါ့လေ။ ခုလို မျှော်လင့်မထားဘဲ အရေးပေါ်အခြေအနေမျိုးမှာ သူ့အရည်အချင်းကို လက်တွေ့စမ်းသပ်ခွင့်ရလိုက်သည်မှာ မယ်ရှားအတွက် ကျေနပ်စရာကောင်းသလို သူ့အတွက်တော့ အခွင့်အရေးတစ်ခု ဖြစ်ခဲ့ပါ၏။

မယ်ရှား၏ခြေထောက်က တဆစ်ဆစ်ကိုက်လာခဲ့သည့်အတွက် ရေတံခွန်မှာရိုက်ရမည့် ဆဲင်း(န်)တွေ အားလုံးရိုက်အပြီးမှာ ကျန်တဲ့အဖွဲ့သားတွေကို ပျော်ပွဲစား ဆက်လုပ်သွားရစ်ခဲ့ပြီး မယ်ရှားနှင့်လုံ့လ၊ ရွှေပုလဲတို့သုံးယောက်သာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းပြဖို့ ပြန်လာခဲ့ကြသည်။ သူ့ မျက်လုံးတွေက မယ်ရှား ဆီကို နှစ်မိနစ်တစ်ခါလောက် ရောက်ရောက်လာတတ်တာကို မယ်ရှား သတိထားမိပါ၏။ သူ့ မျက်ဝန်းတွေဆီမှာ စိုးရိမ် ပူပန်ရိပ်တွေ ခပ်ပျပျ မှိုင်းမှုန်လို့ . . .။

ရွှေပုလဲတောင် ဒီလောက် ပူပန်စိုးရိမ်မနေခဲ့၊ အဲဒီတော့ သူစိုးရိမ်တာက ပိုပြီး သိသာပေါ်လွင်နေသည်ပေါ့။ ဆေးခန်းရှေ့ ကားရပ်သည်နှင့် . . . နောက်ခန်းတံခါးကိုလာ ဖွင့်ကာ . . .

"ကျွန်တော် ပွေ့ချီသွားလိုက်မယ်၊ မယ်ရှားလမ်း လျှောက်မနေနဲ့တော့နော်"

ဟု စကားနှင့်အတူ ခွေ့ခနဲပွေ့ချီသွားတော့ မယ် ရှားမှာ ပါးစပ်အဟောင်းသား။ ငြင်းလည်းမငြင်းနိုင်ခဲ့ . . . ခြေထောက်က သိပ်ကို နာနေခဲ့ပြီလေ။

❀❀❀❀❀





မျှော်လင့်ထားခဲ့သည့်အတိုင်း ခြေကျင်းဝတ်မှ အဆစ်လွဲသွားခဲ့ခြင်းဖြစ်ပါ၏။ ဆရာဝန်က အဆစ်ကို နေရာ ဘကျ အံဝင်ခွင်ကျဖြစ်အောင် ပြန်တည့်ပေးကာ ဆေးလိမ်းပြီး ပတ်တီးစည်းပေးခဲ့ပါ၏။ သူ စကားတွေအများကြီး ပြောနေခဲ့ တာ မဟုတ်ပါ။ သို့သော် မယ်ရှားကို လှမ်းကြည့်လိုက်သော သူ့မျက်ဝန်းအကြည့်တိုင်းမှာ စကားတွေအများကြီး ပါသည်ဟု မယ်ရှား သိသိသာသာပင် ခံစားမိခြင်းဖြစ်သည်။ လူတစ် ယောက်၏ စိတ်ကို ဖတ်ကြည့်တတ်သော ဓလေ့ မယ်ရှားမှာ ရှိနေခဲ့တာကြောင့်လားတော့မသိပါ။ သူ့စိတ်ကို မယ်ရှားလှမ်း ဖတ်နိုင်နေခဲ့သည်။ ဆေးခန်းကအပြန်မှာ မယ်ရှားကို ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com





သက်သက် အနားယူဖို့ ဆရာဝန်က ခိုင်းလိုက်သည်မို့ တည်းသည့်အိမ်ဆီပဲ မယ်ရှားတို့ ပြန်ခဲ့ကြသည်။ လူကသာ ကုတင်ပေါ်မှာ နားနေပေမယ့် စိတ်ရယ်၊ မျက်စိရယ်၊ လက်တွေရယ်ကတော့ မနက်ဖြန်ရိုက်ရမည့် ဆဲင်း(န်)တွေအတွက် ကြိုတင်ပြင်ဆင်နေခဲ့သည်။

ခဏနေတော့ တံခါးခေါက်သံကြားရပြီး . . .

"မယ်ရှားအတွက် ကျွန်တော် ကော်ဖီလာပို့တာပါ"

ဟူသော သူ့အသံကို ကြားရသည်။ မယ်ရှားနှင့် ရွှေပုလဲ မျက်လုံးချင်းဆုံမိသွားကြ၏။ အခုလေးတင်ပဲ "ကော်ဖီသောက်ချင်လိုက်တာ" ဟု မယ်ရှား တ,လိုက်သည်ကို ရွှေပုလဲ ကြားလိုက်ရသည် မဟုတ်လား။ အခုပဲ . . . ရွှေပုလဲက မယ်ရှားအတွက် ကော်ဖီဖျော်ပေးဖို့ အခန်းထဲကနေ ထွက်တော့မလို့ ဟန်ပြင်နေတုန်း သူ ရောက်လာခဲ့ခြင်းဖြစ်သည်။

"အတော်ပဲ . . . မယ်ရှား ကော်ဖီပြင်းပြင်းကလေး သောက်ချင်နေတာ၊ ကျေးဇူးတင်ပါတယ် လုံ့လရေ၊ ရှင်လာတာနဲ့ အတော်ပဲ . . . ကျွန်မခြေထောက် အဆစ်လွဲတာနဲ့ ရှင့်အတွက် လက်စွမ်းပြဖို့ အခွင့်အရေး ပေါ်လာသလိုပေါ့၊ ဒီမှာ . . .





မနက်ဖြန်ရိုက်ရမယ့် ရိုက်ကွင်းဇာတ်ညွှန်းတွေ၊ ရှင် . . . ယူသွားလိုက်ပြီး ကျေညက်နေအောင် အထပ်ထပ်ဖတ်ထားလိုက်ပါ၊ မနက်ဖြန် ရှင့်ကိုပဲ ကျွန်မ ခိုင်းမှာ"

သူ့ မျက်လုံးတွေ တောက်ပစွာဖြာလက်သွားခဲ့ပါ၏။

"စိတ်ချပါ . . . မယ်ရှား၊ ကျွန်တော် ကြိုးစားပါ့မယ်"

"ရှင့်ကို တွေ့တာဖြင့် ဘာမှမကြာသေးဘူး၊ ခုလို ကျွန်မကိုယ်စား ရိုက်ခိုင်းမိတာ . . . ဘာကြောင့်လဲ သိလား လုံ့လ"

"ကျွန်တော် မပြောပြတတ်ဘူး မယ်ရှား"

"ရှင် တော်တယ်ဆိုတာ ကျွန်မ သိထားလို့၊ ရှင့်ကို ယုံလိုက်လို့၊ ဟုတ်ပြီနော် . . . ရှင့်မှာ လက်ဆိပ်ရှိတယ်လို့ ဆိုရမယ်၊ ရှင့်ရဲ့ talent ကို ကျွန်မ မြင်နေရတယ်၊ အဲဒါကို ဖော်ထုတ်ဖို့ ကျွန်မ ကြိုးစားနေတာ"

"ကျေးဇူးပါ မယ်ရှား၊ ကျွန်တော့်အတွက် အိပ်မက်တောင် မမက်ရဲခဲ့တဲ့ အခွင့်အရေးတစ်ခုပါ၊ ကျွန်တော် အရမ်းကြိုးစားပါ့မယ်"

"အိုကေပါ့ရှင် . . ."

သူ ဇာတ်ညွှန်းတစ်ထပ်ယူပြီး အခန်းထဲက ထွက်





www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှ မယ်ရှားတို့နှစ်ယောက်ကို ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ် စောင့်ကြည့်အကဲခတ်နေဟန်ရှိသော ရွှေပုလဲကို မျက်ခုံးကလေးပင့်ပြလိုက်သည်။

"ပုလဲ . . . အံ့ဩနေတာလား၊ သူ့အကြောင်းတောင် သေချာမသိသေးတဲ့ လူတစ်ယောက်ကို ဒီလောက် ကြီးမား တဲ့အခွင့်အရေးကြီး ပေးလိုက်လို့လေ"

"ဟုတ်ကဲ့ . . . မရှား၊ သူ မရှားအနားကို ရောက်တာ ဘာမှ မကြာသေးဘူးလေ၊ ပြီးတော့ သူ့ပုံစံက ခပ်တုံးတုံး ကြောင်တောင်တောင်လားလို့၊ သဘောကောင်းလွန်း . . . ရိုးအ, လွန်းသလိုပဲ"

"တချို့ကလည်း ရိုးအ,ချင်ယောင်ဆောင်ပြီးတော့ကို လူတွေဆီကနေ လေ့လာသင်ယူကြတယ် ပုလဲရဲ့၊ သူ့ ကြည့်ရ တာတော့ တမင်သက်သက်ကြီး တုံးချင်ဟန် ဆောင်နေတာ တော့ မဟုတ်ဘူး၊ သူ့သဘာဝကိုက ရိုးသားတာ၊ ဒါပေမယ့် သူတော်တယ်ဆိုတာ မရှား သိထားတယ်၊ သူရိုက်ထားတဲ့ documentry အခွေလေး တွေကို ကြည့်ထားပြီး သူ့ရဲ့ ဒါရိုက်တာပညာ အဆင့် မနိမ့်မှန်း မရှားဆုံးဖြတ်တာ၊





သူတစ်ယောက်ကို အပေါ်ယံသွင်ပြင်ပုံပန်းနဲ့ကြည့်ပြီး ဘယ်တော့မှ တန်ဖိုးမဖြတ်နဲ့ ပုလဲ၊ တချို့က အပြင်ပန်းကို ဘလက်လက်ပြောင်နေအောင် အရောင်တင်ထားတာပဲရှိတာ အထဲမှာ လုံးဝ ဗလာ . . . ဘာအနှစ်သာရမှ မရှိဘူး၊ တချို့ ကျတော့ လည်း လုံးဝ ထင်ရက်စရာမရှိအောင် နုံနုံစုတ်စုတ်. . . မှုန်မှုန် မွှားမွှား ကလေး၊ ဒါပေမယ့် အထဲမှာ မယုံနိုင်စရာ ကောင်းလောက်အောင် ကြောက်ခမန်းလိလိ အနှစ်သာရ တွေအပြည့်နဲ့၊ လှုံ့လက ဒုတိယ လူစားမျိုး၊ သူ့ကို အပေါ်ယံ ကြည့်ပြီး ဆုံးဖြတ်လိုက်ရင် သူ့တန်ဖိုးတွေကို အဆုံးရှုံး ခံလိုက်ရမှာလောက် နောင်တရစရာ ကောင်းတာ မရှိတော့ဘူး၊ သူ့ကို လေ့လာကြည့်၊ သူ အမြဲတမ်း သင်ယူ လေ့လာနေတာ၊ သူတစ်ယောက်ကို သူ တကယ်တော်တယ်ဆိုရင် သူတော်တာ ကို အသိအမှတ် ပြုပေးလိုက်တာဟာ သူ့ကို ချီးမြှောက်ပေး လိုက်တာပဲ ပုလဲရဲ့၊ မရှားနားမှာ ပညာလာသင်ပြီး အကြာ ကြီးနေသွားတဲ့ လူငယ်လေးတွေ အများကြီး ရှိခဲ့တာပဲ၊ သူတို့ က လှုံ့လလို အောက်ခြေကနေစပြီး အရာရာကို အသေးစိတ် ကျကျ လေ့လာသင်ယူချင်ခဲ့တာမှ မဟုတ်တာ၊ ဒါရိုက်တာပဲ



www.burmeseclassic.com

www.burmeseclassic.com



တန်းဖြစ်ချင်ကြတာလေ၊ လူတွေအား လုံးကို အစစအရာရာ အားလုံး အကွက်စေ့နေအောင် စီစဉ်ညွှန်ကြားဖို့ဆိုတာ လွယ်တဲ့ပညာမှ မဟုတ်တာ ပုလဲရယ်၊ လုံ့လက တော်တော် လေ့လာထားပုံလည်းရတယ်၊ သူ စာတော်တော် ဖတ်ထားတယ် နိုင်းလိုက်ရင် မရှားလိုချင်တာကို . . . သူ သိတယ်"

ဘာဖြစ်လို့မှား ရွှေပုလဲကို ဒီလောက် ရှည်ရှည် ဝေးဝေး ရှင်းပြနေမိမှန်းမသိ။ ပုလဲကလည်း နားလည်သလား မလည် သလားတော့ မသိ. . . ခေါင်းတညိတ်ညိတ်တော့ရှိလေသည်၊

ထထထထထ





"မယ်ရှားအတွက်" ဟုဆိုကာ မယ်ရှားရှေ့ကို တွန်းလာပေးသော ဘီးတပ်ကုလားထိုင်ကလေးကိုကြည့်ပြီး မယ်ရှား တအံ့တသြ ပြုံးမိသွားပအါ၏။

"ကြည့်စမ်း . . . ဒါ . . . လုံ့လ လုပ်ထားတာလား၊ ဒီလိုကျတော့လည်း ဉာဏ်ပြေးသားပါလား လုံ့လရဲ့၊ ဘယ်တုန်း က လုပ်လိုက်တာလဲ . . . "

"ညကမှပါ . . . ဘီးကလေးတွေ ဈေးထဲမှာသွားရှာ ဝယ်ပြီး မယ်ရှားရဲ့ကုလားထိုင်မှာ ခြေထောက်လေးဖက်ကို ဘီးတပ်ပေးထားတာပါ၊ မယ်ရှားခြေထောက် တစ်ဖက်ကို လုံးဝနားထားပြီး ကျန်တဲ့တစ်ဖက်နဲ့ ဟိုနား ဒီနား တွန်းရွှေ့သွား လို့ရအောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com


"ကောင်းတယ် လုံ့လ . . . ဝှီးချဲ့ စီးရလောက်အောင်လည်း မလိုအပ်ဘူးလေ၊ ဒီစိတ်ကူးလေး ကောင်းပါ တယ်"

မယ်ရှားတို့ရိုက်ကွင်းမှာ မယ်ရှား ဘီးတပ် ကုလားထိုင်ကလေး ဟိုပြေးဒီပြေးနှင့် တော်တော်လေးအဆင်ပြေစွာ စီစဉ်ညွှန်ကြားနိုင်ခဲ့သည်။ အားလုံးရဲ့အမြင်မှာ ရယ်စရာတော့ ကောင်းနေပေမယ့် မယ်ရှားကတော့ ခပ်ပျော်ပျော်ပါပဲ၊ လုံ့လဆီကနေ အကူအညီများစွာ မမျှော်လင့်ဘဲ ရခဲ့ပါသည်၊ အလိုလိုနေရင်း လက်ထောက်ဒါရိုက်တာရာထူးကို မမျှော်လင့်ဘဲရလိုက်သလို ဖြစ်ခဲ့ပေမယ့် လုံ့လက ဟိုးအောက်ခြေ မီးထိုး မှန်ထိုးသမားကနေစပြီး စက်အဖွဲ့ ဇာတ်ပို့ဇာတ်ရံ လူကြမ်း လူရှင်တော်အားလုံးနှင့် တရင်းတနှီးပေါင်းကာ သူ မသိတာကို သင်ယူတတ်သူဖြစ်၏။ မယ်ရှား သူ့ကို သဘောကျမိသော အချက်တစ်ချက်က ဘယ်အရာကိုမဆို သူ စိတ်ဝင်တစား လိုက်လိုက်လဲလဲ အာရုံစူးစိုက်မှု ရှိတတ်ခြင်းဖြစ်သည်။ သူ့ကို ခိုင်းလိုက်ရင် ပြီးစလွယ်၊ ပစ်စလက်ခတ် ဘယ်တော့မှ မလုပ်ဘဲ စနစ်တကျ သေသေချာချာ အကောင်းဆုံး လုပ်ပေးတတ်တာကို သတိထားမိပါ၏။ တဖြည်းဖြည်းနှင့် သူ့စိတ်ကူးစိတ်သန်း...လေးတွေကိုပါ ပြောပြခွင့် မယ်ရှားကပေးတတ်တာမို့ . . . ...idea ကလေးတွေပါ တင်ပြဖို့ သူ အလိုလို ရဲလာခဲ့သည်။ ...ယ်ရှားကိုယ်တိုင်လည်း ကားတစ်ကားရိုက်တိုင်း မယ်ရှား ...ယောက်တည်း ဒိုင်ခံစားခြင်းထက် မင်းသားမင်းသမီး ...န်မရာမခန်း အားလုံးတို့ရဲ့ အတွေးစိတ်ကူးတွေပါ ပေါင်းပြီး ...င်းစားကြခြင်းအားဖြင့် team work တစ်ခုအသွင် ဖန်တီး ...ရှိတတ်သည်မို့ အမြဲတမ်းပိုကောင်းသော ရလာဒ်တွေသာ ...လေ့ရှိပါသည်။

လူတစ်ယောက်ကို ဝေးဝေးကနေ အကဲခတ် ခန့် ...မှန်းတာထက် အနီးကပ်ပေါင်းကြည့်မှသာ သူ့စရိုက် သူ့အထာ ...ခလေ့ကလေးတွေကို အသေးစိတ် သိမြင်နားလည်ခွင့်ရရှိလာ ...ခြင်း ဖြစ်ပါ၏။ သူ့ကို အပြင်ပန်းကြည့်လိုက်လျှင် အလွန်ရိုး ...သား တုံးအ,ပြီး ခပ်ကြောင်ကြောင်နိုင်သော ဆိုးဆိုးရွားရွား ...ယောင်တတ်သည့်ကျင့်ရှိသော အဆိပ်မဲ့လွန်းသော သာမန်လူရိုး ...လေးတစ်ယောက်အဖြစ်သာ မြင်ရလိမ့်မည်။ နေ့နေ့ညည ...အတူတကွ အလုပ်လုပ်ကာ တရင်းတနှီးစကားပြောကြည့် . . . ...ကားပြောခွင့် လုပ်ပိုင်ခွင့်တွေပေးကာ လူတစ်ယောက်အဖြစ်


www.burmeseclassic.com

www.burmeseclassic.com

တလေးတစား ဆက်ဆံကြည့်တော့မှ သူ့ဆီမှာ သိပ်နက်ရှိုင်း သိမ်မွေ့လွန်းသော အနုပညာဖန်တီးနိုင်စွမ်း၊ မယုံနိုင်စရာ ကောင်းလောက်သော သည်းခံလိုက်လျောနိုင်စွမ်း၊ ဘယ်တော့ မဆို ဘာပဲလုပ်လုပ် သူများဘက်က သူများအတွက် အရင် ဦးစားပေးပြီးမှ သူ့အတွက် တွေးတတ်သော စိတ်ထားနိုင်စွမ်း တွေကို ပိုပိုသိမြင် လာခဲ့ရတာဖြစ်သည်။ သူ့ရဲ့ အဲ့ဒီစရိုက်ကြောင့် ပဲ ဘာမှမကြာလှ သောရက်ပိုင်းအတွင်းမှာ သူ့ကို ရိုက်ကွင်း တစ်ခုလုံးက ခင်မင်ရင်းနှီး လာခဲ့တော့သည်။ ပြင်ဦးလွင်မှာ နေသော တစ်လဆိုသော အချိန်အတွင်းမှာ ကြိုတင်ပြင်ဆင် လာခဲ့သည့်အတိုင်း ဗီဒီယိုသုံးကားစလုံး အပြီးသတ်ရိုက်လို့ ပြီးစီးသွားခဲ့သည်မှာ လုံ့လ၏ အကူအညီတွေလည်း အများကြီး ပါဝင်ခဲ့ပါ၏။

"ဒီကားသုံးကားစလုံးကို editing လုပ်တဲ့အခါ ကျွန်တော့်ကို သင်ပေးပါဦးနော် မယ်ရှား"

"ဪ . . . သင်ပေးမှာပေါ့ လုံ့လရဲ့၊ ခေါ်လိုက်ဦးမှာ ဒါရိုက်တာတစ်ယောက်ဆိုတာ ကားတစ်ကားလုံး အစကနေ အဆုံးထိ ကိုယ်နားလည်တတ်ကျွမ်းထားရမှာပေါ့၊ ပြင်ဦးလွင်မှာ







ားလာရိုက်လိုက်တာ . . . ရှင့်ကို ကျွန်မ တော်တော် လေ့လာမိသွားတယ် သိလား . . . လုံ့လ၊ ရှင့်ကို ကျွန်မ ိုးကျူးပါတယ်၊ ရှင် လူညံ့လူတုံးတစ်ယောက် မဟုတ်ပါဘူး၊ ှင် တကယ်တော်ပါတယ်၊ ရှင့်မှာ လုပ်ပြနိုင်တဲ့အစွမ်းအစတွေ ှိသားပဲ၊ ကိုယ့်အရည် အသွေးကို ကိုယ်အသိဆုံးပဲ၊ ရှင် ဘယ်နေရာမှာ အတော်ဆုံး၊ အကောင်းဆုံးလဲဆိုတာ ှင့်ကိုယ်ရှင် အသိဆုံးပဲ ဟုတ်တယ်မှုလား၊ ကိုယ် ဘာ ဖြစ်ချင်သလဲ . . . ဘာလို ချင်သလဲဆိုတာကို ကိုယ်တိုင်ပဲ အသိဆုံးလေ၊ အဲဒီတော့ ကိုယ်လိုချင်တာ၊ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ဖို့ပဲရှိ တယ်၊ လူဆိုတာ ကိုယ့်ဘက်က တော်နေ အောင်ကြိုးစားဖို့က ကိုယ့်တာဝန်ပဲ၊ ကိုယ်တော်နေရင် အခွင့် အရေးက ကိုယ့်ဆီရောက်လာရမှာပဲ၊ အဲဒီအခွင့်အရေးကို မလွတ် စတမ်း ဖမ်းဆုပ်နိုင်ဖို့တော့လိုသေးတယ်နော်၊ ရှင့်ကိုယ် ရှင် ယုံကြည်စိတ်ချမှုရှိဖို့လည်းလိုတယ် သိလား လုံ့လ၊ ရှင် ကြိုးစားပါ . . . တစ်နေ့ ရှင်တကယ်ဖြစ်မှာ၊ ကျွန်မ မှာ ဆဌမ အာရုံရှိနေတယ်"

မယ်ရှားက လူတစ်ယောက်တော်တာကို သိလျှင် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



တော်ကြောင်းချီးမွမ်းမြှင့်တင်ပေးဖို့ ဝန်မလေးတတ်သူမို့ သူ့ကို လေးလေးနက်နက်ပင် ချီးကျူးမိခဲ့ပါသည်။ သူ့ မျက်ဝန်းတွေဆီမှာ ကြယ်စင်တန်းတွေ ပြိုးပြက်လက်ဖြာလို့. . .။

"ကျေးဇူးပါ မယ်ရှား၊ မယ်ရှားရဲ့ စကားလုံးတိုင်းက ကျွန်တော့်ကို တွန်းအားဖြစ်စေပါတယ်၊ မယ်ရှားနဲ့ ဆုံခွင့်ရတာ ကျွန်တော့်အတွက် angel တစ်ယောက်နဲ့ ဆုံခွင့်ရသလိုပဲ . . . မယုံနိုင်ဘူး၊ အခု . . . ကျွန်တော်အလုပ်ချင်ဆုံးအလုပ်ကို လုပ်ခွင့်ရနေပြီ၊ ကျွန်တော် အစွမ်းကုန် ကြိုးပမ်းမယ်၊ မယ်ရှားကို ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော် အရှုံးမပေးဘူး၊ နောက်မဆုတ်ဘူး၊ စိတ်ဓာတ်မကျဘူး၊ အောင်မြင်တဲ့အထိ ကျွန်တော်ကြိုးစားပါ့မယ်၊ ဒါ . . . ကျွန်တော့်ကတိ"

"အိုကေ . . ."

မယ်ရှားက စိတ်တိုင်းကျစွာ ပြုံးပြီး သူ့ကို Hi-5 လုပ်ဖို့ လက်ဖဝါးတစ်ဖက်ထောင်ပေးလိုက်သည်။ သူက လက်ဝါးချင်း ရိုက်လိုက်ပြီး မယ်ရှားလက်ကို အားပါးတရ ဆုပ်ကိုင် ဖျစ်ညှစ်ထားလိုက်သေးသည်။ သူ တကယ် စိတ်ပါလက်ပါ စိတ်လိုက်မာန်ပါ ဖြစ်သွားခဲ့တာကို မယ်ရှား နားလည်လိုက်ပါသော်





လည်း ယောက်ျားလေးတစ်ယောက်၏ အားကောင်းသန်မာသော လက်ဖဝါးနွေးနွေးတွေ၏ အထိအတွေ့တွေက မယ်ရှားရင်ကို အဖျားခတ်တုန်ခါသွားစေသလို တလှပ်လှပ်ဖြစ်သွားခဲ့ပါ၏။ ဒါရိုက်တာတစ်ယောက်မို့ မင်းသားတွေ လူကြမ်းတွေ သူရှင်တော်တွေနှင့် လက်ချင်းထိတွေ့တာ ဆုပ်ကိုင်မိတာ မယ်ရှားအတွက် ဘာမှမဆန်းတော့။ အားလုံး မောင်နှမတွေ သူငယ်ချင်းတွေလိုပင် တရင်းတနှီး ဖက်လှဲတကင်း ကျီစယ်နောက်ပြောင်နေကျ . . .။ အခုကျမှ ပထမဆုံးအကြိမ် မယ်ရှားအတွက် ထူးဆန်းသွားခဲ့သည်က သူ့ရဲ့ ယောက်ျားလေးတန်မဲ့ လှပရှည်သွယ်ကာ နူးညံ့ပျော့ပျောင်းလွန်းသော လက်ချောင်းများ၏အထိအတွေ့ ဖြစ်သည်။ လုံးဝ ၁၀၀% အနုပညာသက်များပါ . . .။ မယ်ရှားရဲ့ လက်ချောင်းတွေတောင် သူ့လောက် မလှနိုင် . . .။

"ကြည့်စမ်း . . . ရှင့်လက်ချောင်းတွေ အခုမှ ကြည့်မိတော့တယ်၊ လုံးဝ အနုပညာလက်တွေပါလား"

မယ်ရှားက တုန်ခါနဲ့ တွေဝေသွားမှုကို ချက်ချင်းပဲ ပြင်ဆင် လမ်းကြောင်းပြောင်းနိုင်ခဲ့ပါသည်။ သူက မယ်ရှားကို



www.burmeseclassic.com

www.burmeseclassic.com



စကားမဆိုပဲ ခပ်စိုက်စိုက် ငြိမ်ငြိမ်စိုက်ကြည့်နေခဲ့သည်။

"ဩော် . . . လုံ့လကို ပြောဖို့ . . . ကျွန်မမေ့နေတာ ရှင့်ရဲ့ documentary အခွေတွေထဲက စိတ်တိုင်းအကျ ဆုံးတစ်ခွေကို ရွေးပြီး . . . သေသေချာချာ edit ပြန်လုပ်ပြီး Asia documentary ပြိုင်ပွဲတစ်ခုခုမှာ ပြိုင်ပွဲဝင်ပါလား"

"ဖြစ်ပါ့မလား မယ်ရှားရယ်၊ ကျွန်တော် အဲ့ဒီလောက် အား . . ."

သူ့စကား မဆုံးလိုက်ခင် မယ်ရှားက လက်ကောက် ဝတ်မှာပတ်ထားသော သားရေကွင်းနှင့် သူ့လက်မောင်းဆီ ခပ်စပ်စပ်ကလေး ပစ်ထည့်လိုက်တာမို့ . . . သူ လန့်ပြီး အော် လိုက်ခြင်းဖြစ်သည်။

"မှတ်ထား . . . အဲဒါ ကျွန်မရဲ့ လက်နက်ပုန်းပဲ နောက်ဆို အဲဒီလို ကိုယ့်အစွမ်းအစကိုယ် မယုံကြည်တဲ့ စကားပြောတိုင်း သားရေကွင်းနဲ့ ပစ်ခံထိမယ်မှတ်၊ ဒီ လောကမှာ ဘယ်သူမှ ဒီအတိုင်း အောင်မြင်နေရာရ လာခဲ့တာမဟုတ်ဘူး လုံ့လရဲ့ သိလား၊ စမ်းသပ်ရင်း ကြိုးစားရင်း ကျဆုံးရင်း ရုန်းကန် ရင်း အောင်မြင်ခွင့်ရတာ၊ ဘယ်သူတွေကမှ ရှင့်ထက် ပိုတော်





နေကြပါဘူး၊ အားလုံး ဒီလိုပဲ ကြိုးစားနေကြရင်း အခွင့် အရေးဆိုတာကို ဖွဲ့သန်သန်နဲ့ ရှာဖွေနေကြတာ၊ လျင်သူ သွက်သူက ဦး,စ,တမ်းပဲ၊ တွေဝေသူ တွန့်ဆုတ်သူ နှောင့်နှေးသူ က နောက်ကျစတမ်းပဲ၊ ပျားရည်ကိုလိုချင်ရင် ပျားအုံကို ကန်မထုတ်ပစ်မိစေနဲ့ . . . ကြားလား လုံ့လ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဆောရီးပါ မယ်ရှားရယ်၊ ကျွန်တော် ပြိုင်ပွဲဝင်ဖို့ ဘယ်လိုလျှောက်ရမလဲ"

"documentary ပြိုင်ပွဲ websites တွေရှိတယ်၊ internet မှာ လိုက်ရှာ . . . တစ်ခုမဟုတ်တစ်ခု မရရအောင်ရှာ ပြီးပို့"

"ဂိတ်ချ . . . ကျွန်တော်ပို့ပါ့မယ်၊ မယ်ရှား ဇက်ကြော တွေများ အရမ်းတက်နေမလား၊ ကျွန်တော် နည်းနည်း ဆွဲပေးမယ်လေ"

"ဘယ်လို . . ."

ရုတ်တရက်တော့ မယ်ရှားနည်းနည်းကြောင်သွားပါ၏။ ဘယ်လို ကမ်းလှမ်းမှုမျိုးပါလိမ့်။ သင့်တော်ပါ့မလား . . . ဟု တွေးနေချိန်မှာပဲ သူက မယ်ရှား ထိုင်နေသော အနောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လာရပ်လိုက်ကာ မယ်ရှား၏ တင်းတောင့်မာကျောနေသော ဇက်ကြောတွေဆီ သူ့ရဲ့ ညင်သာနူးညံ့သော လက်ချောင်းများဖြင့် ခပ်ဖွဖွသာသာကလေးဆွဲပေးနေခဲ့ပြီ။ မယ်ရှား မငြင်းနိုင် . . . မရုန်းနိုင်တော့လောက်အောင် သူ့ လက်ချောင်းတွေက ကျွမ်းကျင်နေခဲ့သည်။ ခြံထဲမှာ အေးအေး ဆေးဆေးဆင်းထိုင်ပြီး နှစ်ယောက်တည်း စကားပြောနေခဲ့ခြင်းမို့ တခြားလူတွေမှ မနေခဲ့။

"လုံ့လက နှိပ်တတ်သားပဲ၊ ကျွန်မ ဇက်ကြောတွေ အရမ်းတင်းနေတာ . . . အနှိပ်သွားခံဖို့တောင် စဉ်းစား နေတာ၊ ကျေးဇူးပဲ လုံ့လ"

"ကျွန်တော့်မှာ massage စာအုပ်တစ်အုပ်ရှိတယ်၊ နှိပ်နည်းတွေကို စနစ်တကျသေချာပြထားတာလေ၊ အရင်ကတော့ ကျွန်တော့်မေမေကို နှိပ်ပေးတယ်၊ အခု မယ်ရှားကတော့ ကျွန်တော့်ရဲ့ ဆရာမဖြစ်နေလို့ နှိပ်ပေးတာ၊ လေးစားမှုဆိုတာ . . . အသက်အရွယ်နဲ့ မဆိုင်ဘူးလေ၊ မယ်ရှားက အသက်ငယ်ပေမယ့် အသိကြွယ်တယ်၊ အရမ်းတော်တယ်၊ ကျွန်တော် မသိနားမလည်သေးတဲ့ ပညာရပ်တွေမှာ ကျွမ်းကျင် အောင်မြင်ပြီးသားလေ၊ ကျွန်တော့်ကို ခုလိုလက်တွဲခေါ်ပေးတာ၊ မယ်ရှားကို အရမ်းကျေးဇူးတင်တယ်"

သူ့ စကားသံက သိမ်မွေ့နက်ရှိုင်းလွန်းပါသည်။ မယ်ရှား မျက်လုံးကလေးတွေ မှေးစင်းထားလိုက်ပြီး ငြိမ်သက်စွာ နားထောင်နေခဲ့မိသည်။

ၾၾၾၾၾ





www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၆



www.burmeseclassic.com

www.burmeseclassic.com

"လောကမှာ

ကိုယ်တစ်ယောက်တည်း

အောင်မြင်ချင်သူ မဟုတ်ဘူး။

ကိုယ်တစ်ယောက်တည်း

ကြိုးစားနေသူ ရှိတာ မဟုတ်ဘူး ...

အဲဒါကို နားလည်ထားရင်"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၆)

ဒီညက ပြင်ဦးလွင်မှာ နောက်ဆုံးညဖြစ်ပါ၏။ ဆုံးစံအတိုင်း အောင်ပွဲခံသည့်အနေနှင့် ညဘက်ခြံထဲမှာ ဘာဘီကယူး လုပ်စားကြသည်။ တစ်ဖွဲ့သားလုံးအတွက် အသားကင်၊ ဝိုင်နှင့်ဘီယာကို မင်းသားက ဒကာခံခဲ့ခြင်းဖြစ်သည်။ အားလုံး တပျော်တပါး သီချင်းတွေဆိုကြ . . . ဂိမ်းတွေကစားကြနှင့် တစ်ခြံလုံး ဆူညံပျော်ရွှင်နေကြပါ၏။ မယ်ရှားကိုယ်တိုင်လည်း အလုပ်တာဝန်တွေ ပြီးပြတ်ခဲ့ပြီမို့ ပေါ့ပေါ့ပါးပါး။ ခြေထောက်လည်း သက်သာသလောက်ဖြစ်နေပြီ။ အသားကင်လေးမြည်းလိုက် ဝိုင်လေးသောက်လိုက်နှင့် မယ်ရှားပျော်ရွှင်နေသလို လုံ့လလည်း ပျော်ရွှင်နေပုံရသည်။ သူ့သက်ထဲမှာ မယ်ရှား ကိုင်နေကျ အော်လံကြီးကိုင်လို့ . . .။



တက္ကသိုလ်နှင်းဆီစာပေ
www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဘီယာတန်ခိုး ပြနေဟန်ရှိသည်။ သူ့အနားမှာ ချစ်ပွားတို့တသိုက် သူ့ကို နောက်ပြောင်ကျီစယ်လို့ကောင်းနေ၏။ မယ်ရှားလည်း လက်ထဲမှာ ဂစ်တာတစ်လက်ကိုင်ထားရင်း ရောက်တတ်ရာရာ သံစဉ်တစ်ခုကို တီးခတ်လို့နေဆဲ၊ အော်လံနှင့် အော်လိုက်သော လုံ့လ၏ အသံကျယ်ကြီး လွင့်ထွက်လာခဲ့သည်။ သူ့အသံက အသံအားလုံးကို ဖုံးလွှမ်းပစ်လိုက်သလို ထိုအသံကိုကြားလိုက်ပြီးသမျှ လူတွေအားလုံးလည်း ပြန်းဆို အသံတွေ တိတ်သွားခဲ့ကြသည်။ မယ်ရှားမျက်လုံးတွေ မီးပွင့်သွားခဲ့သလိုပဲ ခံစားလိုက်ရပါ၏။

"ဒါရိုက်တာကြီးကိုပဲ ... အသည်းစွဲအောင် ချစ်မိသည်"

မယ်ရှား ဝုန်းခနဲ ထ,ရပ်လိုက်မိကာ ... သူရှိရာဆီသို့ သိစိတ်မဲ့သော ခြေလှမ်းများဖြင့် လေအဟုန်လို လျှောက်သွားခဲ့မိသည်။ သူကိုယ်တိုင်လည်း အမှားတစ်ခုကို ကျူးလွန်ခဲ့မိသူ တစ်ယောက်၏ ကိုယ့်အပြစ်ကိုယ် သိနေသော မျက်နှာထားနှင့် မယ်ရှားကို ကြောင်ငေးကာ လှမ်းကြည့်နေခဲ့သည်။ သူနှင့် အနီးကပ်ဆုံးမှာရှိနေသူက ချစ်ပွား ...။





စပ်ဖြီးဖြီးမျက်နှာက အပိုးမသေသေး ...။

"လုံ့လ ... ရှင် ဘာအော်လိုက်တယ်၊ ရှင့်ကို ကျွန်မ ဘာပြောထားခဲ့သလဲ"

မယ်ရှား သူ့အင်္ကျီရင်ဘတ်ကို ဒေါသဖြင့် ခပ် တင်းတင်း ဆောင့်ဆွဲယူပစ်လိုက်သည်။

"မရှား ... ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော် သူ့ကို ပျော်စေပြက်စေဆိုပြီး ယောင်ခိုင်းလိုက်မိတာ"

"ချစ်ပွား ... နင်ထွက်သွားလိုက်၊ ဒါ နောက်စရာမဟုတ်ဘူး၊ ပျော်တာက သတ်သတ် ... စည်းက သတ်သတ်ရှိတယ် ... နင် သိပ်တရားလွန်သွားပြီ"

"ဆောရီး ... မရှား"

ချစ်ပွား လှည့်ထွက်သွားချိန်မှာ မယ်ရှား၏ ဒေါသတို့က လုံ့လတစ်ကိုယ်လုံးအပေါ် ပြုဆင်းရောက်ရှိသွား သည်။

"ရှင်က နေရာပေးမိတာနဲ့ မထိုက်တန်လောက်အောင် အခွင့်အရေး ယူတတ်သူကိုး၊ ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်ဘူး ... ခု ထွက်သွား ... ကျွန်မကို စော်ကားတတ်တဲ့လူမျိုး စေတနာကို စော်ကားတတ်တဲ့ လူမျိုး ကျွန်မ သိပ်မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com





သူ စကားတစ်ခွန်းမှမဆိုဘဲ ဝုန်းခနဲ ထွက်ပြေးသွားခဲ့သည်။ အဖြစ်အပျက်က မုန်တိုင်းကျသလိုပဲ မြန်ဆန်လွန်းပါသည်။ အားလုံး ငြိမ်သက်သွားကြ၏။ မယ်ရှားရင်ထဲ ဒီအဖြစ်ကို အစော်ကားခံရသလိုပဲ တွေးမိကာ ခံပြင်းဒေါသထွက်နေသည်။ လူရှင်တော်ကိုလည်း ခွင့်မလွှတ်နိုင်။ ဒါဟာ နောက်တာထက်လွန်ပြီး ချောက်ချရာရောက်သွားခဲ့ပြီ။ သူဘာဖြစ်လို့ အဲဒီ စကားမျိုး အထာမျိုးနဲ့ နောက်ပြောင်ရတာလဲ။ ဘယ်သူကမှ မယ်ရှားကို ခုလို တစ်စုံတစ်ယောက်နှင့် ဂုံဖက်တွဲဖက်ကာ မနောက်ပြောင်ဖူးခဲ့။ မယ်ရှားကပဲ သူ့ကို အခွင့်အရေးပေးခဲ့မိတာတွေဟာ သူများတွေအမြင်မှာ အထင်လွဲ ကျိစယ်စရာ ဖြစ်ခဲ့လေသလား။ ဒီရက်ပိုင်းကလေးတွေ အတွင်းမှာတော့ မယ်ရှားနှင့်သူ အနေနီးလွန်းခဲ့တာအမှန်ပင်။ ဒါပေမယ့်လည်း မယ်ရှားဘက်က ရိုးသားလွန်းသလို သူ့ဘက်က ရိုးသားမှုကိုလည်း ခံစားမိသောကြောင့် မသိမသာစောင့်ကြည့်နေသော ပတ်ဝန်းကျင်ဆိုတာကို မယ်ရှား မေ့လျော့ထားခဲ့မိပါသည်။ ပတ်ဝန်းကျင်ဟာ မထင်မှတ်လောက်အောင် ကြောက်စရာကောင်းလှပါလား။ လူနှစ်ယောက်၏ ရိုးသားမှု ဖြူစင်မှုတွေ

...ကို အရောင်ခြယ်ဖို့ သူတို့မျက်ဝန်းတွေဆီမှာ စုတ်တံတွေက အမြဲတမ်း အဆင်သင့်။

ထိုညက မယ်ရှား အိပ်မပျော်ပါ။ ကြီးတော်နှင့် ...KYPE တက်ပြီး . . . ထိုပြဿနာကို ချက်ချင်းရင်ဖွင့်လိုက်မိ...သေးသည်။

"လူလူချင်း ဆက်ဆံရေးမှာ လေးစားသမှုဆိုတာ ...သင့် တယ် သမီး၊ သမီးက ဒါရိုက်တာ၊ သူတို့ ပိုပြီးလေးစား...မှာပေါ့၊ မိန်းကလေးဆိုပြီး စိန်ခေါ်ချင်တာ၊ စမ်းသပ်ချင်...တာမျိုးဆို ပြတ်ပြတ်သားသားကို အရေးယူပစ်လိုက် သမီး၊ ...သူတို့ ဒီလိုနောက်ဖို့ အခွင့်အရေးကို မရှိဘူး၊ အဲဒီ ချစ်ပွား...တဲ့ကောင်ဟာလေ တစ်ချက်ကလေးမှ စည်းမစောင့်တတ်ဘူး၊ ...လဆိုတဲ့ကောင်လေးတော့ ကြီးတော်လည်း မမြင်ဖူးသေး...ဘာ့ ဘယ်လိုစရိုက်လဲဆိုတာ မခန့်မှန်းတတ်ဘူးအေ၊ ဒါပေ...ယ့် သမီးရဲ့စည်းကမ်း သူ့ကို ပြောပြထားပြီးသား မဟုတ်လား၊ ...ဒီလို မရိုးမသား စကားပြောပြီးသား လူကို အနားမှာကို...ထားနဲ့၊ သမီးအတွက် အန္တရာယ်ပဲ"

"ဟုတ်ကဲ့ပါ . . . ကြီးတော်၊ မယ်ရှား မနက်ကျရင်





www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသား စီရင်မှာပါ . . . လူက ဒါ့သထွက်လွှ
လို့ အသားတောင် တဆတ်ဆတ်တုန်တယ် ကြီးတော်ရယ်"

"အမလေး . . . ဒါမျိုးက ကြီးတော်ငယ်ငယ်ကလည်
မကြားခဖူးကြုံဖူးပါတယ် သမီးရယ်၊ ကိုယ့်ဘက်က ပြတ်ပြ
သားသား စီရင်ပစ်လိုက်ရင် နောက်ထပ် တခြားလူ မပြ
မှားဝံ့ပါဘူး . . . ဒီည . . . အိပ်ပျော်အောင် အိပ်ဆေ
ကလေးသောက်ပြီး အိပ်လိုက်သမီး၊ ခေါင်းထဲ ထည့်မနေပါ
ဒီပြဿနာက သမီးအတွက် အသေးအမွှားကလေးပါ၊ မတော်
တဆ ခလုတ်တိုက်တာမျိုး လောက်ပါ . . . ကဲ ကဲ ဝွတ်(ခ
နိုက်ထ သမီးရယ်၊ အိပ်တော့ . . . အိပ်တော့"

ကြီးတော်စကားအတိုင်း အိပ်ဆေးသောက်ပြီး မယ်ရှ
အိပ်ပစ်လိုက်ပါသည်။ ဘယ်လိုအနှောင့်အယှက်မျိုးက
မယ်ရှားစိတ်မှာ နေရာယူကြီးစိုးကာ ဒဏ်ရာမပေးစေရအော
ပြဿနာတစ်ခုဖြစ်ပြီးတိုင်း ချက်ချင်း ခေါင်းထဲကနေ ထုတ်ပ
ဖို့ မယ်ရှားကြိုးစားလေ့ရှိပါ၏။ ပူလောင်ခြင်းကို ကြာရှည်
လက်ခံထားလျှင် ကိုယ်ပဲ အပူလောင်မှာမဟုတ်လား။

❀❀❀❀❀







ညကပြဿနာကြောင့် မနက်မိုးလင်းတော့ ပစ္စည်း
တွေသိမ်း ကားပေါ်တက်နေရာယူကြတာကိုက တိတ်
ဆိတ်ဆိတ်ရှိလှသည်၊ ခါတိုင်းလို ရယ်မောနောက်ပြောင်
တွေ ညံစီမနေခဲ့။ ရာသီဥတုအခြေအနေမကောင်းသလို
အားလုံး သတိဝီရိယကလေးတွေနှင့် စကားပြောတာတောင်
တိုးတိုး။ မယ်ရှားကိုယ်တိုင်လည်း နှုတ်ခမ်းတင်းတင်းစေ့
ကာ မျက်နှာထားကိုတင်းထားခဲ့သည်။ အားလုံး ပစ္စည်းစုံ
တွေစုံပြီဆိုသောအခါ ကားထွက်ဖို့ ပြင်ကြသည်။ ရှေ့ပုလဲက
မယ်ရှားအနားကပ်လာကာ . . .

"မရှား . . . ဟိုတစ်ယောက်ကို မတွေ့ဘူး . . . သူ
ပျောက်နေတယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ . . ."

"လှံ့လ . . ."

"ချန်ထားပစ်ခဲ့ . . . သူ အရွယ်ရောက်ပြီးသား သူ့ဘာသာသူ ပြန်လိမ့်မယ်၊ သူ ငါ့အနားကို ပြန်လာစရာ အကြောင်းမရှိတော့တာ . . . သွားပစေ၊ ရှုတင်အဖွဲ့ စုံပြီမှလား . . . ထွက်မယ်"

မယ်ရှား ခံစားချက်ကင်းမဲ့စွာပဲပြောကာ ကားကို စတင်မောင်းထွက်လာခဲ့ပါ၏။ မယ်ရှား နှင်စရာမလိုဘဲ သူ့ဘာသာသူ အလိုက်တသိထွက်သွားတာကပဲ ခပ်ကောင်းကောင်း ဖြစ်သည်။ မယ်ရှားကလည်း စကားလုံးတွေနှင့် လူတစ်ယောက်ကို နာကျင်ထိခိုက်အောင် အပြစ်မပေးလိုခဲ့ပါ။

ရန်ကုန်ပြန်ရောက်ပြီးတော့ မယ်ရှား လုပ်စရာရှိတာတွေ ဆက်လုပ်ရသည်။ ကားဆက်စရာရှိတာတွေကို ဆက်ရသည်။ ပြင်ဦးလွင်မှာရိုက်ခဲ့သော သုံးကားစလုံး လှံ့လ လက်ရာတွေနှင့် မကင်းခဲ့တာမို့ သူ့ကို တစ်ခါတစ်ရံတော့ သတိတရ ရှိမိပါ၏။ ကားဆက်တာ သင်ယူချင်ကြောင်း သူပြောထားခဲ့တာမို့ သူ့ကို လှမ်းခေါ်ရကောင်းမလား . . . ဟု မကြာခဏ







စဉ်းစားမိသေးသည်။ သို့သော်လည်း မယ်ရှား၏မာနက ခွင့်မပြုခဲ့။ မယ်ရှားက ခေါ်င်းမာသူ၊ 'စည်း'ဆိုတာကို အလွန်ဂရုစိုက်စောင့်ရှောက်သူ ဖြစ်တာကြောင့်လည်း ပါ,ပါလိမ့်မည်။ သူ့ဘက်ကလည်း ဆက်သွယ်လာခြင်းမရှိခဲ့ . . .။ လုံးဝကို ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်သည်။

မယ်ရှား သူ့အတွက်လုပ်ပေးခဲ့တာ တစ်ခုပဲရှိပါသည်။ ကိုရီးယားရုပ်ရှင်ပွဲတော်တစ်ခုအတွက် သူရိုက်ကူးထားသော documentary အခွေတစ်ခွေကို သူ့နာမည် သူ့လိပ်စာနှင့် သူ့ကိုယ်စားပို့ပေးခဲ့ခြင်း ဖြစ်သည်။

ထုထုထုထုထု





www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၇



www.burmeseclassic.com

www.burmeseclassic.com

"နှစ်နှစ်" ဆိုတဲ့အချိန်ကာလဟာ

မရပ်မနား ဆက်ပြေးသူ

တစ်ယောက် အတွက်

ခရီးတစ်ခုရောက်ဖို့

လုံလောက်တဲ့အချိန်ပါ…

ပန်းတိုင်ကို

ရောက်ချင်သူတစ်ယောက်ဟာ

ပြိုင်ပွဲဆိုကာနေ

မရပ်လိုက်မချင်း

တစ်နေ့နေ့တော့

မျှော်လင့်ချက်ရှိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၇)

သူ့ဘဝက အိပ်မက်တစ်ခုလိုပဲ ဖြစ်သည်ဆိုပါစို့။ အိပ်မက်ထဲမှာ နတ်သမီးတစ်ပါးနှင့် သူ ဆုံစည်းခွင့်ရလိုက်သည်။ ထိုနတ်သမီးလေးက သူပျောက်နေသော လမ်းစ, တစ်ခုကို ရှာဖွေပေးခဲ့ပါသည်။ အမှောင်ထုထဲကနေ လင်းအာရုံကိုမြင်ရသူလို သူ့ဘဝမှာ သူလိုချင်တာ သူဖြစ်ချင်တာကို မရရတဲ့အထိ မဖြစ်ဖြစ်တဲ့အထိ မရပ်မနား ဇွဲသန်သန်နှင့် ကြိုးစားဖို့ စိတ်ခွန်အားကို သူ ထိုနတ်သမီးဆီကနေ ရခဲ့ပါ၏။ အမြင့်တစ်နေရာမှာ ရောက်နှင့်နေခဲ့ပြီးသောသူတစ်ယောက်နှင့် နီးစပ်ခွင့်ရဖို့အတွက်ဆိုလျှင် သူ ကိုယ်တိုင်လည်း ထိုအမြင့်ဆီ ရောက်အောင်တက်ဖို့ လိုအပ်သည် . . . ဟု သူ့ကိုယ်သူ တွန်းအားပေးခဲ့သည်။ ဒီလမ်းကိုလျှောက်တော့မည် . . . ဟု





www.burmeseclassic.com

www.burmeseclassic.com



သူ ဆုံးဖြတ်လိုက်ပြီးကတည်းက နောက်မဆုတ်တော့ဖို့ အရှုံးမပေးဖို့ စိတ်ဓာတ်မကျဖို့ သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲပစ်လိုက်သည်။ သူ့ဆီမှာ အားနည်းချက်ယွင်းချက် ရှိနေသမျှ သူ မအောင်မြင်နိုင်။ သူမဟာ မိန်းကလေးတစ်ယောက်ဖြစ် လျက်နဲ့ ဘယ်လောက် သတ္တိရှိရှိ ပြတ်သားလိုက်သလဲ . . .။ သူမ မလုပ်ရဲတာ ဘာမှမရှိခဲ့။ ပြောရဲဆိုရဲ အရာရာကို ဆုံးဖြတ်ရဲ၊ စွန့်စားရဲ၊ စိန်ခေါ်ရဲသော သတ္တိတွေကို သူမဆီကနေ သူ အချိန်တိုကလေး အတွင်းမှာ ကူးစက်ယူထားခဲ့သည်။ သူ ပျော့ညံ့၍ မဖြစ်ပါ။ သူ ပျော့ညံ့နေသရွေ့ သူမနှင့် ဘယ်လိုမှ မနီးစပ်နိုင်တော့ဘူးဆိုတာကို သူ သေချာစွာသိခဲ့သောကြောင့် ဖြစ်သည်။

တကယ်တော့ သူမဆီကနေ သူ ရှောင်ပြေးထွက်ခဲ့ခြင်းသက်သက် မဟုတ်ခဲ့ပါ။ အမြင့်ကို ခုန်တက်နိုင်ဖို့အတွက် ခပ်လှမ်းလှမ်းဆီ နောက်ပြန်ဆုတ်ပြီး အရှိန်ယူခြင်းသဘောသာ ဖြစ်ပါ၏။

သူ့ကို လူသိအောင် အရင်ဆုံးလုပ်ရပါမည်။ သူ ဘာလဲဆိုတာကို လူတွေသိလာအောင် အရင်လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းဆိုတာတွေကို သူ ကြိုးစားရှာဖွေရပါသည်။ အဲဒီအတွက် အကောင်းဆုံး ပေါင်းကူးတံတားမှာ Internet ဖြစ်သည်။ Internet ကနေတဆင့် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွေ၏ websites တွေကို သူ ရှာဖွေဆက်သွယ်ပါသည်။ သူ့ရဲ့ ကိုယ်ပိုင် blog ကလေးတစ်ခုဖန်တီးထားကာ သူ ရိုက်ထားသမျှ documentary အခွေတွေကို နိုင်ငံတကာကနေ ဝင်ရောက်ကြည့်ရှုနိုင်အောင် စီစဉ်ပြသထားခဲ့သည်။ You tube မှာ တင်နိုင်သမျှတင်ထားခဲ့သည်။ အဆက်အသွယ်မှန်သမျှကို သူ ရှာဖွေဆက်သွယ်ခဲ့ပါသည်။ နောက်ဆုံးတော့ မယ်ရှားပြောခဲ့သလိုပဲ . . . အရည်အချင်းတကယ်ရှိသူ တကယ်တော်သူတွေအတွက် အခွင့်အလမ်းက သူ့အလိုလို ရောက်ရှိလာခဲ့ပါသည်။ သူ အဆက်အသွယ်တွေ ရလာခဲ့သည်။ Facebook ကနေတဆင့် နိုင်ငံတကာက သူငယ်ချင်းတွေ အဆက်အသွယ်တွေ ရှာဖွေနိုင်ခဲ့ပြီး သူ့ကိုယ်ပိုင် blog ကလေးကိုလည်း လူသိများလာခဲ့သည်။ သူ့ရဲ့ documentary video clip ကလေးတွေကို facebook မှာ တင်လိုက်တိုင်း အားပေးနှစ်ခြိုက်သူတွေ ဝေဖန်မှတ်ချက်ပေးသူတွေ အများကြီးရလာခဲ့သည်။ သူ့ blog



www.burmeseclassic.com

www.burmeseclassic.com

ထဲကို နိုင်ငံတကာကနေ ဝင်ရောက်ကြည့်လာသူတွေ ချီးကျူး မှတ်ချက်ပေးသော comments တွေ စည်ဝေလာခဲ့သည်။ နိုင်ငံခြားမှ သူငယ်ချင်းတွေက သူ့ documentary တွေကို တကယ် အလေးအနက် စိတ်ဝင်တစားရှိကာ သူ ပြိုင်ပွဲဝင်နိုင်ရန်အတွက် လိုအပ်သိသင့်သော အချက်အလက်တွေ websites တွေ ပေးပို့လာသည်။

အနုပညာသမား တစ်ယောက်၏ ဖန်တီးနိုင်မှု စွမ်းရည်နှင့် ပိုကြိုးစားအားထုတ်လိုစိတ် တွန်းအားဆိုသည်မှာ သူ့မှာ ပရိသတ်တွေအများအပြားရှိလာခြင်းနှင့် အဲဒီ ပရိသတ်တွေရဲ့ ချီးမွမ်းအားပေးသံတွေပေါ်မှာ အများကြီးပဲ မှီတည်ပါသည်။ သူ့လက်ရာတွေကို ချီးကျူးမြှင့်တင်လာသော ပရိသတ်တွေအတွက် သူ ပိုပြီး အလုပ်လုပ်ပြချင်လာခဲ့သည်။ တစ်ရက်တစ်ရက် ဗီဒီယိုကင်မရာတစ်လုံးလွယ်လျက် အိမ်မှ ထွက်ကာ နယ်အနှံ့ ခရီးတွေထွက်ကာ documentary ရိုက်ဖို့ စိတ်ဝင်တစားရှိနိုင်မည့် subject ကိုရှာဖွေပါသည်။ ရှမ်းပြည်ဘက် ချင်းတောင်ဘက်တွေအထိ သူ ခရီးဆန့်ခဲ့သည်။ သဘာဝတရား၏ လှို့ဝှက်ချက်တွေ၊ လူမျိုးစုတွေ၏ ယဉ်ကျေးမှု ခလေ့တွေ၊ လူအချင်းချင်းထားရှိသော ချစ်ခြင်းမေတ္တာနှင့် သံယောစဉ်နှောင်ဖွဲ့မှုတွေ။ စိတ်ဝင်စားဖွယ်အသက်မွေးဝမ်းကျောင်းမှုတွေအကြောင်း လူတစ်ယောက်၏ ရှင်သန်မှု ဘဝနေထိုင်မှု အနုပညာအကြောင်း စသဖြင့် အစုံအလင်။ ရိုက်သမျှကို နှံ့နှံ့စပ်စပ် အနုစိတ် အသေးစိတ်ခြယ်မှုန်းပြသလို စိတ်ဝင်စားဖွယ်ဖြစ်အောင် သူ တီထွင်ဆန်းသစ်ကြည့်သည်။ ပြိုင်ပွဲတွေ ဝင်နိုင်လောက်သည့် အရည်အသွေးရှိသည်ဟု ယုံကြည်စိတ်ချခံစားမိသော အခွေတွေကို ပြိုင်ပွဲဝင်တွေ ဖိတ်ခေါ်လျက်ရှိသော websites တွေဆီသို့ ပို့သည်။ သူ မပို့နိုင်လျှင် လက်လှမ်းမီသည့် နိုင်ငံရပ်ခြားမှ သူငယ်ချင်းတွေဆီ လှမ်းပြီး ဆက်သွယ်အကူအညီတောင်းကာ ပို့သည်။ သူ လုပ်သမျှကို အကောင်းဆုံးလုပ်ခဲ့ပါသည်။ အများကြီးတော့ မျှော်လင့်မထားခဲ့ . . .။ ဒါပေမယ့် တစ်နေ့နေ့မှာ သူ အောင်မြင်ရမည်ဟုတော့ သူ ရည်ရွယ်မှန်းထားခဲ့မိသည်။

ဖဖဖဖဖ


www.burmeseclassic.com

www.burmeseclassic.com


အချိန်အားဖြင့် နှစ်နှစ်လောက် သူ ရင်းနှီးမြှုပ်နှံခဲ့ရပါသည်။ ဘာပဲဖြစ်ဖြစ် သူလုပ်ချင်သော အလုပ်ကို လုပ်နေခဲ့ရသည်မို့ သူ ပျော်ရွှင်နေခဲ့သည်ချည်း။ တစ်ခါတစ်ရံမှာတော့ မယ်ရှားကို လက်ဝဲဘက်ရင်အုံကနေ လိုက်လှဲနေအောင်ကို သူ သတိတရ တမ်းတ,မိပါသည်။ နေ့တိုင်း မယ်ရှားကို သတိမရမိတဲ့နေ့မရှိဘူးဆိုလျှင် သူ့ကို ဘယ်လိုထင်ကြမလဲ။ မယ်ရှားဘေးမှာ နေခွင့်မရတော့ပေမယ့် မယ်ရှားရှိနေသည့် နေရာတွေဆီ ခပ်လှမ်းလှမ်းကနေ သူ့ကို မမြင်စေရအောင် အကာအကွယ်ယူလျက် သူ အမြဲသွားခဲ့သည်။ မယ်ရှား၏ လန်းဆန်းတက်ကြွနေသော နိုးကြားဖျတ်လတ်လွန်းသော မျက်နှာကလေးနှင့် ကိုယ်ဟန်မူယာလှုပ်ရှားမှုတွေကို မြင်ရ လျှင် သူ့စိတ်ဓာတ်တွေပါ အလိုလို သွက်လက်တက်ကြွလာ တတ်ပါသည်။ ဂျာနယ်တွေ . . . မဂ္ဂဇင်းတွေမှာ . . . မယ်ရှား ပြောသမျှ စကားလုံးတိုင်းကို high light တားပြီး . . . အလွတ်ရ ကျေညက်နေအောင် သူ မှတ်သားထားခဲ့မိသည်။

သူ့ ဘဝ၏ အပြောင်းအလဲသည် ကိုးရီးယားရုပ်ရှင်ပွဲတော်တစ်ခုဆီမှ သူ့ရဲ့ documentary တစ်ခုကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ ကိုရီးယားသံရုံးကနေတဆင့် သူ့ကိုဖိတ်ခေါ်သော ဖိတ်စာကို လက်ခံရသောနေ့က သူ့ရဲ့ ပျော်ရွှင်ရင်ခုန်ခြင်းအတွက် ပထမဆုံး ရင်ဖွင့်မျှဝေပေးချင်မိသူမှာ မယ်ရှားသာဖြစ်၏။ သူ ဘယ်လိုမှ မထိန်းချုပ်နိုင်ခဲ့ဘဲ မယ်ရှား၏ mobile ဆီ လှမ်းခေါ်မိခဲ့သည်။ မယ်ရှား မကိုင်ပါ။ ရွှေပုလဲနှင့်သာတိုးသည်။ သူ ဘာမှမပြောမိဘဲ ဖုန်းချလိုက်မိသည်။

ကိုရီးယားရုပ်ရှင်ပွဲတော်မှာ သူ့ရဲ့ documentary အခွေ အရွေးခံရသော သတင်းသည် ဂျာနယ်တွေထဲမှာ ပါလာခဲ့၏။ သူ့ကို အင်တာဗျူးတိုကလေးတွေ လုပ်လာကြသည်။ "အိပ်မက်မြို့ဆီသို့ ခရီးသည်"ဆိုသော သူ့ရဲ့ကိုယ်ပိုင် blog ကလေးကလည်း လူသိများထင်ရှားလာခဲ့ပြီမို့ သူ့နာမည်ကို လူတွေ


www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးနေကြပြီ။ အထူးသဖြင့် ရုပ်ရှင်ဗီဒီယိုလောကသမားတွေ ဖြစ်သည်။ သူ ဒီအတိုင်း ရပ်မနေခဲ့ပါ။ အခွင့်အရေးဆိုတာ ကို သူ မရပ်မနားရှာဖွေနေခဲ့ပါသည်။ သူ အရိုက်ချင်ဆုံးသော ဇာတ်လမ်းမျိုးကိုရှာသည်။ သူနှင့်ရင်းနှီးခဲ့ပြီးသော မင်းသား နေရောင်နှင့် မင်းသမီးဆီချဉ်းကပ်ပြီး ဇာတ်လမ်းပေးဖတ်ကြည့် သည်။ နေရောင်က သူ့အရည်အသွေး တစ်စွန်းတစ်စကို ပြင်ဦး လွင်မှာကတည်းက သိထားခဲ့ပြီးဖြစ်သည်။

"လုံ့လ . . . ခင်ဗျားရဲ့ အနုပညာကို ကျွန်တော် ယုံတယ်၊ ခင်ဗျား ဖြစ်အောင်သာချ . . . ကျွန်တော် ရက်ပေး မယ်၊ ဒီဇာတ်ကို ကျွန်တော်ကြိုက်တယ်၊ ပရိုဂျူဆာဆီ ပြပေး မယ်၊ သူ မီးစိမ်းပြရင် ခင်ဗျား အပီအပြင်ရိုက်ပေတော့၊ ခင်ဗျား ရဲ့ လက်စလက်နကို ပြင်ဦးလွင်မှာက တည်းက ကျွန်တော် သဘောကျပြီးသား၊ အဲဒီကား သုံးကားစလုံး ပေါက်ကား တွေချည်းပဲ"

နေရောင်က သူ့ကို လိုလိုလားလားနှင့် အခွင့်အရေး တစ်ခုပေးခဲ့ခြင်းသည် သူ့ကံကောင်းဖို့အတွက် အခွင့်အရေး လမ်းစ, တစ်ခု ပွင့်ခဲ့ခြင်းလည်း ဖြစ်သည်။ နေရောင်က





သက်ရှိမင်းသားတွေထဲမှာ ပထမတန်း စူပါသဗ္ဗာအဆင့်မို့ သရုပ်ဆောင်ရာမှာလည်း တစ်ဖက်ကမ်းခတ်အောင် တော်လွန်း သူ၊ ထဲထဲဝင်ဝင်ကြိုးစားတတ်သူမို့ နေရောင့်၏ ယုံကြည်အား ထားမှုကို ရခဲ့ခြင်းသည် သူ့အတွက် အခွင့်အရေးတစ်ခုဖြစ် သည်။ ဒါရိုက်တာအသစ်ကို နေရောင့်၏အာမခံမှုနှင့် ပရိုဂျူ ဆာက လက်ခံပေးခဲ့သည်။ သူ ပထမဆုံးတစ်ကား စတင်၍ ိုက်ကူးခဲ့ရသည်။ ဇာတ်လမ်းကလည်း အလန်းစား အပြင်းစား ဆန်းကြယ်ပြီး ခေတ်ရှေ့ပြေးလွန်းနေခဲ့သည်။ ဘယ်ဇာတ်လမ်း းှင့်မှ မတူ . . . ရိုက်ချက်တွေက ဆန်းသစ်တီထွင်ထားသည်။ သရုပ်ဆောင်တွေက ပြောစရာမလိုလောက်အောင် အပြိုင်ကြဲ သားခဲ့သည်။ ထိုကားကို ကြော်ငြာအင်အားကောင်းကောင်းဖြင့် ီဒီယာတွေက ဝိုင်းဝန်းပံ့ပိုးပေးကြသည်။

လူတစ်ယောက်၏ ကံကြမ္မာနှင့် စန်းလင်္ဂဆို သည်မှာ ယုံနိုင်စရာ ကောင်းလောက်အောင်ပင် ဆန်းကြယ်လွန်း ခဲ့ပါသည်။ သူ ပထမဆုံးရိုက်သောကား လူကြိုက်များကာ အောင်မြင်ခဲ့ချိန်မှာ ကိုရီးယားရုပ်ရှင်ပွဲတော်. သူ့ရဲ့ documentary ကားကလေး ပထမဆု ရခဲ့ပါသည်။ ကိုရီးယား



www.burmeseclassic.com

www.burmeseclassic.com



အထိ သူ သွားပြီးဆုယူခဲ့ရသော သတင်းတွေက သူ့ကို လူတွေ ပိုပြီး မှတ်မိသတိထားမိစေခဲ့သလို . . . သူ့အတွက် ဒါရိုက်တာ လုပ်စားခွင့်လက်မှတ်ကလေးလည်း ရသွားခဲ့ခြင်းဖြစ်၏။ သူ ဇာတ်လမ်းကောင်းတွေ အသည်းအသန်ရှာဖွေရပြီ။ သူကိုယ်တိုင်လည်း ဇာတ်လမ်းဇာတ်ညွှန်း ရေးခဲ့သည်။ ကုမ္ပဏီအပိုင်ရှိပြီးသား မင်းသားနေရောင်နှင့် ဆက်ပြီး လက်တွဲဖြစ်ခဲ့သည်။ နေရောင့်၏ ကျော်ကြားမှုသည် သူရိုက်ကူးသော ဆန်းသစ်ခေတ်မီသည့် ပေါက်ကားကလေးတွေကြောင့် ပို၍ အရှိန်အဟုန် ပြင်းလာခဲ့သလို နေရောင့်၏ အောင်မြင်မှုအရှိန်အဝါကြောင့် သူ့ရဲ့အရည်အသွေးနှင့် အောင်မြင်မှုကို မီးမောင်းထိုးပေးခဲ့သလို တောက်ပ လင်းလက်လာခဲ့ခြင်း ဖြစ်ပါသည်။ သူတို့နှစ်ယောက် ကံချင်းလည်းစပ်သလို အပေးအယူလည်း တည့်သည်ဟုဆိုရပါမည်။ ကြိုးစားအားထုတ်ခဲ့သော ရင်းနှီးမြှုပ်နှံခဲ့ရသော အချိန်တွေက ကြာရှည်ခဲ့သလောက် အောင်မြင်ချင်တော့လည်း အချိန်တိုတိုအတွင်းမှာ သူ နေရာရလာခဲ့ပါသည်။ သူ့လက်ရာကို အနုပညာသမားတိုင်း ယုံကြည်စိတ်ဝင်စားစွာဖြင့် စောင့်ကြည့်လာခဲ့ရသည်။ ကုမ္ပဏီတချို့က သူ့နောက်





လိုက်လာခဲ့ပြီ။ သူရိုက်လျှင် အောင်မြင်မည် . . . ဟု ယုံကြည်လာခဲ့ပြီ။ သူရိုက်ချင်သော ကားတွေ . . . အဆက်မပြတ်ရိုက်ခွင့်ရလာခဲ့ပြီ။ တစ်နည်းအားဖြင့် ဒါရိုက်တာဟူသော သူ အဖြစ်ချင်ဆုံး အမျှော်လင့်ခဲ့ဆုံး အရူးသွပ်ဆုံးသော ဘဝတစ်ခုကို သူ့လက်ထဲမှာ ဆုပ်ကိုင်ထားခွင့် သူ ရခဲ့ပြီ။ သူ အိပ်မက်မြို့တော်ဆီသို့ ခြေချခဲ့မိပြီ။ သို့ပါသော်လည်း သူ အရမ်းကြီးနှင့်သည်းနေအောင် မပျော်ရွှင်ခဲ့ပါ။ သူ တစ်ခုခုကို ဆာလောင်မွတ်သိပ်နေခဲ့သည်။ သူ့ဘဝမှာ တစ်ခုခုကို အံသည်းအသန် ပြင်းပြင်းပြပြ လိုအပ်နေခဲ့သည်။ အဲဒါမပါဘဲ သူ့ရဲ့အောင်မြင်မှုက မပြီးပြည့်စုံသလို အဓိပ္ပါယ်မရှိသလိုပဲ သူ ခံစားနေရသည်။

သူ့ကို နယ်နှင်ဒဏ် အပြစ်ပေးခဲ့သော မယ်ရှား ဆီ မရောက်ရောက်အောင် ပြန်သွားလိုစိတ်ဖြစ်ပါသည်။ သူ မယ်ရှားကို သိပ် ချစ်မြတ်နိုးလွန်းပါသည်။ မစားကောင်းသော သစ်သီးတစ်လုံး . . . ဟု ဘာကြောင့်များ မယ်ရှားက သူမကိုယ်သူမ စွဲစွဲမြဲမြဲ ခေါင်းမာလွန်းစွာ သတ်မှတ်ထားခဲ့ပါသလဲ။

သူ ဘာကြောင့် အောင်မြင်လာခဲ့ရသလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



သမားရိုးကျ အစဉ်အလာတွေထဲကနေ ဖောက်ထွက် လမ်းသစ်ထွင်ကာ ဆန်းသစ်ခဲ့လို့ မဟုတ်ဘူးလား။ အခုလည်း မယ်ရှားကိုင်စွဲကျင့်သုံးလျက်ရှိသော ရှေးရိုးအစွဲကြီးတစ်ခုကို သူ တွန်းလှန်အာခံချင်လာခဲ့ပါသည်။ မင်းနဲ့ ကိုယ့်ကြားမှာ တံတိုင်းတစ်ခုခြားနေတယ်ဆိုရင် အဲဒီတံတိုင်းကို တွန်းဖြိုရင်တွန်းဖြို . . . မတွန်းဖြိုနိုင်ရင် မရရအောင် ကျော်လွှားဖြတ်ကျော်တက်ဖို့ သတ္တိတော့ ကိုယ့်မှာရှိရမှာပေါ့ မယ်ရှားရယ် . . . နော်။ အဲဒီအတွက် ကိုယ် ဖြတ်ထိုးဉာဏ်တော့ သုံးရပါမယ်။ အရင်ကတော့ ကိုယ်ဟာ ခပ်ရိုးရိုးသာတွေးတတ်တဲ့ သာမန်လူတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးသတ်မှတ်ထားခဲ့မိတာ။ မင်းရဲ့ မယုံနိုင်လောက်အောင် ထက်မြက်ရဲရင့်လွန်းတဲ့ ပြတ်သားလွန်းတဲ့ စွမ်းအားတွေနဲ့ ကိုယ့်မှာ ရိုးသားမှုထက်ပိုတဲ့ စွန့်စားမှုနဲ့ တွေးခေါ်မြော်မြင်မှု . . . သတ္တိနဲ့ ဉာဏ်ကိုလွှာသုံးတတ်ဖို့ . . . မင်းပဲ သင်ပေးသွားခဲ့တာပါ။ လူရိုးတစ်ယောက်ဆန်းသွားရင် မယုံနိုင်လောက်အောင် လိုက်မမီနိုင်လောက်အောင် ထူးခြားသွားတတ်တာကို မကြာခင်မှာ မင်း တအံ့တသြသိခွင့်ရပါတော့မယ် . . . မယ်ရှားကလေးရေ . . .။ ဝလာ





ကျင်းထားတဲ့ ကိုယ့်ရင်ဘတ်ထဲကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရလာအောင် မင်းပဲ အားဖြည့်ထည့်ပေးသွားခဲ့တာပါ။

ထထထထထ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၈



www.burmeseclassic.com

www.burmeseclassic.com

"ရိုးသားမှုဟာ

ပေါင်းသင်းဆက်ဆံရေးမှာ

စွမ်းအင်အရှိဆုံး

ဆွဲဆောင်မှုပါ"



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၈)

နေရောင်နှင့် လက်တွဲဖော် လုပ်ဖော်ကိုင်ဖက်တွေ အဖြစ်သာမက ညီအစ်ကိုတွေလို နီးကပ်ရင်းနှီးသွားချိန်မှာ နေရောင်က သူ့ရဲ့ နှလုံးသားမြို့ဟောင်းကို တူးဖော်ခဲ့မိခြင်း ဖြစ်သည်။

"ဘရို . . . (bro) . . . မင်း . . . မယ်ရှားကို တကယ် စွဲလန်းခဲ့တာလား၊ မင်းရင်ထဲမှာ သူ ရှိနေသလိုပဲနော်"

"မင်းက ဘာကြောင့် အဲဒီလိုပြောနိုင်ရတာလဲ နေ"

နေရောင်က သူ့ကို brother ကို အတိုကောက် ခေါ်သော "bro" ဟု ချစ်စနိုးခေါ်လေ့ရှိသည်။



ထင်ရှားနိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ရမှာလဲ . . . မင်းမျက်နှာကြည့်လိုက်ရင် သိပ်သိသာတာပဲ၊ မယ်ရှားအကြောင်းပြောပြီဆိုရင်ပဲ ဖြစ်ဖြစ် . . . ကြားရင်ပဲဖြစ်ဖြစ် . . . အနည်းဆုံးကွာ ဂျာနယ်ထဲမှာပါတဲ့ အင်တာဗျူးကလေး ဖတ်နေချိန်မှာပဲ ဖြစ်ဖြစ် မင်းရဲ့မျက်လုံးတွေက အလင်းရောင်တစ်မျိုး ဖြာထွက်နေသလိုကို တောက်ပနေတတ်တာ၊ ပြီးတော့ မင်းရဲ့မျက်နှာက သွေးရောင် ပိုလွှမ်းလာတယ်၊ ငါ လည်း ဒီလောက်တော့ လူကဲခတ်မညံ့ပါဘူးကွာ၊ ပြင်ဦးလွင်မှာ ချစ်ပွားကြီး မင်းကို အနောက်လွန်ပြီး ယောင်ခိုင်းလိုက်တုန်းက မယ်ရှားနဲ့ ကွိုင်ပြီး မင်း ပျောက်သွားခဲ့တယ် . . . ဟုတ်တယ်မှုလား . . . အဲဒါကို ငါ မှတ်မိနေတယ်၊ နှစ်နှစ်လောက်ရှိပြီ ဟုတ်တယ်မှုလား၊ အဲဒီတုန်းက မယ်ရှားကို မင်း ဇက်ကြောကအစ ဆွဲပေးနေတာ . . . ငါတို့ အားလုံး မြင်တယ် ဘရိုရေ့၊ မသိချင်ယောင်ဆောင်နေကြတာ၊ ချစ်ပွားကလည်း သိလို့ကို တမင်သက်သက် နောက်ခဲ့တာ၊ ငါတို့က မင်းနဲ့ မယ်ရှားတော့ ငြိပြီလို့ကို တွက်ထားတာ"

"ဟကောင်ရာ . . . မင်းကလည်း သိနေလိုက်တာ၊ အဲဒီလောက် သိနေမှတော့ ငါလည်း လျှို့ဝှက်ထားချင် စိတ်







မရှိတော့ပါဘူး၊ မင်းတစ်ယောက်တည်းဆီမှာပဲ ငါ ရင်ဖွင့်မိတာနော်၊ မင်းကို ယုံကြည်စိတ်ချလို့"

"လုပ်စမ်းပါကွာ . . . မယ်ရှားက နှလုံးသားရေးရာ ကဏ္ဍမှာ အရမ်းတင်းကြပ်ပြီး ပိတ်ပင်တားမြစ်လွန်းတာ ငါလည်း သဘောမကျပါဘူး၊ သူ့လောက်တော်ပြီး အတွေးအခေါ်ရော ဉာဏ်ပညာပါ အရမ်းကောင်းတဲ့ မိန်းကလေးတစ်ယောက်က 'အချစ်' ဆိုတဲ့ အရာကို လုံးဝ neglect (ဥပေက္ခာပြု) လုပ်ထားတာ သဘာဝကို မကျတာ၊ သူ့ကို ကြွေတဲ့ကောင်တွေ မနည်းဘူးကွ၊ ဘယ်သူမှ သူ့ဆီက အချစ်ကို မရနိုင်ဘူး၊ ဘယ်လိုလုပ် ပြီး ရမလဲ၊ လုပ်ပုံကိုကြည့်လေ၊ သူနဲ့ ခင်သမျှ . . . သူ့ အပေါ် အရောင်ပြောင်းလဲလာနိုင်သမျှ ယောက်ျား တိုင်းကို စကားတစ်ခွန်းတည်းနဲ့ ဖမ်းတားထားလိုက်တာ"

"ဟုတ်တယ်နေ . . . အဲဒါ ဥပဒေပဲတဲ့၊ သူနဲ့ ခင်ချင်ရင် အဲဒီသူ့ဥပဒေကို လိုက်နာရမယ်ဆိုပြီးကို အစ ကတည်းက ပိတ်ပြောထားတာ၊ အဲဒီ ဥပဒေကြောင့် ငါ အခု နယ်နှင်ဒဏ်





www.burmeseclassic.com

www.burmeseclassic.com


ခံထားရသလိုပဲ နေနေရတာပေါ့၊ မင်း ဘယ်လိုထင်လဲ . . . နေ၊ မင်းက သူနဲ့တွဲပြီး ကားပေါင်းများစွာရိုက်ခဲ့သူဆိုတော့ သူ့အထာကို တော် တော်သိမှာပဲ . . . ဟုတ်တယ်မှုလား"

"ငါ သိထားသလောက်ကတော့ အစိက အခရာဟာ သူ့ကြီးတော် အပျိုကြီးပဲ . . . ဘရို၊ သူ့ ကြီးတော် ပုံသွင်းစီရင်ထားတဲ့ ပုံစံအတိုင်း မယ်ရှားက ကွက်တိ ထွက်နေတာ မယ်ရှားက သူ့ကြီးတော်ကို နတ်သမီး တစ်ပါးလိုကို အထင်တကြီး ကိုးကွယ်ထားတာ၊ မင်း တကယ်လှုပ်ရှားတော့မယ်ဆိုရင် ပထမဆုံး မင်း ချဉ်း ကပ်ရမှာက သူ့ကြီးတော်ပဲ၊ အပျိုကြီးတွေ စတိုင်လ် အတိုင်း ပေါင်းသင်းရခက်တာ . . . လက်ပေါက်ကပ်တာ ခွကျလွန်းတာမျိုး လုံးဝမရှိဘူး ကိုယ့်လူ၊ အပီအပြင် up to date ဖြစ်နေတဲ့ ခေတ်နဲ့အမှီပြေးနိုင် ဝင်ဆံ့နိုင်တဲ့ ပေါင်းသင်းဆက်ဆံရေး အရမ်းညက်တဲ့ ကြီးတော်ကြီး၊ သူက အရာအားလုံးကို သိနေ . . . တတ်နေတာ၊ Facebook account လုပ်ပြီး social network ဖြန့် ကျက်ထားနိုင်တာကိုပဲကြည့်၊ Facebook မှာ သူ့ သူငယ် ချင်းတွေ ဘယ်လောက်ရှိတယ်မှတ်လဲ ကိုယ့်လူ၊ ၅၀၀၀ ရှိတယ်ဗျာ၊ ဒါတောင် Facebook က သူငယ်ချင်း limit ကို ၅၀၀၀ အထိပဲ ကန့်သတ်ထားလို့၊ ၅၀၀၀ ထက်ပိုပြီး လက်ခံလို့မရတော့လို့ ၅၀၀၀ အတိဖြစ်နေတာ၊ မင်း သူ့ကို facebook မှာ သူငယ်ချင်းအဖြစ် add လုပ်ကြည့်လိုက်၊ မင်း ဒီလောက် နာမည်ကြီးနေပြီဆို သူ မင်းကို သိပါတယ်၊ တခြား သူငယ်ချင်း တစ်ယောက်ကို သူ့ list ထဲကနေ ဖယ်ပြီး မင်းကို လက်ခံပေးလိမ့်မယ်၊ သူနဲ့ ခင်မင်းရင်းနှီးအောင်အရင်လုပ်၊ ငါ သိထားသလောက် ကတော့ မယ်ရှားရဲ့ ဥပဒေဆိုတာ ကြီးတော် လက်ထက်ကတည်းက ကျင့်သုံးခဲ့တဲ့ ဥပဒေဟောင်းကြီးကွ၊ ကြီးတော် ငယ်ငယ်တုန်းကလည်း အရမ်းလှပြီး တော်လွန်းထက်လွန်းတော့ . . . ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာတဲ့ . . . ကြီးတော်က အဲဒီစကားတစ်ခွန်းနဲ့ပဲ သူ့ကိုယ်သူ ကာကွယ်ခဲ့တာဆိုပဲ၊ အဲဒါ ကြီးတော်ရဲ့ ခေတ်ကိုမီလိုက်တဲ့ ဒါရိုက်တာကြီးတွေပြောပြတာ . . . ကြီးတော်ရဲ့ law ကြီးကို ရုပ်သိမ်းအောင် . . . မင်း လုပ်နိုင်ရင် မယ်ရှားကို မင်း မဝေးတော့ဘူး"

နေရောင့်အကြိုဉာဏ်အတိုင်း သူ စတင်၍ လိုက်




www.burmeseclassic.com

www.burmeseclassic.com



နာကျင့်သုံးကြည့်ခဲ့ပါသည်။ မယ်ရှားနှင့် အဝေးကြီးမှာ သူ မနေချင်တော့ပါ။

ဏဏဏဏဏ





မျှော်လင့်ချက် ခိုက်ကူးယဉ်ကလေးနှင့် လှုပ်ရှားရသော ကစားပွဲတစ်ခုသည် စိတ်ဝင်စားစရာ ရင်ခုန်စရာ ကောင်းနေခဲ့ပါသည်။ facebook မှာ ကြီးတော်နှင့်သူ သူငယ်ချင်းတွေ ဖြစ်ခွင့်ရခဲ့ပြီ။ ကြီးတော်ရဲ့ wall ဆီမှာ သူ အမှတ်တရ ပန်းစည်းကလေးတွေ . . . အရုပ်ကလေးတွေ . . . လှမ်းပို့ပေးတတ်သလို သူ့ရဲ့ video clip ကလေးတွေ တင်ပေးထားတတ်သည်။ အခွင့်အရေးရလျှင် ကြီးတော်နှင့် လှမ်း chat ကြသေးသည်။ ကြီးတော်က အလွန်ခေတ်မီလွန်းပါသည်။ ကြီးတော် မသိတာ ဘာမှကိုမရှိသလောက်။ ကြီးတော်၏ အကြိုက်ဆုံးအရာတွေ အမုန်းဆုံးအရာတွေကိုလည်း သူ သိခွင့်ရခဲ့ပါသေးသည်။ ဘဝမှာ ကြီးတော် တန်ဖိုးအထားဆုံး



www.burmeseclassic.com

www.burmeseclassic.com



သောအရာဟာ "ရိုးသားမှု"တဲ့လေ။ ကြီးတော်ရဲ့ profile မှာရေးထားသည်က "Honesty is the most powerful attraction in relationships" တဲ့။ ရိုးသားမှုဟာ . . . ပေါင်းသင်း ဆက်ဆံရေးမှာ စွမ်းအင်အရှိဆုံး ဆွဲဆောင်မှုပါ . . . တဲ့။ ထို့ကြောင့် သူ ရိုးသားဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဏဏဏဏဏ





ကြီးတော်က သူ့ကို နှစ်ယောက်တည်း ဆုံကြဖို့ ခွင့်ပြုလိုက်သောအခါ မယ်ရှား အိမ်မှာမရှိနိုင်သော အချိန်မျိုးမှာ သူ သစ်ခွဖြူဖြူ ပန်းအိုးကြီးတစ်အိုးဖြင့် ကြီးတော်အိမ်မှာ သွားတွေ့ခဲ့ပါသည်။ ကြီးတော်က ပန်းတွေ အရမ်းကြိုက်သူဖြစ်သည်။ အကြိုက်ဆုံးက အဖြူရောင်နှင်းဆီ၊ အဖြူရောင် သစ်ခွ၊ အဖြူရောင် လီလီတွေ . . . ပြီးတော့ အဖြူရောင် ကျူးလစ်တွေပါတဲ့။ သစ်ခွဖြူဖြူပန်းပင်ကို ချိုင်းနား ကြွေပန်းအိုး လှလှဖြင့် တစ်ခါတည်း စိုက်ထားပြီးသားကို ယူသွားခဲ့သည်။ ပန်းစည်းဆိုလျှင် ခဏလေးပဲ ခံမှာမဟုတ်လား။ ပန်းပင် လိုက်ဆိုတော့ ကြီးတော် ပြုစုနိုင်သ၍ ရှင်သန်ခွင့်ရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ကြည့်စမ်း လှလိုက်တဲ့သစ်ခွတွေ၊ စိတ်နှလုံးကို လန်းဆန်းကြည်မြသွားတာပဲ၊ လာပါ . . . လုံ့လရေ ကြီးတော် မင်းအတွက် မြီးရှည်လုပ်ထားပေးတယ်၊ ပန်းတွေအတွက် ကျေးဇူးပါအေ"

ကြီးတော်နှင့် facebook ထဲမှာ တော်တော်ခင်မင်ခဲ့ပြီမို့ အပြင်မှာဆုံတော့ နွေးနွေးထွေးထွေးရှိလှသည်။ ချည်သားရင်ဖုံးနှင့် ချည်လုံချည်ကို သပ်သပ်ရပ်ရပ် ဝတ်ထားကာ ခေါင်းမှာ နှင်းဆီဖြူကလေးတစ်ပွင့်ပန်လျက် သွယ်လျလျရှိသော ကြီးတော်၏ အသွင်သဏ္ဌာန်က မြင်လိုက်ရုံနှင့် အလွန်ထက်မြက်ပြီး စည်းစနစ်ရှိလွန်းသူတစ်ယောက်ပုံစံ သိသာထင်ရှားလွန်းနေသည်။

"ကြီးတော် တူမတော့ ကားရိုက်ရှိတယ်၊ မင်းလာမယ်ဆိုတာတောင် သူ့ကို မပြောမိပါဘူးအေ . . .၊ သူလည်း အလုပ်ကွေရှုပ်နေတာ"

"ကြီးတော်ကိုကြည့်ရတာ နုပျိုလန်းဆန်းနေတာပဲနော် အသက်ထက်ဆယ်နှစ်စာမက ပိုငယ်နေတာရဲ့ လျှို့ဝှက်ချက်လေး . . . ပြောပြပါလားဗျာ"





"အောင်မယ် . . . ကျုပ်ကို အနားကပ်ပြီး မြှောက်နေတာကြည့်၊ ကြီးတော် Yoga မှန်မှန်လုပ်တယ် လုံ့လရဲ့၊ တစ်နေ့ကို ခြေလှမ်း ၅၀၀၀ ပုံမှန်လှမ်းတယ်၊ ဒီမှာလေ ခါးမှာ step counter ကလေးချိတ်ထားပြီး ခြံထဲမှာရော အပြင်ထွက်ပြီးရော . . . နေ့တိုင်းပုံမှန် လမ်းလျှောက်တယ်၊ တစ်နေ့ကို မနက်တစ်နာရီ ညတစ်နာရီ တရား ပုံမှန်ထိုင်တယ်၊ ပျော်ပျော်နေတယ် . . . ကိုယ့်ကိုယ် ကိုယ် စိတ်ချမ်းသာအောင်ထားတယ်၊ စိတ်ညစ်လုံးဝမခံဘူး၊ ပူပန်ကြောင့်ကြလုံးဝမထားဘူး၊ စိတ်ကို အကြည်လင်ဆုံး၊ အငြိမ်းချမ်းဆုံးဖြစ်အောင် သတိကလေးနဲ့ နေတယ်၊ ဒါပဲ လုံ့လရဲ့၊ ဘဝရဲ့ အောင်မြင်ပျော်ရွှင်ခြင်းရဲ့ လျှို့ဝှက်ချက်က အရိုးရှင်းဆုံးပဲ"

"ကောင်းလိုက်တဲ့ ဘဝနေနည်းပဲ ကြီးတော်ရယ်၊ ကျွန်တော်လည်း ကြိုးစားရမယ်"

"ကဲ . . . လာ ထမင်းစားခန်းထဲမှာ မြီးရှည်စားရင်း စကားလက်ဆုံ ကျကြတာပေါ့၊ ဒီနေ့ကားရိုက်မရှိဘူးဆို၊ အေးဆေးပဲမှလား"

"အေးဆေးပါ ကြီးတော်၊ ကျွန်တော်လည်း ကြီးတော်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြစရာတွေ ကြီးတော်ဆီက သိချင်တာလေးတွေ အကြံဉာဏ်ကလေးတွေလည်း လိုချင်ပါတယ်"

"ရပါတယ်အေ . . .၊ ကြီးတော် တတ်နိုင်သလောက် ကူညီမှာပေါ့၊ မြီးရှည်ကို ဘယ်လိုစားတတ်သလဲ၊ ကြီးတော် သုပ်ပေးရမလား၊ မင်းဘာသာမင်း နယ်စားမလား"

"အာ . . . ကြီးတော် နယ်ပေးတာ အကောင်းဆုံးပေါ့"

"အိုကေ . . . ဒါဆို ကြီးတော်နှစ်ယောက်စာ နယ်လိုက်မယ်"

ကြီးတော်က မြီးရှည်ကို စိတ်ပါလက်ပါ စနစ်တကျ နယ်ဖတ်သုပ်ပေးပါသည်။ သူ အားပါးတရ စားပစ်လိုက်သည်။

"ကျွန်တော်စားဖူးသမျှ မြီးရှည်တွေထဲမှာ ကြီးတော်ရဲ့ မြီးရှည်က အကောင်းဆုံးပဲ ကြီးတော်၊ ကျေးဇူးပါဗျ"

"welcome ပါ လုံ့လ၊ ကြီးတော်ကလည်း မင်းလို အရမ်း တော်တဲ့ အနုပညာသမားကလေးတစ်ယောက်ကို ခုလို ခင်မင်ခွင့်ရတာ . . . ရင်းရင်းနှီးနှီးစကားပြောခွင့်ရတာ . . . မြီးရှည်သုပ်ကျွေးခွင့်ရတာအတွက် ကျေးဇူးပါအေ"





သူ ကြီးတော်ကို အမှန်တကယ် ခင်မင်နှစ်လိုစွာ ဖြင့် ပြုံးပြလိုက်မိသည်။ မြင်လိုက်ရရုံနှင့် အားကိုးတိုင်ပင်ချင်စရာ နွေးထွေးဖော်ရွေမှုက ကြီးတော်ဆီမှာ အပြည့်။

"တကယ်ပြောတာလား . . . ကြီးတော်၊ ကျွန်တော့်ကို တကယ်တော်တယ်လို့ ကြီးတော် ထင်သလားဟင်"

"အို . . . မင်းရိုက်တဲ့ကားတွေ ကြီးတော်ကြည့်ဖူးသားပဲ၊ မင်းဆုရလိုက်တဲ့ HEAVEN AND EARTH ဆိုတဲ့ Documentary အခွေဆို ဘယ်နှခါရှိပြီလဲ ကြီးတော်ပြန်ကြည့်တာ . . . မတူညီတဲ့ဘဝတွေကို ယှဉ်ပြီးတော့ ရိုက်ပြထားတာလေ၊ ကြီးတော်တို့ မသိသေးတဲ့ အနိမ့်ဆုံးဘဝတွေကို မင်းရိုက်ပြတာများ ရင်နင့်စရာ ကောင်းလွန်းတယ်၊ ကြီးတော်ဆို မျက်ရည်တောင်ဝဲမိတယ်၊ မင်း တကယ်တော်တာပေါ့ လုံ့လရဲ့၊ တကယ်တော်လို့လည်း မင်း အောင်မြင်နေတာပေါ့၊ မင်းနောက်ကို လူတွေ လိုက်နေတာပေါ့ . . . မင်း ဖန်တီးလိုက်သမျှကို အားပေးချီးကျူးနေကြတာပေါ့၊ မင်းမတော်ရင် မင်းကို ဘယ်သူက သိမလဲ၊ မင်းရဲ့ ဖြစ်တည်မှုကို ဘယ်သူက စိတ်ဝင်စားမလဲ၊ မင်းရဲ့ အလုပ်တွေကို ဘယ်သူက အသိအမှတ်ပြုမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကြီးတော်၊ ဒါပေမယ့် အရင်တုန်းက ကျွန်တော်ဆိုတာ ခပ်တုံးတုံး သာမန်လူတစ်ယောက်ပါပဲ၊ ကိုယ့်ကိုယ်ကိုယ် ဘာမှန်း ဘာဖြစ်ချင်မှန်း ဘယ်လို အရည်အသွေးတွေရှိမှန်းတောင် မသိခဲ့ပါဘူး၊ ကျွန်တော့်ရဲ့ အစစ်အမှန်ကို လူတစ်ယောက်က သူ့ talent နဲ့ သူ ရှာတွေ့သွားခဲ့တာပါ၊ ငုပ်လျှိုးနေတဲ့ ကျွန်တော့်ရဲ့ အရည်အသွေးတွေ . . . ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ . . . ဖြစ်အောင်လုပ်ချင်လာတဲ့ စိတ်ဓာတ်ခွန်အားတွေကို သူက ကျွန်တော့်ရင်ထဲ အပြည့်ရိုက်သွင်းပေးသွားခဲ့တာပါ ကြီးတော် . . .၊ သူမပါဘဲ ကျွန်တော့်အောင်မြင်မှုကို ဖွင့်ဆိုပြလို့ မရပါဘူး၊ ကျွန်တော့်အောင်မြင်မှုနဲ့ အဲဒီသူက အမြဲတမ်းယှဉ်တွဲ ငြိတော့ ရှိနေပါတယ်၊ ကျွန်တော့်ရဲ့ အောင်မြင်မှုအကြောင်း ပြောတော့မယ်ဆိုရင် သူမပါလို့ မဖြစ်ဘူး"

"ဩော် . . . ဩော်၊ အဲဒါ ဘယ်သူများလဲ . . . ကြီးတော် သိခွင့်ရှိမလား လှံ့လ"

"သိပ်ရှိတာပေါ့ ကြီးတော်၊ ကြီးတော် တကယ်သိချင်ရင် ကျွန်တော်ပြောပြမှာပေါ့"





"ပြောပါ၊ ကြီးတော်က တော်တဲ့လူတွေကိုရော အဲဒီ တော်တဲ့လူတွေကို ဖော်ထုတ်ပေးနိုင်တဲ့ အရောင်တင်ပေးနိုင်တဲ့ လူတွေကိုပါ အရမ်း စိတ်ဝင်စားတာပါ"

"ကြီးတော်ပြောတဲ့ HEAVEN AND EARTH documentary အခွေ ဆုရခဲ့တာဟာ ကျွန်တော်ပို့ခဲ့တာလို့ လူတိုင်းက ထင်ကြမယ်၊ ကိုရီးယားရုပ်ရှင်ပွဲတော်ဆီကို ကျွန်တော့်အခွေရောက်အောင် သူ လှမ်းပို့ပေးခဲ့တာ ကြီးတော်၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ သူ့မှာ အပြည့်အစုံရှိနေခဲ့တာကိုး၊ အဲဒါကို ကျွန်တော့်ကား အရွေးခံရကြောင်း ဖိတ်စာရမှ ကျွန်တော် သိခွင့်ရခဲ့တာပါ၊ သူ့ကို ကျွန်တော် သိပ်ကျေးဇူးတင်မိတဲ့အကြောင်း ပြောပြခွင့် အခွင့်အရေးတောင် မရသေးပါဘူး ကြီးတော်ရာ"

"ဟဲ့ . . . ဘာဖြစ်လို့တုန်း"

မြီးရှည်စားရင်း အေးအေးဆေးဆေး အချိန်ယူကာ သူက ပြောပြနေခြင်းဖြစ်သည်။ ကြီးတော်ကလည်း စိတ်ဝင်တစားပင် နားထောင်နေခဲ့ပါ၏။

"သူ့ရဲ့ ဥပဒေကို ချိုးဖောက်ခဲ့မိလို့တဲ့ . . . ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြည်နှင်ဒဏ်ပေးထားတယ်"

ကြီးတော်မျက်ဝန်းတွေ အရောင်ပြောင်းလဲသွားပါသည်။ သူ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောနေမှန်း ကြီးတော်လုံးဝ သဘောပေါက်သွားခဲ့ပြီ။ သူ . . . ကြီးတော်ကို အားကိုးတကြီး စောင့်ငေးကြည့်နေမိသည်။

"ကျွန်တော့်ရဲ့အပြစ်က သူ့ကို ချစ်ခဲ့မိလို့ပါ ကြီးတော်၊ သူက စိတ်အစွဲကြီးလွန်းတယ် ကြီးတော်၊ သူ့ကို စိတ်ပိုင်းဆိုင်ရာ အရ လွှမ်းမိုးထားနိုင်သူဟာ သူ့ရဲ့ angel ပါ၊ အဲဒီ angel ရဲ့ အတွေးအခေါ် အယူအဆမှန်သမျှကို သူက တသဝေမတိမ်း လိုက်နာခဲ့တာပါ၊ ကျွန်တော် အဲဒီ angel ကို တွေ့ချင် ဆုံချင်ခဲ့တာကြာပြီ၊ ခုတော့ ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲတင်းတင်း ပြတ်ပြတ်သားသား ချခဲ့ပြီးသားမို့ အဲဒီ angel နဲ့တွေ့မှကို ဖြစ်တော့မှာမို့ လာတွေ့ခဲ့တာပါ ကြီးတော်"

ကြီးတော်မျက်နှာပေါ်မှာ အလွန်နူးညံ့ သိမ်မွေ့လွန်းသော ပြောင်းလဲခြင်းတို့ တရိပ်ရိပ်ပြေးနေခဲ့သည်။

"နေစမ်းပါဦးအေ . . . မင်းက ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"





သူ နည်းနည်းတော့ အားတက်သွားမိသည်။ သိပ်ဆိုးရွားသော အငြင်းမျိုးတော့ ကြီးတော်ဆီက ရနိုင်မည်မထင်ပါ။

"ကျွန်တော် မေးခွန်းတစ်ခု မေးချင်လို့ပါ . . . ကြီးတော်"

"မေးအေ . . ."

သူမကို angel ဟု ခိုင်းနှိုင်းလိုက်မိခြင်း အပေါ်မှာတော့ လူသားတစ်ယောက်ပီသစွာ ကြီးတော်နှုတ်သိမ့်ကျေနပ်သွားဟန်ကို ထိန်းချုပ်ဖုံးကွယ်မထားနိုင်ပါ။

"ဒီလောက် ချောမောလှပပြီး ဉာဏ်ပညာ အရည်အသွေးလည်း ထက်မြက်လွန်းတဲ့ angel တစ်ယောက်မှာ ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေခဲ့မှာပါ၊ အဲဒီအထဲမှာ ကိုယ့်ကိုသိပ်ချစ်တဲ့ ကိုယ်ကလည်း ပြန်ချစ်သွားခဲ့မိတဲ့ လူတစ်ယောက်တော့ ရှိခဲ့မှာပါ၊ သူ့ကို ဘာကြောင့်များ လက်မခံဘဲ ဝေးစေခဲ့သလဲဆိုတာ . . . ကျွန်တော် အရမ်းသိချင်လို့ပါ ကြီးတော်"

သူ့ စကားလုံးတိုင်းက ကြီးတော်ရင်ထဲက နက်နဲသိမ်မွေ့လွန်းသော တန်ဖိုးကြီးစွာ မြှုပ်နှံသိမ်းဆည်းထားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသား တစ်စုံကို တို့ထိ လှုပ်ခါလိုက်နိုင်စွမ်း ရှိကြောင်း ကြီးတော်၏မျက်ဝန်းများက သက်သေခံနေပါသည်။ ကြီးတော်ရဲ့ မျက်ဝန်းတွေမှာ မျက်ရည်စ,ကလေးတွေ ဝေ့သီလာခဲ့ပါ၏။ သေသေချာချာ သတိထားစောင့်ကြည့်နေမိသော သူ့အတွက် ကြီးမတော်နှုတ်ခမ်းစွန်းကလေးတွေပါ တုန်ရီလာတာကို သတိထားမိသည်။ သူ အောင်မြင်သွားခဲ့ပါပြီ။

"ဟုတ်တယ် . . . ကြီးတော်ရဲ့မာနနဲ့ ခေါင်းမာမှုတွေကြောင့်ပေါ့၊ ကြီးတော်တို့ ဝေးသွားခဲ့ကြတာ တကယ်ကို အဝေးဆုံးပါပဲ၊ သူ့ကို ဘယ်တော့မှ ပြန်မတွေ့ခဲ့တော့ပါဘူး"

ကြီးတော်၏ လှိုက်ခါနေသောအသံထဲမှာ တမ်းတင့်လင့်မှု တစ်စွန်းတစ်စတော့ ပါနေခဲ့ပါသည်။

"ကြီးတော် . . . နောင်တ မရခဲ့ဘူးလားဟင်"

"ဟင့်အင်း . . . နောင်တဆိုတဲ့အရာဟာ လူတစ်ယောက်ကို ရှင်သန်ခွင့်မပေးတဲ့ အရာလေ၊ ကြီးတော်က ရှင်သန်ချင်တဲ့လူ၊ ဘာမှပြန်မရနိုင်တဲ့ နောင်တတွေထဲမှာ ကိုယ့်ဘဝကို သေဆုံးသွားသူတစ်ယောက်လို အဓိပ္ပါယ်မမဲ့ချင်ပါဘူး၊ ဒါကြောင့် နောင်တမရအောင်ပဲ နေခဲ့ပါတယ်၊ ဖူးစာမပါလို့





ဝေးသွားခဲ့ရတာပဲလို့ အောက်မေ့ပါတယ်"

သူ . . . ကြီးတော်ကို အားနာပါးနာနှင့်ပင် အရှိုက်ထိုးရပါတော့မည်။

"ကြီးတော်လက်ထက်မှာ ကိုယ်သိပ်ချစ်တဲ့သူနဲ့ လွဲခဲ့ရလို့ ကိုယ့်တူမ အလှည့်ကျတော့လည်း သူ့ကို သိပ်ချစ်မိတဲ့သူနဲ့ ဝေးသွားအောင်များ ကြီးတော် ထိန်းချုပ်ထားခဲ့တာလား ကြီးတော်ရယ်၊ အခု . . . သူလည်း ကြီးတော်အတိုင်းပဲ တထေရာတည်း ရင်ဆိုင်နေရပြီ ကြီးတော်၊ ကျွန်တော် ဘာလုပ်ရမလဲဟင်၊ သူက ကြီးတော်ကို သူ့ ဘဝရဲ့ angel တစ်ပါးလို သတ်မှတ်ကိုးကွယ်ထားတာ၊ ကြီးတော်ရဲ့ စကားတစ်ခွန်းဟာ သူ့ဘဝရဲ့ အဆုံးအဖြတ်ပဲ . . . ကြီးတော်"

ကြီးတော်က သူ ချည်နှောင်နေတာကို သဘော ကျစွာ တသိမ့်သိမ့်ရယ်မောပါသည်။

"ကြီးတော်အလှည့်တုန်းက သူ့ကို အဝေးဆုံးကို ထွက်သွားလို့ပဲ နှင်ထုတ်ခဲ့တာပါအေ၊ သူက ပြန်မှ မလာခဲ့ဘဲ လုံ့လရဲ့၊ မင်းက . . . အခု ပြန်လာခဲ့သား ပဲ၊ မယ်ရှားဘဝထဲ ဒုတိယအကြိမ် ပြန်ဝင်ခွင့်ရအောင် ကြိုးစားရမှာက မင်းရဲ့



www.burmeseclassic.com

အစွမ်းအစနဲ့ ဖြတ်ထိုးဉာဏ် အပေါ်မှာပဲ တည်ပါတယ်၊ လူတိုင်းမှာ ဒုတိယအခွင့် အရေးဆိုတာ ရှိသင့်ပါတယ် လုံ့လရဲ့ ကြီးတော်ရော မယ်ရှားပါ အဲဒီလောက် တယူသန်ဆန်ပြီး အယူ မသည်းကြပါဘူး၊ ကဲ ... မင်းမှာ ဘာအစီအစဉ်ရှိသလဲ၊ ရှိရင်ပြောပြ၊ ကြီးတော် ဘယ်လိုပုံစံနဲ့ ကူညီပေးရ မလဲ ကဲ ... ပြော"

သူ အရမ်းဝမ်းသာသွားကာ ကြီးတော် ခန္ဓာကိုယ် ပါးပါးကလေးကို ပွေ့ဖက်ထားလိုက်မိသည်။

"အမလေးတော် ... အဲဒါတော့ မင်းလွန်ပြီဒေ့"

ကြီးတော်အသံက နှစ်သိမ့်ကျေနပ်စွာ ...။

"ကြီးတော်ရယ် ... ကျွန်တော် ကြီးတော်ကို ကတိ ပေးပါတယ်၊ ကျွန်တော့် ဝဲဘက်ရင်ရဲ့ တစ်နေရာမှာ သူ့ တစ်ယောက်တည်းအတွက် ခမ်းခမ်းနားနား ပြင်ဆင်ခင်းကျင်း ထားပါတယ်၊ သူ ဝင်လာလို့ ဘယ်တော့မှ နောင်တ ရမနေ စေရပါဘူး၊ သူ အမြဲ ပျော်ရွှင်ကျေနပ်နေစေရမှာပါ"

"မင်းကလည်းလေ ... လွှင့်လိုက်တဲ့ အလုံးကြီးတွေ က ဧရာမကြီးပါလား၊ ကဲပါ ... မင်းကို ယုံပါတယ်၊ မယ်





ရှားအကြောင်းလည်း ကြီးတော်သိပါတယ် ... လူတစ် ယောက်ကို သူ တော်ရုံတန်ရုံ စိတ်ထဲရှိရုံနဲ့ တစ်ခုခု လုပ်ပေးခဲ့ မှာမဟုတ်ပါဘူး၊ သူ ပြောမပြလို့သာ ... သူ့ရင်ထဲမှာ မင်း ရှိမရှိကို ကြီးတော်မသိနိုင်တာပါ၊ ကဲ မင်းဘယ်လို စီစဉ် ထွန်ကြားမလဲ ... ပြော"

သူ ကြီးတော်ကို ဇာတ်လမ်းကလေးတစ်ပုဒ် ပြော ပြလိုက်သည်။ ကြီးတော်က ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တ စား နားထောင်လျက်ရှိသည်။

ဖဖဖဖဖ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း — ၉



www.burmeseclassic.com

www.burmeseclassic.com

“ခမ်းနားစွာ

ပြင်ဆင်

ခင်းကျင်းထားသော

ဘဲဘက်ရှင်ရဲ့တစ်နေရာ”



www.burmeseclassic.com

www.burmeseclassic.com



# အခန်း . . . (၉)

ရိုက်ကွင်းကနေ ပြန်ရောက်လျှင် မယ်ရှား လုပ်သောအလုပ်မှာ ကြီးတော်အခန်းတံခါးကိုခေါက်ပြီး ကြီးတော်ကို နှုတ်ဆက် အေးအေးဆေးဆေး စကားလေးဘာလေးပြောပြီးမှ ကိုယ့်အခန်းကိုယ် ပြန်နားပြီး လုပ်စရာရှိတာတွေ ဆက်လုပ် ခြင်း ဖြစ်သည်။

"ကြီးတော်ရေ . . . မယ်ရှား ပြန်ရောက်ပါပြီ"

ဟု နှုတ်ဆက်ရင်း တံခါးခေါက်ကာ အခန်းထဲသို့ ဝင်လာခဲ့သည်။ ခါတိုင်းကွန်ပျူတာရှေ့မှာထိုင်လျက် သူငယ်ချင်းတစ်ယောက်ယောက်နှင့် ချက်တင်လုပ်လျှင်လုပ် . . .



တိုင်းပြည်တိုင်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com


မလုပ်လျှင် ရုပ်ရှင်ထိုင်ကြည့်နေလျှင်ကြည့်နေ . . . ဒါမှမဟုတ်ရင် စာအုပ်ဖတ်၊ သိုးမွှေးထိုးနေတတ်သော ကြီးတော်ကို အခ အခန်းထဲမှာ မတွေ့ရ။ ဘယ်များသွားပါလိမ့်ဟု ရေချိုးခန်း အိမ်သာထဲရှာတော့လည်း မတွေ့။ ဝရန်တာကနေ ထွက်ပြီး ခြံထဲလှမ်းရှာဖွေကြည့်တော့လည်း အရိပ်အယောင်ကလေးမှ ပင် မမြင်ရ။

"ကြီးတော်ရေ . . ."

ဟု ခပ်ကျယ်ကျယ် အော်သည့်တိုင် ဘာထူးသံမှ ပြန်မကြားရ။ နည်းနည်းတော့ ထူးဆန်းလာပြီ။ တစ်ခါမှ ခုလို ကြီးတော် ပျောက်မနေဖူးပါဘူး။ မပြောမဆိုနှင့် ဘယ်မှ လည်း သွားလေ့မရှိတတ်ပါ။ တစ်အိမ်လုံးအနှံ့ရှာပြီးသည့်တိုင် ကြီးတော်ကို အရိပ်ကလေးတောင် ရှာမတွေ့သောအခါ မယ်ရှား စိတ်ပူလာခဲ့ပြီ။ အိမ်က ကောင်မလေးတွေကိုမေးတော့လည်း သူတို့ ဘာမှမသိပါတဲ့။ ကြီးတော်က သူ့အခန်းကို ကောင်မလေး တွေကို လာခိုင်းလေ့မရှိ။ သူ ခိုင်းချင်လျှင် ဘဲလ်တီးပြီး အင်တာကွန်းကနေတဆင့် ခိုင်းနေကျပါ။ ကြီးတော်မှာက သူ့အလုပ်နှင့်သူ . . . အမြဲမအားလပ်။ ကောင်မလေး



နှစ်ယောက်ကလည်း သူတို့အလုပ်နှင့်သူတို့ ချက်ပြုတ်တာ သန့်ရှင်းရေးလုပ်တာတွေပြီးလျှင် သူတို့ အခန်းထဲမှာသာ အေး အေးလူလူ နေလေ့ရှိသူတွေ။ အင်တာကွန်းကနေလှမ်းခေါ်မှ သာ ထွက်လာတတ်သူမို့ ကြီးတော်ကို သူ့အခန်းထဲမှာပဲ ရှိနေ လိမ့်မည် . . . ဟု ထင်ထားကြသည်။ သူတို့ကိုလည်း အပြစ် တင်လို့မရပါ။

ကြီးတော် mobile ကို လှမ်းဆက်တော့လည်း စက်ပိတ်ထားသည်တဲ့ . . .။ ပြုန်းခနဲပျောက်သွားသော ကြီး တော်ကို စိတ်ပူလွန်းပြီး မယ်ရှားရင်ထဲ ဗလောင်ဆူခတ်ကာ ခေါင်းထဲမှာတော့ ဗလာကျင်းလျက်ရှိသည်။ ကြီးတော် ဘယ် လျှောက်သွားနေသလဲ . . . မယ်ရှားကို အသိမပေးနိုင် လောက်အောင် ကြီးတော်မှာ ဘယ်လိုလျှို့ဝှက်ချက်မျိုး ရှိနေလို့ လဲ . . .။ ဒါမှမဟုတ် . . . အပြင်တစ်နေရာရာ ခဏထွက် သွားရင်း လမ်းမှာ မတော်တဆများ တစ်ခုခုဖြစ်နေသလား။ အပြင်သွားလျှင် ကြီးတော်က Taxi ပဲ သုံးလေ့ရှိပါသည်။ ဘုရား ဘုရား . . . မယ်ရှား ဘာလုပ်ရမလဲ။ ရဲစခန်းကို အရင် အကြောင်းကြားရမလား . . . ဒါမှမဟုတ် ဆေးရုံတွေမှာ


www.burmeseclassic.com

www.burmeseclassic.com



လိုက်စုံစမ်းရမလား။ ကြီးတော် ပျောက်နေတာတော့ သေချာခဲ့ပြီ။

“ဒီနေ့ ကြီးတော် အပြင်တွေဘာတွေများထွက်သေးလား၊ ဒါမှမဟုတ် အိမ်ကို ဘယ်သူလာသေးလဲ . . . ကြီးတော်ကို နင်တို့ နောက်ဆုံးတွေ့တာ ဘယ်အချိန်လဲ”

“နေ့လည်ကတော့ ဧည့်သည်တစ်ယောက်ကို မြီးရှည်ဖိတ်ကျွေးပါတယ် မမ၊ ကြီးတော်က သူ့ဘာသာသူပဲ လုပ်မယ်တဲ့ . . . ညည်းတို့အလုပ်ပဲ ညည်းတို့လုပ်ဆိုတာနဲ့ သမီးတို့လည်း အခန်းထဲမှာ မီးပူတိုက်နေကြတာ၊ ဧည့်သည် ဘယ်အချိန်ပြန်သွားမှန်းတောင် မသိလိုက်ပါဘူး၊ မီးပူတိုက်ပြီး . . . ရေမိုးချိုး . . . တရေးအိပ်လိုက်မိကြတယ်၊ ခါတိုင်းလည်း ကြီးတော်က သူ့သူငယ်ချင်းတွေကို ဖိတ်ကျွေးနေကျဆိုတော့လေ၊ သမီးတို့လည်း သတိမထားလိုက်မိဘူး”

“ခက်တော့နေပြီအေ . . . အဲဒီ ဧည့်သည်က ယောက်ျားလား . . . မိန်းမလား”

“ယောက်ျားပါ . . . ကြီးတော်နဲ့စကားပြောနေသံတွေတော့ ကြားနေရတယ်၊ ထမင်းစားခန်းထဲမှာဆိုတော့ သမီး







တို့ကိုမခေါ်ဘဲ သွားခွင့်မရှိဘူးမလား မမရဲ့၊ ကြီးတော်က စပ်စုတာ မကြိုက်ဘူးလေ”

မယ်ရှား အလုပ်ရှုပ်ရပါပြီ . . .။ ကြီးတော်ရဲ့ Facebook Profile ကိုဖွင့်ပြီး ခုတလောလက်ရှိ ကြီးတော်နှင့် အဆက်အသွယ်ရှိသူတွေကို ကြီးတော်ပျောက်နေကြောင်း၊ ကြီးတော်နဲ့ပတ်သက်ပြီး သတင်းတစ်ခုခုထူးခဲ့လျှင် မယ်ရှားဆီ ဆက်သွယ်အကြောင်းကြားပေးဖို့ messages တွေလည်းပို့။ ကြီးတော်ရဲ့ wall မှာလည်း . . .

“ကြီးတော်ရေ . . . ဘယ်တွေ လျှောက်သွားနေလဲဟင်၊ မယ်ရှား အရမ်းစိတ်ပူနေတယ် . . . အမြန်ဆက်သွယ်ပါနော်”

ဟု ရေးထားလိုက်သည်။ ကြီးတော်ကို ဒီနေ့ တစ်နေ့လုံး internet ပေါ်မှာ မတွေ့မိပါ . . . ဟု messages တွေ ပြန်လာခဲ့သည်။ အဲဒါ ထူးဆန်းတာပေါ့ . . .။ ကြီးတော်ဟာ သူ့ရဲ့ lap top ကို အိပ်ချိန်ကလွဲပြီး တစ်ချိန်လုံးဖွင့်ထားတတ်သူပါ။ facebook ဝင်ရင်ဝင် . . . မဝင်ရင် g talk နဲ့ သူငယ်ချင်းတွေနဲ့ စကားပြောနေတတ်တာ။ ခက်တာက ကြီး





www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ passwords တွေကို မယ်ရှား မသိသောကြောင့် သူ့ messages တွေနှင့် e-mail တွေကို စစ်လို့မရပါ။

ညမိုးချုပ်လာတော့ မယ်ရှားရင်ထဲမှာ ဇလောင်ဆူလာအောင် စိတ်ပူလာခဲ့ပြီ။ ရဲစခန်းကို အကြောင်းကြားထားလိုက်သည်။ ပြီးတော့ ဆေးရုံတွေဆီ ဖုန်းလှမ်းဆက်ကာ . . . ကြီးတော်နာမည်မေးပြီး စုံစမ်းကြည့်သည်။ ဘာမှ မထူးခြား။ ကြီးတော်အခန်းထဲမှာလည်း ပစ္စည်းတွေအားလုံး သူ့နေရာနှင့်သူ နေသားတကျ စနစ်တကျ။ ဘာမှ သံသယဖြစ်ဖွယ် ပျောက်ဆုံးမနေခဲ့ပါ။ တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိလောက်အောင် ပူပန်သောကရောက်နေချိန်ကျမှ အနားမှာ နွေးနွေးထွေးထွေးလူတစ်ယောက်မှ မရှိတာကို မယ်ရှား ပထမဆုံး အကြိမ် သတိထားမိခဲ့သည်။ အရေးဟယ် . . . အကြောင်းဟယ်ဆို ဘယ်သူ့ကို အားကိုးတကြီး လှမ်းခေါ်တိုင်ပင်ရမှာပါလိမ့်။ တော်တော်ကူကယ်ရာမဲ့ဖြစ်ကာ ကြေကွဲအားငယ်လာချိန်မှာ မယ်ရှား၏ mobile ကလေး ထမြည်လာသည်။ ဝုန်းခနဲ ကောက်ထူးလိုက်ချိန်မှာ . . .

"မယ်ရှားလား . . ."





ဆိုသော အသံတစ်ခုကို ကြားရသည်။ ထိုအသံ က သိပ်မရင်းနှီးလှ။ ဒါပေမယ့် စိမ်းလည်းမနေပါ။ ဒီအသံကို မယ်ရှား ကြားခဲ့ဖူးသလိုလို။

"ဟုတ်ပါတယ် . . . ဘယ်သူလဲ"

"ကျွန်တော်ပါ . . .၊ မယ်ရှားက နယ်နှင်ဒဏ်ပေးခံထား ရတဲ့သူတစ်ယောက်ပါ၊ နှစ်နှစ်လောက်တော့ရှိခဲ့ပါပြီ၊ ကျွန်တော် မယ်ရှားကို ဆက်သွယ်ဖို့ ကြိုးစားနေခဲ့တာလည်း ကြာခဲ့ပါပြီ၊ ဒီနေ့မှပဲ အောင်မြင်သွားတာပါ၊ မယ်ရှား စိတ်မဆိုးလောက်ပါဘူးနော် . . . ကျွန်တော် မယ်ရှားကို ကျေးဇူးတင်တဲ့အကြောင်းလောက်တော့ ပြောခွင့်ရှိမယ်ထင်ပါတယ်"

သူ ဘယ်သူပါလိမ့် . . . ဟု မယ်ရှား မျက်မှောင်ကြုတ်ရင်း စဉ်းစားနေမိသည်။ သိသလိုလိုနှင့် အဖြေကမထွက်။

"ရှင် ဘယ်သူလဲဆိုတာ အရင်ပြောမှပေါ့ရှင်၊ ဒီမှာ ကြီးတော်ပျောက်နေလို့ ကျွန်မ အရမ်း စိတ်ပူနေတဲ့ အချိန်၊ သိပ်အရေးမကြီးရင် နောက်မှပဲ ဆက်ပါ"

"ဟင် . . . ကြီးတော်ပျောက်နေလား မယ်ရှား၊ ဘယ်တုန်းက ပျောက်သွားတာလဲ မယ်ရှားရယ်"



www.burmeseclassic.com

www.burmeseclassic.com





"ဒီနေ့ပဲ . . . ဒါနဲ့ ရှင်ဘယ်သူလဲ"

"ကျွန်တော် လုံ့လပါ မယ်ရှား"

"အို . . . လုံ့လ"

မယ်ရှားရင်ထဲ နင်သွားသလို တဒင်္ဂဆွံ့အ,သွားမိသည်။ သူ့ရုပ်သွင်ကို ချက်ချင်းပဲ ပြန်မြင်ယောင်လာခဲ့သည်။ နှစ်နှစ်အတွင်း ဘယ်သူမှလိုက်မမီနိုင်အောင် တရှိန်ထိုးစန်းထ,အောင်မြင်လာခဲ့သော သူ့ အောင်မြင်မှုတွေအတွက် မယ်ရှား ကျိတ်ပြီး ကျေနပ်ပီတိဖြစ်နေခဲ့မိတာ သူ သိလောက်မယ်မထင်ပါဘူး။ သူ တစ်နေ့ အောင်မြင်လိမ့်မယ်ဆိုတာ မယ်ရှား သိနေခဲ့သား။

"ကျွန်တော် မယ်ရှားကို လာတွေ့လို့ရမလားဟင်"

"အို . . . မိုးချုပ်နေပြီဥစ္စာ . . . ဘယ်ဖြစ်မလဲ . . . လုံ့လရဲ့"

"ဒီညမဟုတ်ပါဘူး မယ်ရှားရဲ့၊ မနက်ဖြန် မနက်စောစောလောက်ပါ . . . ကြီးတော်ကို ကျွန်တော်လည်း ကူရှာပေးနိုင်မလားလို့ပါ"

မယ်ရှား . . . တဒင်္ဂလောက် အချိန်ယူလိုက်သည်။ လွန်ခဲ့သော နှစ်နှစ်က ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခု ကို ခုချိန်ထိအောင် မမေ့နိုင် . . . သည်းမခံနိုင် . . . ခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်နေရတဲ့အထိလည်း မယ်ရှား မမိုက်မဲပါ။ ပြီးတော့ အဲဒီအချိန်တုန်းက သွေးပူနေချိန်မှာ ပြောပစ်ခဲ့ပြီးမှ ချစ်ပွားရှင်းပြတောင်းပန်လို့ သူ့အပြစ်မရှိတာကိုလည်း မယ်ရှား သိခဲ့ပြီးသားလေ။ မယ်ရှားကို စော်ကားလိုစိတ်နှင့် ကျီစယ်နောက်ပြောင်ခဲ့တာမှမဟုတ်ဘဲ။ ပြီးတော့ အမှန်အတိုင်းပြောရလျှင် မယ်ရှား သူနှင့် ဆုံချင်သေးသည်။ သူနှင့်မျက်နှာချင်းဆိုင်ပြီး သူ့မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ပြီး ခုအချိန်မှာ သူ့အတွက် အထိုက်တန်ဆုံးဖြစ်မည့် စကားတစ်ခွန်းကို ပြောချင်ပါသေးသည်။

"အိုကေလေ . . . လုံ့လ၊ မနက်ကျရင် ဆုံကြတာပေါ့၊ ရှင် ဘယ်လိုလာမလဲ"

"ကျွန်တော် . . . မယ်ရှားအိမ်ကိုပဲလာခဲ့ပါ့မယ်"

"ကောင်းပြီ၊ ကျွန်မ လုံ့လကို ပြောချင်နေတဲ့စကား လူချင်းတွေ့မှပဲ ပြောတော့မယ်လေ . . . ဂွတ်(ဒ်)နိုက် လုံ့လ"





www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဖုန်းချပြီးချိန်ကစပြီး မယ်ရှားခေါင်းထဲမှာ တွေးစရာအတွေးတွေ တသီတတန်းကြီးပဲ . . . ရောက်လို့ လာခဲ့တော့သည်။ ခုအချိန်မှာ သူဟာ အောင်မြင်သူတစ်ယောက် ဖြစ်လို့နေခဲ့ပြီ။ နေစမ်းပါဦး . . .။ သူ့ကို ပထမဆုံး စတွေ့တာ ဘယ်နေရာမှာပါလိမ့်။ အို . . . ကြီးတော် ဘယ်များရောက်နေပါလိမ့်နော်။ တစ်ခါမှ ခုလိုမပြောမဆိုဘဲ ထွက်မသွားတတ်ပါဘူး။ ကြီးတော် အန္တရာယ်ကင်းကင်းမှ ရှိရဲ့လား။ မနက်ဖြန်ကစပြီး ကြီးတော်ကို အပူတပြင်း လိုက်ရှာရဦးမယ်။ လုပ်စရာရှိတဲ့အလုပ်တွေ . . ရိုက်လက်စ ဗီဒီယိုကားကို ခဏတော့ရပ်ထားမှ။ ကြီးတော်ကို အမြန်ဆုံးပြန်ရှာတွေ့နိုင်ဖို့က မယ်ရှားဘဝအတွက် အရေးကြီးဆုံးပါ။ အလုပ်တွေက အများကြီးပဲ လုပ်ခဲ့ဖူးပြီ။ မယ်ရှား မနားခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ကြီးတော်စိတ်ထဲ ရင်ထဲမှာ မယ်ရှားကို မကျေနပ်တာတွေများ စုသိမ်းသိုဝှက်ထားခဲ့သလား။ မပြောမဆို ထွက်သွားခဲ့တယ်ဆိုကတည်းက မယ်ရှားအပေါ် စိတ်ခုနေခဲ့လို့ပေါ့။ အကယ်၍များ ကြီးတော်ဟာ မယ်ရှားဆီကနေ ပုန်းရှောင်ချင်လို့ ထွက်သွားခဲ့တာဆိုရင် မယ်ရှား ရှာလို့မှတွေ့ပါ့မလား။ အို . . . မတွေ့တွေ့





အောင် ရှာမှာပေါ့။ ကြီးတော်ဟာ မယ်ရှားရဲ့ ကိုးကွယ်ရာ အသက်တစ်ခုပဲ ဥစ္စာ။

ဏဏဏဏဏ



www.burmeseclassic.com

www.burmeseclassic.com



ညက အတွေးပေါင်းစုံနှင့် ရှုပ်ယှက်ခတ်ပြီး ဘယ်အချိန်အိပ်ပျော်သွားမှန်းမသိခဲ့။ မယ်ရှား နိုးလာတော့ ခြောက်နာရီတောင်ထိုးနေပြီ။ ကမန်းကတန်း မျက်နှာသစ်သွားတိုက်ပြီး အောက်ထပ်ဆင်းခဲ့သည်။ ဧည့်ခန်းထဲမှာ ကျောပေးထိုင်နေသော လူတစ်ယောက်ကို ဖြုန်းခနဲတွေ့လိုက်ရသဖြင့် မယ်ရှားလန့်သွားခဲ့၏။ အနောက်ကနေ မြင်ရရုံဖြင့် ဒါ . . . လုံ့လပဲ ဟု သိလိုက်သည့်ခဏမှာ ဘာကြောင့်မှန်းမသိဘဲ ရင်ထဲနွေးခနဲဖြစ်သွားပါသည်။

"လုံ့လ . . . ဘယ်လိုလုပ်ပြီး . . . ရောက်နေတာလဲ"

"ကျွန်တော် ခြံဝက အုတ်ခုံမှာပဲ စောင့်နေခဲ့တာပါ။





ကောင်မလေးက ဝင်ခွင့်ပေးတာနဲ့"

သူက လှည့်ကြည့်ပြီး အပြုံးနွေးနွေးဖြင့် လှမ်းပြောသည်။ နှစ်နှစ်အတွင်းမှာ သူ့ရဲ့ personality ဟာ တော်တော်ပြောင်းလဲတိုးတက်လာခဲ့တာပါလား။ သူ့ မျက်နှာပေါ်မှာ အထူးသဖြင့် သူ့မျက်လုံးတွေထဲမှာ အောင်မြင်သူတစ်ယောက်၏ ဖျတ်လတ်နိုးကြားသော လင်းပွင့်တောက်ပသော အရှိန်အဝါတစ်မျိုးဖြင့် အရင်ကထက်ပို၍ကြည့်လို့ကောင်းနေခဲ့ပါသည်။

"အို . . .၊ ရပါတယ် . . . အစောကြီးပါလား"

သူက မတ်တပ် ထ,ရပ်လိုက်ပြီး စားပွဲပေါ် တင်ထားသော ဇရာမ လီလီပန်းစည်းကြီးကို မယ်ရှားလက်ထဲ လှမ်းထည့်ပေးလိုက်သည်။ အိုး . . . လီလီတွေဟာ မယ်ရှား အစွဲလန်းဆုံးပန်းတွေမှန်း သူ ဘယ်လိုလုပ်ပြီး သိနေသလဲ။

"အို . . . ကျေးဇူးပဲ လုံ့လရယ်၊ လှလိုက်တဲ့ လီလီတွေ"

မယ်ရှားကိုယ်တိုင် ပန်းအိုးလှလှထဲမှာ ချက်ချင်းပြင်ဆင်ထိုးထားလိုက်သည်။

"ရှင် . . . breakfast စားပြီးပြီလား လုံ့လ"

"ဟင့်အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"လာလေ . . . အတူတူ စားလိုက်တာပေါ့"

မယ်ရှားက ဦးဆောင်ပြီး ထမင်းစားခန်းထဲသို့ ဝင်လိုက်သည်။ ထမင်းစားခန်းထဲမှာ ကောင်မလေးတွေ breakfast ပြင်ဆင်နေကြပြီ။ ရှုတင်ရှိတဲ့နေ့ဆို breakfast စားဖို့ အချိန်တောင်မရှိခဲ့။ ကော်ဖီကို travel mug ကလေးနှင့် ထည့်ယူ ကာ ကားပေါ်မှာ သောက်လိုက်တာများပါသည်။ ဒီနေ့ ကြိုးတော်ကို လိုက်ရှာဖို့အတွက် ညကတည်းက ဖုန်းတွေဆက်ကာ ရှုတင်ကို ဖျက်ထားခဲ့သည်။

"ဟဲ့ . . . breakfast က အပျံစားပါလား၊ dim sum တွေ ဘယ်ကရတုန်း"

"ဒီအစ်ကိုယူလာတာပါ မမ"

"အော် . . . ကျေးဇူးပါ လုံ့လ၊ ကျွန်မ dim sum အရမ်းကြိုက်တယ်၊ ကော်ဖီကရော ဆိုင်ကပဲလား"

"ဟုတ်တယ် . . . မယ်ရှား၊ မယ်ရှားကြိုက်တဲ့ double espresso ခပ်ပြင်းပြင်းလေး သကြားတစ်ဇွန်းနဲ့"

"OMG ! "

"မယ်ရှား ဘာပြောတာလဲ"





"Oh ! MY GOD ကို အတိုကောက်ရွတ်လိုက်တာ လုံ့လ၊ ရှင် ကျွန်မအကြိုက်တွေကို သိလှချည်လား၊ ဘယ်က နေ စုံစမ်းထားတာလဲ၊ နေပါဦး အရင်ဆုံး ရှင့်ကို congratulate လုပ်ရမယ်၊ ရှင့်ကိုကျွန်မ အရမ်းချီးကျူးပါတယ်၊ ရှင် တကယ် တော်ပါတယ်၊ ကျွန်မတို့လောကမှာ ရှင့်လို ဒါရိုက်တာ တစ်ယောက်ပေါ်လာတာ သိပ်ကျေနပ်စရာကောင်းတယ်၊ နောက်ဆုံးတော့ တကယ်တော်တဲ့လူကို ပရိသတ်က ချီး မြှောက်အားပေးဖို့ အဆင်သင့်ပါ"

"ကျွန်တော်ကလည်း မယ်ရှားကို ကျေးဇူးတင်စကား ပြောချင်နေခဲ့တာ ကြာပြီ၊ ကျွန်တော်က နယ်နှင်ဒဏ်ခံထားရ တဲ့သူဆိုတော့ မယ်ရှားကို တွေ့ခွင့်မရှိတာနဲ့"

"ဘာအတွက် ကျေးဇူးတင်တာလဲ . . . လုံ့လ"

"အားလုံးအစစအရာရာအတွက်ပါ . . . ကျွန်တော် ကိုယ်တိုင်တောင် မမြင်နိုင်တဲ့ ကျွန်တော့်ရဲ့ talents တွေကို မယ်ရှားက စ,တွေ့ခဲ့တာလေ၊ လူတစ်ယောက် အောင်မြင်ချင်ရင် အောင်မြင်အောင် ဘယ်လိုကြိုးစားရမလဲ . . . ဆိုတာကို မယ်ရှားက လမ်းညွှန်ပြပေးခဲ့တာလေ၊ ကျေးဇူးအတင်မိဆုံး



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကျွန်တော့်ရဲ့ Heaven and Earth အခွေကို ကိုရီးယားရုပ်ရှင်ပြိုင်ပွဲ ဆီရောက်အောင် ပို့ပေးခဲ့တဲ့အတွက်ပါ၊ ကျေးဇူးပါမယ်ရှား"

"အို . . . most welcome ပါ၊ ကဲ . . . စားပြီးရင် ကျွန်မကြီးတော်ကို ရှာရဦးမယ်၊ ကြီးတော်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းတွေရဲ့ အိမ်တွေဆီ အရင်သွားမယ်၊ သူတို့ဆီကနေ သတင်းအချက်အလက်တွေ စုံစမ်းရ မယ်"

"မယ်ရှား . . .၊ ကျွန်တော် ကြီးတော်ကို သုံးရက်အတွင်း တွေ့အောင်ပြန်ရှာပေးမယ်ဆိုရင် . . . မယ်ရှား ကျွန်တော့်ကို ယုံမလား"

မယ်ရှား . . . သူ့မျက်လုံးတွေထဲ တအံ့တသြ စူးခနဲစိုက်ကြည့်လိုက်မိသည်။

"ယုံတာပေါ့ လုံ့လ၊ ဒါပေမယ့် ရှင် ကြီးတော်ကို ဘယ်လောက်သိလို့လဲ"

"ကျွန်တော်နဲ့ ကြီးတော် facebook မှာ သူငယ်ချင်းဖြစ်ခဲ့တာ ကြာပါပြီ၊ ကျွန်တော်နဲ့ သိပ်ခင်ပါတယ်"

"အို . . ."



တံခွန်တိုင်စာပေ



အဲဒါကို မယ်ရှား မသိခဲ့ပါလား။

"ကျွန်မနဲ့ ရှင် facebook ထဲမှာ မခင်ကြဘူးနော်"

"မယ်ရှား လက်မခံမှာစိုးလို့ . . . ကျွန်တော် လာမ add တာပါ"

"သြော် . . . သြော် . . . ဟုတ်ပြီ . . . ရှင်နဲ့ ကြီးတော် ခင်တယ်ဆိုတော့ ကြီးတော်ဆီက နောက်ဆုံး ထူးခြားမှုက ဘာလဲ"

"သူ . . . မယ်ရှားကို တစ်ခုခု ဆုံးဖြတ်သင့်တာကို ဆုံးဖြတ်စေချင်ပုံရတယ်၊ အဲဒီလိုဆုံးဖြတ်တဲ့အခါ သူ့ရဲ့ ပယောဂလွှမ်းမိုးမှုမပါဘဲ မယ်ရှားရဲ့ ကိုယ်ပိုင်ခံစားမှုနဲ့ လွတ်လပ်စွာ ဆုံးဖြတ်စေချင်ပုံရတယ်၊ အဲဒါကြောင့် သူ တစ်နေရာမှာ ခဏရှောင်ပုန်းနေတဲ့သဘောလို့ ကျွန်တော်ထင်တယ်"

"ရှင်က . . . ဘာကြောင့် ဒီလောက်တပ်အပ်သေချာ ပြောနိုင်ရတာလဲ . . . ကြီးတော် ဘယ်မှာရှိတယ် ဆိုတာ ရှင် သိတယ်မှုလားဟင်"

"ကျွန်တော် မသိသေးပါဘူး မယ်ရှားရဲ့ . . . ဒါပေမယ့် ကြီးတော်က သူ ရှိနိုင်မယ့်နေရာလေးတွေကို နိမိတ်ပုံလေး



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တွေ ခါတ်ပုံလေးတွေ ပန်းချီကားလေးတွေနဲ့ ကျွန်တော့်ရဲ့ wall ဆီမှာ လာတင်ထားလိမ့်မယ်"

"အို . . . ဘာတွေလဲဟယ်၊ ရှင်နဲ့ ကြီးတော် ဒီလောက်တောင် အလွမ်းသင့်နေကြတာလား . . . အံ့သြစရာပဲ၊ ကြီးတော်နဲ့ ရှင် စည်းဝါးတွေများ ရိုက်ထားကြသလား"

သူ ပြုံးလိုက်သောအပြုံးကို မယ်ရှား ကြည့် ကောင်းကောင်းနှင့် ငေးခနဲပင် ကြည့်မိသွားခဲ့ပါသည်။ ဒီအပြုံးကို မမြင်ခဲ့ရတာ အတော်ပဲကြာခဲ့ပြီမဟုတ်လား။

"မယ်ရှားက ကြီးတော်ကို ပိုသိမှာပါ၊ မယ်ရှားရယ်၊ ကြီးတော်ကို စည်းဝါးရိုက်ချင်တိုင်း ရိုက်လို့မရပါဘူး၊ ဆွဲဆောင်ဖြားယောင်းချင်တိုင်းလည်း မရပါဘူး"

မယ်ရှားက နှုတ်ခမ်းကလေးစေ့ရုံ ပြုံးမိသည်။ ဒါပေမယ့် ကြီးတော်ဘာကို နှစ်သက်တတ်သလဲဆိုတာ မယ်ရှား သိတယ်ရှင့်။ ရိုးသားအပြစ်ကင်းစင်မှုဟာ ကြီးတော်ကို အဆွဲဆောင်နိုင်ဆုံး ညို့အားတစ်ခုပဲဆိုတာ ရှင်ကိုယ်တိုင်တောင် သိမှာမဟုတ်ဘူး လုံ့လရေ။ ဘယ်လိုပဲဖြစ်ဖြစ် ကြီးတော်ကို စိုးရိမ် စိတ်ပူစရာကောင်းလောက်အောင် ပျောက်ဆုံးနေ



တံခွန်တိုင်စာပေ



တာမဟုတ်ဘဲ အစီအစဉ်တစ်ခုဖြင့် ကြီးတော်စနစ်တကျ တစ်နေရာရာမှာ ခဏပုန်းရှောင်နေမှန်း သိခွင့်ရလိုက်သော အခါ မယ်ရှားရင်ထဲမှ အပူမီးလျှံက သိသိသာသာပင် လျော့ကျသွားခဲ့ပါသည်။

"ကောင်းပြီ လုံ့လ၊ ကြီးတော်ကို ပထမဆုံး ဘယ်မှာရှာရမလဲ"

သူက သူ့ရဲ့ i phone 4S ကလေး ချက်ချင်း ထုတ်ကာ facebook page ကို ဖွင့်ကြည့်၏။ ပြီးတော့ ခပ်လွန့်လွန့်တစ်ချက်ပြုံးကာ ဖုန်းကလေးကို မယ်ရှားဆီသို့ လှမ်းပေးပါသည်။ မယ်ရှား လှမ်းကြည့်လိုက်တော့ သူ့ရဲ့ wall ပေါ်မှာ ကြီးတော်တင်ထားတာက ကရဝိက်ကြီးပုံ ဖြစ်သည်။ ဒါပဲ ဘာစာမှရေးမထား။

"ကရဝိက် ဝန်းကျင်တဝိုက်မှာ ကျွန်တော်တို့ရှာကြတာပေါ့"

သူ့အသံက ခပ်ဖွဖွ။

ꩠꩠꩠꩠꩠ



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ကားရပ်လိုက်သော နေရာကလေးက ကန်တော်ကြီးရေစပ် မြက်ခင်းပြင်နေရာကလေးဖြစ်သည်။ ထိုနေရာကနေ လှမ်းကြည့်လျှင် ကရဝိက်ကြီးကို လှမ်းမြင်နေရ၏။ မယ်ရှား၏ စိတ်ကို ဆွဲငင်ယူလိုက်သည်က ကန်စပ်မှာ ခင်းကျင်းပြင်ဆင်ထားသော ပျော်ပွဲစား အခင်းအကျင်းကလေး ဖြစ်သည်။ ရေစပ်မှာ မြက်ဖျာကလေးခင်းထားပြီး ပျော်ပွဲစားခြင်းတောင်းတစ်ခု ချထားသည်။ ဓာတ်ဗူးတစ်လုံးရယ် . . . ကော်ဖီခွက်နှစ်ခွက်ရယ် သစ်သီးတွေရယ် စာအုပ်နှစ်အုပ်ရယ် . . .။





"ဒီနေရာမှာ . . . ဘယ်သူကများလာပြီး ပျော်ပွဲစားလာထွက်တာပါလိမ့်"

မယ်ရှားက ကားပေါ်ကနေ ဆင်းလိုက်ရင်း တအံ့တဩ ပြောမိသည်။

"ကျွန်တော်တို့အတွက် ကြီးတော်က တစ်ယောက်ယောက်ကို ပြင်ဆင်ခိုင်းထားတာလည်း ဖြစ်နိုင်တာပဲ၊ မယ်ရှားရဲ့၊ လာပါ . . . ခဏထိုင်ကြည့်ရအောင်၊ ကျွန်တော်တို့ကလွဲလို့ ပိုင်ရှင်တွေမရှိပါဘူး"

"ဟုတ်ရဲ့လားဟယ်၊ သူများဟာဆိုရင် ရှက်စရာကြီး"

"မရှက်ရပါဘူး . . . သူတို့ဆီမှာ ခွင့်တောင်းလိုက်ရဲ့ပေါ့၊ မယ်ရှားက picnic ထွက်ရတာ ကြိုက်တယ်မှုလား"

"အင်း . . .၊ ကြိုက်တယ် . . . ကျွန်မအားရင် ဒီလိုပဲ ဖျာတစ်ချပ် . . . စာအုပ်တစ်အုပ် . . . ကော်ဖီတစ် အိုးနဲ့ သစ်သီးတစ်ခြင်းဆွဲပြီး တိတ်ဆိတ်တဲ့နေရာရှာပြီး တစ်ကိုယ်တော် ပျော်ပွဲစားထွက်နေကျပေါ့၊ ဒါကို ကြီးတော် ကောင်းကောင်းသိတယ်"



www.burmeseclassic.com

www.burmeseclassic.com





မယ်ရှား . . . မငြင်းမိတော့ဘဲ မြက်ဖျာကလေးပေါ် မှာ ထိုင်ချလိုက်မိပြီ။ ခြင်းတောင်းကိုဖွင့်ကြည့်တော့ ကော်ဖီရနံ့ သင်းသင်းမွှေးမွှေးက . . . အငွေ့တထောင်း ထောင်း ရှိဆဲ။ ပန်းသီး . . . လိမ္မော်သီး . . . ငှက်ပျောသီး တွေက ခြင်းထဲမှာ . . .။ မယ်ရှား ပန်းသီးတစ်လုံးကောက်ယူ ကာ . . . လက်နှင့်ပွတ်သုတ်ပြီး တစ်ကိုက်ကိုက်လိုက်မိရင်း စာအုပ် နှစ်အုပ်ကို ယူကြည့်မိသည်။ အို: . . . ဒါကတော့ ဟိုက်ဆိုင်မှုမဖြစ်နိုင်တော့ဘူး ထင်ပါရဲ့။ တကယ်ပဲ . . . ကြီးတော်ရဲ့ အစီအစဉ်ပဲလား။ တစ်အုပ်က မယ်ရှားဖတ်လို့ ဘယ်တော့မှ မရိုးနိုင်မည့် ဆရာမြသန်းတင့်ရဲ့ "လေရူးသုန် သုန်" . . .။ နောက်တစ်အုပ်က ဆရာမကြီးကြည်အေးရဲ့ ကဗျာပေါင်းချုပ်စာအုပ်ကလေး . . .။ မယ်ရှားက ကြည်အေး ၏ကဗျာစာအုပ်ကလေးကို ရွေးချယ်လိုက်ကာ စာမျက်နှာတစ် ခုကို ကြုံသလိုအမှတ်တမဲ့ လှန်ဖတ်ကြည့်လိုက်မိသည်။ အိုး မယ်ရှားရင်ထဲ သိမ့်ခနဲလေးဖြစ်သွားပါ၏။ ကဗျာခေါင်းစဉ်က "စောင့်ခေါ်ပါမောင်" တဲ့။ ကဗျာနောက်ဆုံးပိုဒ်ကလေးက မယ်ရှားကို လှပစွာ ညို့ငင်နိုင်စွမ်းရှိ၏။ တကယ်တော့လည်း



ကြည်အေး၏ ကဗျာတခို့ကို သိပ်ကြိုက်လျှင် အလွတ်ကျက် ကာ သတ်ရတိုင်း ရွတ်ဆိုမိမြဲပါ။

"စောင့်ခေါ်ပါမောင်"

လက်ကမ်းပါမောင် ...

ညင်သာမေးပွေ့၊ အဖော်တွေ့ကြောင့်

ဆွေ့ဆွေ့ခုန်ပေါက်၊ လမ်းဆက်လျှောက်မယ်

နှစ်ယောက်လက်တွဲ၊ တအားပဲဟင် ...

သဲလမ်းကျဉ်းကျဉ်း၊ လမ်းလျှောက်ရင်းကို

သီချင်းကြော်ကြော်၊ အော်ဆိုရအောင်

ရိုးမြမျက်ရည်၊ ပျော်လို့လည်ပိ

သည်လမ်းအဆုံး၊ တုံးမှတ်တိုင်ထိ

ပွေ့ကိုင်ဖေးကာ၊ စောင့်ခေါ်ပါနော်။

ကြည်အေး ...



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဖတ်ရင်း . . . လုံ့လဆီ အမှတ်မထင် လှမ်းကြည့်လိုက်မိချိန်မှာ လေပြည်ညှင်းတွေ . . . မယ်ရှား မျက်နှာဆီ တိုးဝှေ့တိုက်ခတ်သွားသလို ညင်သာသိမ်မွေ့သော နုသွဲ့ပျောင်းနွဲ့သော . . . သိမ်မွေ့နူးညံ့လွန်းသော ခံစားမှုတစ်ခုကို မယ်ရှား ရရှိလိုက်ပါသည်။ သူ မယ်ရှားကို နူးညံ့ နက်ရှိုင်းသော အကြည့်တို့ဖြင့် ငေးကြည့်နေခဲ့တာပါလား။ ထိုအကြည့်တို့ထဲမှာ ပျော်ဝင်လျက်ရှိသော ရွှန်းစိုလဲ့ဖြာသည့် အရိပ်တချို့ကိုတော့ မယ်ရှားခံစားမိနိုင်သေး။ ခံစားချက်တွေ အများကြီးကို သရုပ်ဖော်အသက်သွင်းခဲ့သူ တစ်ယောက်အဖို့ ထိုအရိပ်အငွေ့တွေ၏ ထူးဆန်းအင်အားရှိသော အဓိပ္ပါယ်ကို မယ်ရှား ကျွမ်းကျင်ပါး နပ်စွာပင် ရိပ်မိနားလည်လိုက်ပါသည်။

"ကျွန်တော့်ကို ဒုတိယအခွင့်အရေးတစ်ခု မယ်ရှား ပေးနိုင်မလားဟင်"

သူ့အသံက မယ်ရှားကြားရလောက်ရုံကလေး ညင်သာတိုးဖွလွန်းပါသည်။

"ဘာကိုလဲ . . . လုံ့လ"





"ဝေးကွာခြင်းဆိုတာကို ခံစားရမှ နီးစပ်ခြင်းဆိုတာရဲ့ တန်ဖိုးကို သိခွင့်ရတယ် မယ်ရှား၊ ဥပေက္ခာပြု ခံထားရမှ ဂရုစိုက်ခြင်းဆိုတာကို နားလည်လာတယ်၊ အမုန်းကို တွေ့ဖူးမှ အချစ်ရဲ့စွမ်းအင်နဲ့ တန်ခိုးကို ခံစားမိတယ်၊ ကျွန်တော့်ကို ဆက်ပြီး နယ်နှင်မထားပါနဲ့တော့ မယ်ရှား ရယ်၊ မယ်ရှားအနားကို ပြန်လာခွင့်လေး ပြန်ပေးပါနော်၊ မယ်ရှားရဲ့ဥပဒေကို ကျေးဇူးပြုပြီး ပြန်ရုတ်သိမ်းပေးပါနော်"

သူ့အသံက တိုးလျှိုးတောင်းပန်နေသံပါ။ လွန်ခဲ့သောနှစ်နှစ်က ပြင်ဦးလွင်မှာ မယ်ရှားပေါက်ကွဲခဲ့တာကို ပြန်သတိရမိသည်။ မယ်ရှား သူ့ကို ဒုတိယအခွင့်အရေး ပြန်ပေးဖို့များ ခုလိုစီစဉ်ခဲ့တာလား။

"ကျွန်တော် အောင်မြင်လာတဲ့အထိ ကြိုးစားခဲ့သမျှဟာ မယ်ရှားအတွက်ပါဆိုရင် . . . စိတ်မဆိုးပါနဲ့ မယ်ရှား၊ ဒီအချိန်ကလေးမှာ အမှန်တရားကို ပြောပြခွင့်ပေးပါ၊ အရင်က ကျွန်တော်ဆိုတာ ဘာမှမဟုတ်ခဲ့ပါဘူး၊ သာမန်ထက်တောင် ပိုတုံးတဲ့ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိတဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် အချစ်ဆိုတဲ့အရာက ကျွန်တော့်ကို ခမ်းနားစေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါတယ်၊ ကျွန်တော့် ဝဲဘက်ရင်ရဲ့တစ်နေရာမှာ ကျွန်တော် သိပ်တန်ဖိုးထား မြတ်နိုးလွန်းရတဲ့ မိန်းကလေးတစ်ယောက်တည်း အတွက် ခမ်းနားစွာ ပြင်ဆင်ခင်းကျင်းထားခဲ့ပါတယ် မယ်ရှား၊ ဒီနေရာကလေးဆီကို အသိအမှတ်ပြုပေးဖို့နဲ့ ကျေးဇူးပြုပြီး ဆက်ဆက်လာခဲ့ပေးဖို့ ကျွန်တော် လှိုက်လှိုက်လှဲလှဲ ဖိတ်ပါတယ် မယ်ရှား"

မယ်ရှား ကိုယ့်ရင်ဘတ်ကလေးကို မသိမသာ ယောင်ယမ်းပြီး ဖိထားလိုက်မိပါသည်။ သူ့စကားတွေက သံလိုက်တွေလိုပဲ မယ်ရှား၏ သံမဏိနှလုံးသားကလေးဆီ အရှူးအမူး ပြေးဝင်ဆွဲကပ်လာခဲ့တာများ ဘယ်လိုမှတောင် ရှောင်တိမ်းပြင်းဖယ်၍မရ။

"ရှင် စကားတွေ သိပ်တတ်လာပါလား လုံ့လ၊ ဒါတွေ အားလုံး စနစ်တကျ စီစဉ်ထားခဲ့တာလား"

"အများမခံနိုင်လို့ ပြင်ဆင်မှုကလေးတွေတော့ ရှိခဲ့ပါတယ် မယ်ရှားရယ်၊ အဲဒါက ပွဲတင့်မဟုတ်ပါဘူး၊ ကျွန်တော့် ရင်ဘတ်ကလေးထဲ လာအားပေးဖို့ ဖိတ်ခေါ်နေတာပါ"





မယ်ရှား နှုတ်ခမ်းကလေးစေ့ပြီး ပြုံးမိသည်။ သူ့ကို လည်း မျက်တောင်မခတ်စတမ်း တစိမ့်စိမ့်ကြည့်နေခဲ့မိသည်။ ဒီနှစ်နှစ်အတွင်းမှာ သူ့ကို ဘယ်နှစ်ကြိမ်လောက် သတိတရ တွေးမိမှန်း မယ်ရှား မှတ်ပင်မမှတ်မိတော့။ သေချာတာကတော့ မယ်ရှား သူ့ကို လုံးဝကြီး မေ့လျော့နေခဲ့တာ မဟုတ်။ ဥပေက္ခာပြုထားခဲ့မိတာမဟုတ်။ သူ့သတင်းတွေကို အမြဲ နားစွင့်လို့နေခဲ့သည်။ သူ့ကို အောင်မြင်စေချင်ခဲ့မိသည်။ တစ်ခါတစ်ရံ တိုက်ဆိုင်မှုကလေးတွေရှိတိုင်း သူ့ဆီ ဖုန်းဆက်ပြောဖို့ ယောင်ယမ်းပြီး ကြိုးစားခဲ့မိတာ အကြိမ်ကြိမ်။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာ သူ့သတင်းတွေ၊ သူ့အင်တာဗျူးတွေမြင်ရရင် ချက်ချင်း ကောက်မဖတ်မိဘဲ မနေနိုင်ခဲ့။ သူ အောင်မြင်ပျော်ရွှင်နေတာကို မယ်ရှား ကြိတ်ပြီး ကျေနပ်ဝမ်းသာနေခဲ့မိတာ ကို မယ်ရှားကိုယ်တိုင်ပင် အသိဆုံးဖြစ်ခဲ့သည်။ အဲဒါတွေဟာ မယ်ရှားရဲ့ ရင်တွင်းလျှို့ဝှက်တစ်နေရာမှာ သူ ရှိနေခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်လား မသိခဲ့ပါ။

ပြီတော့ . . . သေချာတာတစ်ခုက မယ်ရှား "နောင်တ" ကို မလိုချင်ခြင်းဖြစ်သည်။ မယ်ရှား၏ဥပဒေကို



www.burmeseclassic.com

www.burmeseclassic.com





သူ့ကို ရုတ်သိမ်းပေးလိုက်ရလို့ မယ်ရှား နှောင်တရစရာ အကြောင်းမရှိနိုင်။ သူ့ကို ဒုတိယအကြိမ် နှင်ထုတ်ဝေးလွင့်စေလိုက်တာကမှ မယ်ရှားကို တစ်သက်စာ နှောင်တပေးနိုင်မှာ။ အဲဒါကို မယ်ရှားအသိဆုံး။ အဲဒီအတွက် အကောင်းဆုံးဥပမာက ကြီးတော်ကိုယ်တိုင်ပဲဖြစ်သည်။

"သမီးနှလုံးသားက တကယ် နက်နက်ရှိုင်းရှိုင်း ချစ်မိသွားတဲ့သူဆိုရင်တော့ ဒုတိယအခွင့်အရေးက သူ့အတွက် ထိုက်တန်ပါစေ ... သမီး၊ အရေးကြီးတာက ကိုယ် တစ်သက်လုံး နှောင်တ,ရမနေစေဖို့ပါ၊ ဒီဥပဒေက ကိုယ့်ကိုယ်ကိုယ် ယောကျ်ားတွေရဲ့ အချစ်အန္တရာယ်ကနေ ကာကွယ်ဖို့ပဲဖြစ်တယ်၊ ကိုယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို ကိုယ့်ဆီကနေ ဝေးလွင့်သွားစေတဲ့ ဥပဒေတော့ မဖြစ်စေနဲ့ပေါ့ သမီးရယ်၊ ကိုယ်လိမ္မာသလို ကြည့်စခန်းသွားပေါ့"

ဟု ... ကြီးတော် ပြောခဲ့ဖူးသည်။ ပြီးတော့ ကြီးတော်ရဲ့ ဇာတ်လမ်းကိုလည်း မယ်ရှား သိထားခဲ့ပြီးသား။

"ကျွန်မက လိုက်လိုက်လှဲလှဲ ဖိတ်ခေါ်မှုတစ်ခုကို မေ့ပစ်လိုက်ရအောင်တော့ လူမှုရေး မညံ့ဖျင်းသေးပါဘူး လို့လ



ရဲ့၊ ရှင် ဒီလောက် ဖိတ်ခေါ်နေမှတော့ ခဏဖြစ်ဖြစ် အလည် ဝင်လာကြည့်မယ်လေ"

"ဟာ ... အလည်တော့ မလုပ်ပါနဲ့ မယ်ရှားရဲ့၊ ဒီနေရာလေးက မယ်ရှားတစ်သက်လုံး ပြန်ထွက်မသွားချင်လောက်အောင် ခမ်းနားပါတယ်"

"ကြည့်မယ်လေ ... အရင်ဆုံး ကြီးတော်ကို အမြန်ဆုံးရှာပေး၊ ကျွန်မ လာမယ်လို့ ပြောထားပြီးပြီကော၊ ဟင်း ... ရှင် လောဘမကြီးနဲ့လေ"

မယ်ရှား သူ့ကို မျက်စောင်းကလေး ချီလိုက်မိသည်။ သူက သဘောကျသလို ခပ်တိုးတိုးရယ်လိုက်ကာ ...

"ကြီးတော်က အဲဒီနေရာကလေးမှာ စောင့်နေလိမ့်မယ်"

ဟု ... ဖွဖွညင်သာကလေး ပြောလိုက်တော့ မယ်ရှားမျက်ခုံးတွေ ပင့်တက်သွားခဲ့တော့သည်။ ချက်ချင်းပဲ မယ်ရှား ရိပ်မိလိုက်ပါပြီ ...။

"ကဲ ... ကျွန်မကို ခုချက်ချင်း လိုက်ပို့"

သူ့မျက်လုံးများ တဖျတ်ဖျတ် လက်လို့သွားခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မယ်ရှား သူ့ကို အားပါးတရ ပြုံးပြလိုက်မိသည်။ အဲဒီ သူ့ရဲ့ နေရာကလေး . . . ခမ်းနားစွာ ပြင်ဆင်ခင်းကျင်းထားသော သူ့ရဲ့ ဂဲဘက်ရင်တစ်နေရာကလေးဆီ မယ်ရှား ရင်ခုန် မျှော်လင့်စိတ်စောစွာ ရောက်ချင်လွန်းလှပြီ။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ . . .

မေတ္တာအားဖြင့် . . .




လွန်းထားထား (ဆေးတက္ကသိုလ်)

၃၀-၅-၂၀၁၁

ဏဏဏဏဏ

တံခွန်တိုင်စာပေ





လွန်းထားထား

(ဆေးတက္ကသိုလ်)

ဆုတံဆိပ်ပြီး ေလုံးချင်းဝတ္ထုများ

www.burmeseclassic.com

www.burmeseclassic.com

# လွန်းထားထား ( ဆေးတက္ကသိုလ် )
# ၏
# ပုံနှိပ်ထုတ်ဝေပြီးလုံးချင်းဝတ္ထုများ

၁။ အကြင်နာသူစိမ်း (ပ)(ဒု)(တ)
၂။ အတူတူရှိလှည့်ပါ (ပ)(ဒု)(တ)
၃။ မခွဲထားဝစဉ် (ပ)(ဒု)(တ)
၄။ မြတ်နိုးမိသည်မှအပ (ပ)(ဒု)(တ) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို
၅။ ဆုံစည်းဖို့ရာ (ပ)(ဒု)(တ) (ပ)ဗွီဒီယို
၆။ ခွဲခဲ့ရသော် (ပ)(ဒု)(တ) (ပ)ဗွီဒီယို
၇။ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားမှသည် (ပ)(ဒု)
(ပ)ဗွီဒီယို(ဒု)ဗွီဒီယို
၈။ သက်ဆုံးတိုင် (ပ)(ဒု)
၉။ သမုဒယကင်း (ပ)(ဒု) (ပ)ဗွီဒီယို
၁၀။ အကြွေပန်း၏နိဒါန်း (ပ)(ဒု) (ပ)ဗွီဒီယို
၁၁။ ပဲ့ကြွေသွားသော နှလုံးသားတစ်ခု၏တမ်းချင်း (ပ)(ဒု)
၁၂။ ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား (ပ)(ဒု) (ပ)ရုပ်ရှင်ကားကြီး
(ဒု)ဗွီဒီယို(တ)ဗွီဒီယို
၁၃။ ချစ်ခြင်း၏အခြားမဲ့၌ (ပ)(ဒု) (ပ)ရုပ်ရှင်ကားကြီး
(ဒု)ဗွီဒီယို



၁၄။ ချစ်ခြင်းတစ်ခုတည်းဖြင့်သာ (ပ)(ဒု)
၁၅။ ရစ်ဖွဲ့နှောင်သောကြိုး (ပ)(ဒု)
၁၆။ မိုးကဲ့သို့ထစ်ချုန်းသော (ပ)(ဒု) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို
(တ)ဗွီဒီယို(စ)ဗွီဒီယို
၁၇။ ကောင်းကင်ထက်ကနှင်းဆီ(ပ)(ဒု) (ပ)ဗွီဒီယို
၁၈။ အရိပ်၏အရိပ်(ပ)(ဒု) (ပ)ဗွီဒီယို
၁၉။ မမေ့အပ်တဲ့ကဗျာ (ပ)(ဒု) (ပ)ဗွီဒီယို
၂၀။ မျက်ဝန်းတွင်စွဲထင်ရစ်သော (ပ)(ဒု) ဗွီဒီယို
၂၁။ အတောင်ပံတစ်စုံ
အပြာရောင်ကြိုးတစ်စနှင့် (ပ)(ဒု) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို
၂၂။ ဆိတ်ငြိမ်သောချစ်ခြင်း၏အသံ (ပ)(ဒု)(တ)
(ပ)ဗွီဒီယို
၂၃။ ချစ်သူကပေးသော တစ်စုံတစ်ရာ (ပ)(ဒု)
၂၄။ မိုးကောင်းကင်သို့တမ်းမက်သော (ပ)(ဒု)
(ပ)ဗွီဒီယို
၂၅။ တောင်ထိပ်ဖျားက ပန်းတစ်ပွင့် (ပ)(ဒု)
၂၆။ အနီရင့်ရောင်နှလုံးသား၏ (ပ)ဗွီဒီယို(ဒု)ဗွီဒီယို
အတ္ထုပ္ပတ္တိ (ပ)(ဒု) (တ)ဗွီဒီယို
၂၇။ သစ္စာဖြင့်စီရင်အပ်သော (ပ)(ဒု) (ပ)ရုပ်ရှင်ကားကြီး
(ဒု)ဗွီဒီယို
၂၈။ ကရုပ်ကလေး (ပ)(ဒု) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို



www.burmeseclassic.com

www.burmeseclassic.com

၂၉။ အချစ်၏ဖြားယောင်းသော (ပ)(ဒု) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၃၀။ အချစ်၏ ခံယူနိုင်စွမ်းအင် (ပ)(ဒု) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၃၁။ မုန်တိုင်း၏ကဗျာ (ပ)(ဒု) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၃၂။ ပေါက်ကွဲသံစဉ် (ပ)(ဒု)

၃၃။ ဂန္ထဝင်မြောက်ချစ်ခြင်းဆီ (ပ)(ဒု) (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၃၄။ ပင်လယ်ပြင်နှင့်ကောင်းကင်ပြာ (ပ)(ဒု)
(ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၃၅။ မိုးတိမ်တိုက်နှင့်လက်ထပ်ခြင်း (ပ)(ဒု) (ပ)ဗွီဒီယို

၃၆။ မေတ္တာစစ်၏ပြတင်းပေါက်များ (ပ)(ဒု) (ပ)ဗွီဒီယို

၃၇။ ချစ်ခြင်း၏ပဥ္စလက် (ပ)(ဒု) (ပ)ရုပ်ရှင်

၃၈။ ကြယ်တွေစုံသောည (ပ)ဗွီဒီယို

၃၉။ လိပ်ပြာတစ်ကောင်၏ရင်ခုန်သံ (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၄၀။ ရင်ခွင်နန်းတော် (ပ)ရုပ်ရှင်ကားကြီး
(ဒု)ဗွီဒီယို

၄၁။ ရင်ခုန်ခြင်းရဲ့အနုပညာ (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၄၂။ အဆိပ်ဖြင့်နူးညံ့သိမ်မွေ့သော (ပ)ဗွီဒီယို(ဒု)ဗွီဒီယို
(တ)ဗွီဒီယို

၄၃။ တစ်ယောက်ကတစ်ယောက်ကို (ပ)ဗွီဒီယို(ဒု)ဗွီဒီယို
ဖန်ဆင်းကာ (တ)ဗွီဒီယို

၄၄။ မိဖုရားရဲ့ချစ်သူ (ပ)ဗွီဒီယို(ဒု)ဗွီဒီယို



၄၅။ နှလုံးသားဆုံချက်၏ (ပ)ဗွီဒီယို
အလည်ဗဟိုတည့်တည့် (ဒု)ရုပ်ရှင်ကားကြီး

၄၆။ ပန်းနုရောင်နှင်းဆီမွေ့ယာ

၄၇။ နှလုံးသားဆီသို့လျှို့ဝှက်တံခါး (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၄၈။ နှစ်ဦးသဘောတူ (ပ)ဗွီဒီယို

၄၉။ ကောင်းကင်နှင့်ကြယ် (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၅၀။ လမင်းရဲ့ဥယျာဉ်မှူး (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၅၁။ သက်တော်စောင့်ရဲ့ သတို့သမီး (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၅၂။ နှလုံးသားဖြင့်မြင်နိုင်သည်

၅၃။ နှုတ်မဆက်တမ်း (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၅၄။ အချစ်ဖြင့်ကမ္ဘာတည်သောကောင်လေးနှင့်
အချစ်ကမ္ဘာပေါ်တွင်နေထိုင်သောကောင်မလေး
(ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၅၅။ အဖြူရောင်မြစ်တစ်စင်းရဲ့လျှို့ဝှက်ချက် (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၅၆။ ချစ်သူချော့တေး (ပ)ဗွီဒီယို

၅၇။ ကောင်းကင်နှစ်စင်းပြိုင် (ပ)ဗွီဒီယို(ဒု)ဗွီဒီယို

၅၈။ အချစ်စစ်မှာ (ပ)ဗွီဒီယို

၅၉။ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း (ပ)ဗွီဒီယို

၆၀။ ရင်ခွင်တံခါး (ပ)ရုပ်ရှင်ကားကြီး
(ဒု)ဗွီဒီယို



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၆၁။ | စစ်မှန်စွာ . . . ရူးသွပ်စွာ . . . နက်ရှိုင်းစွာ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၆၂။ | မာယာရထား | (ပ)ရုပ်ရှင်ကားကြီး (ဒု)ဗွီဒီယို |
| ၆၃။ | အချစ်ရဲ့တန်ခိုးများ | (ပ)ဒီဗွီဒီ(ဒု)ဗွီဒီယို |
| ၆၄။ | ချစ်သူတို့ရဲ့တိုက်ပွဲ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို (တ)ဗွီဒီယို |
| ၆၅။ | မြားနတ်မောင်နဲ့ချစ်ပုံပြင် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၆၆။ | ပန်းသီသူရဲ့ပုံပြင် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၆၇။ | အချစ် • အဆိပ် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၆၈။ | ရင်နှင့်ရင်း၍ | (ပ)ဗွီဒီယို |
| ၆၉။ | ပန်းနုရောင်သင်္ကေတ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၇၀။ | အနက်ရှိုင်းဆုံးပင်လယ် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၇၁။ | နှလုံးသားလျှို့ဝှက်ခန်း | (ပ)ရုပ်ရှင်ကားကြီး (ဒု)ဗွီဒီယို |
| ၇၂။ | နှလုံးသားမြို့သူ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၇၃။ | အစွန်းရောက်ချစ်တတ်သူ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို (တ)ဗွီဒီယို |
| ၇၄။ | နှုတ်ခမ်းထက်ကစားသွား | (ပ)ရုပ်ရှင်ကားကြီး |
| ၇၅။ | သင်ချစ်လျှင်ကျွန်ုပ်မမုန်းပါ | (ပ)ရုပ်ရှင်ကားကြီး |
| ၇၆။ | အချစ်သင့်သူ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |



| | | |
|---|---|---|
| ၇၇။ | ဧဒင်အိပ်မက် | (ပ)ရုပ်ရှင်ကားကြီး (ဒု)ဗွီဒီယို |
| ၇၈။ | ချစ်ခြင်းသင့်လက်တွင်းသို့သက်ဆင်းခွင့်ပြုပါ | |
| ၇၉။ | အချစ်စစ်ပြိုင်ပွဲ | (ပ)ဗွီဒီယို |
| ၈၀။ | ပဉ္စလက်ရင်ခွင် | (ပ)ရုပ်ရှင်ကားကြီး |
| ၈၁။ | နတ်၍မရသောမြား | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၈၂။ | အချစ်စစ်ရှာဖွေသူများ | (ပ)ဗွီဒီယို |
| ၈၃။ | နောက်ဆုံးထွက်သက်ထိတိုင် | |
| ၈၄။ | အသက်လိုငြိုသူမယ် | (ပ)ဗွီဒီယို |
| ၈၅။ | သင့်ကိုချစ်၍ သင်ကချစ်သော | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၈၆။ | ကောင်းကင်ရဲ့အဖော် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၈၇။ | လမင်းရဲ့ရုံရွှေဖော် | |
| ၈၈။ | သက်တံ့စီးသူများ | |
| ၈၉။ | ၁၀၁ ပွင့်နှင်းဆီ | |
| ၉၀။ | မှန်ဇာဖြူပြတင်းနောက်ဝယ် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၉၁။ | အချစ်ကို ဦးညွှတ်ခြင်း | (ပ)ဗွီဒီယို |
| ၉၂။ | အမုန်းမဲ့မုသား | |
| ၉၃။ | မြားတစ်စင်းနှင့် ဘယ်ဘက်ရင်အုံ | (ပ)ဗွီဒီယို |
| ၉၄။ | ညို့သောပင်လယ် ဆွဲငင်သောလမင်း | (ပ)ရုပ်ရှင်ကြီး |
| ၉၅။ | ညို့မီးလျှံနှင့် မေတ္တာရေစင် | (ပ)ဗွီဒီယို |
| ၉၆။ | ဂန္ဓဝင်မြောက်သစ္စာ | (ပ)ဗွီဒီယို |



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၉၇။ | ဒုတိယမြောက်ဟန်းနီးမွန်း | (ပ)ဒီဗီဒီ |
| ၉၈။ | သက်တံ့မျှော်စင် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၉၉။ | ထပ်တူထပ်မျှ | |
| ၁၀၀။ | မာန၏နောက်ဆက်တွဲများ | (ပ)ဗွီဒီယို |
| ၁၀၁။ | ပုံတူ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၀၂။ | တစ်သက်စာ | |
| ၁၀၃။ | ချစ်ခြင်းသီတဲ့လက်များ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၀၄။ | အချစ်မျက်နှာကို တွေ့ဖူးချင်တယ် | (ပ)ဗွီဒီယို |
| ၁၀၅။ | ရင်ရိုပ်ဥယျာဉ် | (ပ)ဗွီဒီယို |
| ၁၀၆။ | သက္ကာမပြောက်သတို့သမီး | (ပ)ဗွီဒီယို |
| ၁၀၇။ | တိမ်ယံယက်က နှင်းဆီဖြူတွေ | (ပ)ဗွီဒီယို |
| ၁၀၈။ | လူယဉ်ကျေးရဲ့သစ္စာဝတ်မှုံ | (ပ)ဗွီဒီယို |
| ၁၀၉။ | အစစ် | |
| ၁၁၀။ | အချစ်ကစားသည် | (ပ)ဗွီဒီယို |
| ၁၁၁။ | ရာဇဝင်တွင်မယ့်သစ္စာ | |
| ၁၁၂။ | လမင်းသစ်ပင် | (ပ)ဗွီဒီယို |
| ၁၁၃။ | အမုန်းနှင့်လက်တစ်ကမ်းအလို | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၁၄။ | ညို့ချက်ပြင်းတယ် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၁၅။ | သိင်္ဂါရပင်လယ် | (ပ)ဗွီဒီယို |
| ၁၁၆။ | နှလုံးသွေးကြောရဲ့စီးဆင်းရာ | (ပ)ဗွီဒီယို |
| ၁၁၇။ | သူ . . . စေညွှန်ရာစေ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |



| | | |
|---|---|---|
| ၁၁၈။ | နှလုံးသားရဲ့အမိန့်တော်အတိုင်း | |
| ၁၁၉။ | မနောက်နဲ့နော် | (ပ)ဗွီဒီယို |
| ၁၂၀။ | ရင်ဘတ်ခဏငှားပါ | (ပ)ဗွီဒီယို |
| ၁၂၁။ | မျက်နှာဖုံးချစ်သူများ | (ပ)ဗွီဒီယို(ဒု)ရုပ်ရှင် |
| ၁၂၂။ | ဖွင့်ဟဝန်ခံ၍မရသော | (ပ)ဗွီဒီယို |
| ၁၂၃။ | ရင်သို့ချိန်ရွယ်ပစ်ခွင်းသော | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၂၄။ | မာယာမဝင်ရ | (ပ)ဗွီဒီယို |
| ၁၂၅။ | ရှိတော့ရှိတယ်ရှားတယ် | |
| ၁၂၆။ | ကောင်းကင်တစ်ခုအလိုရှိသည် | (ပ)ဗွီဒီယို |
| ၁၂၇။ | မနက်ဖြန်ဆိုတာမရှိခဲ့ရင် | (ပ)ဗွီဒီယို |
| ၁၂၈။ | ပြင်းပြင်းရှရှရသ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၂၉။ | ကျွန်တော်နှင့်နတ်မိမယ်များ | (ပ)ဗွီဒီယို |
| ၁၃၀။ | မာယာတံတိုင်း | (ပ)ဗွီဒီယို |
| ၁၃၁။ | ချစ်ခြင်းရဲ့အပြစ်ဒဏ် | (ပ)ဗွီဒီယို |
| ၁၃၂။ | မီးလျှံယက်ကနှင်းဆီ | (ပ)ဗွီဒီယို |
| ၁၃၃။ | လှပသောဝဋ် | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၃၄။ | တိမ်ဇာပဝါနောက်ကလမင်း | (ပ)ဗွီဒီယို |
| ၁၃၅။ | ချစ်၍မုန်းခဲ့သည် | (ပ)ဗွီဒီယို |
| ၁၃၆။ | အတောင်ပံတွေရှိခဲ့ရင် | (ပ)ဗွီဒီယို |
| ၁၃၇။ | ချစ်သူရဲ့ ပုခုံးတစ်ဖက် | (ပ)ဗွီဒီယို |
| ၁၃၈။ | ချစ်တဲ့ဘက်က | (ပ)ဗွီဒီယို |



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁၃၉။ | ရင်ဖွင့်ခွင့်ပေးပါ | (ပ)ဗွီဒီယို |
| ၁၄၀။ | နှလုံးသားစီးချင်း | |
| ၁၄၁။ | တိမ်တွေဆီမျောလွင့်သူ | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၄၂။ | မမှောင်သောည မမှိန်သောအလင်း | (ပ)ဗွီဒီယို |
| ၁၄၃။ | ရည်းစားဟောင်း | (ပ)ဗွီဒီယို |
| ၁၄၄။ | ပဥ္စလက်မိုး | (ပ)ဗွီဒီယို |
| ၁၄၅။ | ရူးအောင်ချစ်မဲ့လူ | (ပ)ဗွီဒီယို |
| ၁၄၆။ | စိတ်ညှို့သူ | (ပ)ဗွီဒီယို |
| ၁၄၇။ | ချစ်နတ်ဆိုး | (ပ)ဗွီဒီယို |
| ၁၄၈။ | ပန်းနှစ်ပွင့်ကမ္ဗည်း | (ပ)ဗွီဒီယို |
| ၁၄၉။ | အချစ်သည်ကိုးကွယ်ရာ | (ပ)ဗွီဒီယို |
| ၁၅၀။ | ညို့အားပြင်းတဲ့မြစ်တစ်စင်း | (ပ)ဗွီဒီယို |
| ၁၅၁။ | ချစ်တတ်သူတို့အကြောင်း | (ပ)ဗွီဒီယို |
| ၁၅၂။ | သတို့သမီးဝတ်စုံ | (ပ)ဗွီဒီယို |
| ၁၅၃။ | ကို့ မဆုံဖြစ်ခဲ့ရင် | (ပ)ဗွီဒီယို |
| ၁၅၄။ | အမုန်းဖွဲ့တေး | (ပ)ဗွီဒီယို |
| ၁၅၅။ | မေတ္တာရဲ့သင်္ကေတ | |
| ၁၅၆။ | စိတ်ဖတ်သူ | (ပ)ဗွီဒီယို |
| ၁၅၇။ | စိတ်မဆိုးကြေး | (ပ)ဗွီဒီယို |
| ၁၅၈။ | ရင်ဘတ်ထဲကမြစ်တစ်စင်း | (ပ)ဗွီဒီယို |
| ၁၅၉။ | အိပ်မက်မျှားသောကျွန်း | (ပ)ဗွီဒီယို |



| | | |
|---|---|---|
| ၁၆၀။ | အမုန်းမြို့မှအပြန် | (ပ)ဗွီဒီယို |
| ၁၆၁။ | တုံ့ပြန်ခွင့် | |
| ၁၆၂။ | စတေးခဲ့သော | (ပ)ဗွီဒီယို(ဒု)ဗွီဒီယို |
| ၁၆၃။ | ခေါ်သံ | (ပ)ဗွီဒီယို |
| ၁၆၄။ | မျက်လှည့် | (ပ)ဗွီဒီယို |
| ၁၆၅။ | သိမ်မွေ့သော လမင်း- နက်ရှိုင်းသော ပင်လယ် | (ပ)ဗွီဒီယို |
| ၁၆၆။ | အပြာရောင်မိုး ခရမ်းရောင်သစ္စာ | (ပ)ဗွီဒီယို |
| ၁၆၇။ | နှလုံးသားကမလိမ်တတ်ဘူး | (ပ)ဗွီဒီယို |
| ၁၆၈။ | လျှို့ဝှက်လက်များဖြင့်ဖန်ဆင်းသော | (ပ)ဗွီဒီယို |
| ၁၆၉။ | နတ်သမီးစကားထာ | |
| ၁၇၀။ | ညို့တတ်တယ် | (ပ)ရုပ်ရှင်ကားကြီး |
| ၁၇၁။ | တစ်ဘဝကြေး | (ပ)ဗွီဒီယို |
| ၁၇၂။ | သင်အလိုရှိလျှင် | (ပ)ရုပ်ရှင်ကားကြီး |
| ၁၇၃။ | ဆယ်ကျော်သက်ရဲ့ ဒိုင်ယာရီ | |
| ၁၇၄။ | သစ္စာရှင်းတမ်း | (ပ)ဗွီဒီယို |
| ၁၇၅။ | ဆဋ္ဌမအာရုံ | |
| ၁၇၆။ | မုန်းမိမယ် | (ပ)ဗွီဒီယို |
| ၁၇၇။ | ညို့သခင်နဲ့ ကိုယ်ရောင်ဖျောက်သူ | (ပ)ဗွီဒီယို |
| ၁၇၈။ | တစ်ခေတ်ဆန်းနှလုံးအိမ်မှာ ထိုးထွင်းခဲ့သော tattoo ရာဇဝင် | (ပ)ဗွီဒီယို |



www.burmeseclassic.com

www.burmeseclassic.com


၁၇၉။ လရောင်နဲ့လင်းရတဲ့ နှလုံးသားရဲ့အိမ်

၁၈၀။ သစ္စာတရားက သိမ်းပိုက်ထားတဲ့ မြို့တော်

၁၈၁။ အမိရာ

၁၈၂။ ဇနီးချောများကွန်ရက်

၁၈၃။ လေပြေညှင်းရဲ့ အသက်ဆက်တေး (ပ)ဒီဗီဒီ

၁၈၄။ ငါ့ရဲ့လမင်းဘယ်သူဝှက်ထားသလဲ (ပ)ဗွီဒီယို

၁၈၅။ အပြင်းစားဥယျာဉ်မှူး (ပ)ဗွီဒီယို

၁၈၆။ ဆယ့်နှစ်ကြိုးကဝေ (ပ)ဒီဗီဒီ

၁၈၇။ ပြိုင်မြင်းတို့ရဲ့ ရာဇဝင် (ပ)ဗွီဒီယို

၁၈၈။ ပျားရည်မြစ်တစ်စင်းထဲက
ပဥ္စလက်နှင်းဆီ (ပ)ဗွီဒီယို

၁၈၉။ မချစ်တတ်အောင်သင်ပေးပါ

၁၉၀။ ကြယ်စင်ကိုရင်ဘတ်နဲ့မှျားတဲ့သူ

၁၉၁။ ချစ်သူ့ရင်ခုန်သံ ကျွန်မရဲ့ဂီတ

၁၉၂။ သူ့နှလုံးသားမှာခြေရာတွေနဲ့ (ပ)ဗွီဒီယို

၁၉၃။ ကျိန်ဆိုတတ်သောပန်းတစ်ပွင့်

၁၉၄။ ချစ်ခြင်းဇရိယာအတွင်း ရောက်ရှိနေပါသဖြင့်
ခေါ်ဆို၍ရနိုင်ပါသည် (ပ)ဗွီဒီယို

၁၉၅။ သုခဘုံသို့အလည်တစ်ခေါက် (ပ)ဗွီဒီယို

၁၉၆။ ချစ်မြတ်နိုးခြင်းတွေ ဆွဲသီထားတဲ့
လည်တိုင်ဆီ (ပ)ဗွီဒီယို





၁၉၇။ မျှော်လင့်ခြင်းရဲ့ အစွန်းတစ်ဖက် (ပ)ဗွီဒီယို

၁၉၈။ ချစ်သူကပြဋ္ဌာန်းတဲ့
ချစ်ခြင်းယဉ်ကျေးမှု (ပ)ဗွီဒီယို

၁၉၉။ စကားဝှက်တံခါး

၂၀၀။ ကိုယ့်ရင်ဘတ်ရဲ့တခြားအခြမ်း (အုပ် ၂၀၀ပြည့် အထူး)

၂၀၁။ စောင့်နေသူ

၂၀၂။ ချစ်သူကဖန်ဆင်းထုဆစ်ထားတဲ့ကျွန်မ

ယခု

၂၀၃။ ခမ်းနားစွာပြင်ဆင်ခင်းကျင်းထားသော
ဝဲဘက်ရင်ရဲ့တစ်နေရာ




www.burmeseclassic.com

www.burmeseclassic.com

## လူငယ်စာရေးသမားများသို့

ရည်မှန်းချက်ကြီးမားစွာထားရှိပြီး စာပေရေးသားခြင်းဖြင့်
အသက်မွေးမှုပြုလိုသော သွက်သွက်လက်လက်၊
ထက်ထက်မြက်မြက် အရည်အသွေးပြည့်မီသော ကိုယ်တိုင်ရေး
လူငယ်လက်သစ်စာရေးသမားများကို ရှာဖွေဖော်ထုတ်၍
နာမည်ရစာရေးဆရာများအဖြစ်သို့ ကြိုးပမ်းပို့ဆောင်ပေးသွားမည်
ဖြစ်ပါသောကြောင့် စာပေသိက္ခာရှိရှိဖြင့် စာပေရေးသားခြင်းကို
ချစ်မြတ်နိုး တန်ဖိုးထားသော ခေတ်ပညာတတ်
လူငယ်လက်စွမ်းထက်
စာရေးသမားများကို ဖိတ်ခေါ်ကြိုဆိုပါသည်။

တံခွန်တိုင်စာပေတိုက်



**မြည်လင်း** စီစဉ်ထုတ်ဝေသည်



*အချစ်ကာရောဂါတစ်မျိုးပါ*
*ဒါပေမယ့်...*
*ဒီရောဂါကိုတော့...*
*လူတိုင်း လိုချင်ကြတာယ်*

# ရာဇဝင်ကို

## ရည်းစားတစ်ခုလပ်များ

(တတိယမြောက် အချစ်၊ ဟာသ ခံစားမှုလုံးချင်းဝတ္ထုသစ်)

**တံခွန်တိုင်စာပေ**
၀၁ ၃၉၄၆၅၀
၀၉ ၇၃၀၆၉၈၂၂
၀၉ ၇၃၂၀၀၈၈၄

www.burmeseclassic.com